
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၁၃၇ /၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၈၅ /၂၀၀၃ (၉)

❋

**ပုံနှိပ်ခြင်း**

ဒုတိယ - (၂၀၀၄ ဖေဖော်ဝါရီလ)
အုပ်ရေ - (၅၀၀)

❋

မျက်နှာဖုံး - ဝင်းလွင်အောင်
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❋

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❋

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

❋

www.burmeseclassic.com

# MARIE CORRELLI

## မေရီကော်ရယ်လီ အထ္ထုပ္ပတ္တိ
## အကျဉ်းချုပ်နှင့် နိဒါန်း
## ၁၈၅၅–၁၉၂၄

ကမ္ဘာကျော် စာရေးဆရာကြီး 'မေရီကော်ရယ်လီ' သည် အင်္ဂလိပ်လူမျိုး စာရေးဆရာမကြီး တစ်ဦးဖြစ်၍ သက္ကရာဇ် ၁၈၅၅ ခုနှစ်တွင် မွေးဖွား၏။ သူ၏ဖခင်မှာ သီချင်းရေးဆရာနှင့် သတင်းစာဆရာကြီး ဒေါက်တာ မက်ကေးဖြစ်သည်။ ငယ်စဉ်က အထူးသဖြင့် ဂီတပညာနှင့် သီချင်းဘက်တွင် တတ်မြောက်စေရန် ရည်ရွယ်လျက် ပြင်သစ်သီလရှင်ကျောင်းတစ်ကျောင်းတွင် ပညာသင်ကြားစေခဲ့လေသည်။

အသက် ၃၀ ကျော်ခန့်အရွယ်တွင် ဝတ္ထုများကို စတင်ရေးသားခဲ့ရာ သက္ကရာဇ် ၁၈၆၆ ခုနှစ်တွင် 'ဗင်ဒက်တာ' ဝတ္ထုကို ရေးသားထုတ်ဝေလိုက်ခြင်းဖြင့် ရုတ်တရက် နာမည်ထင်ရှားကျော်ကြားလာလေသည်။

ထိုအချိန်မှစ၍ 'တယ်လမာ' 'အာဒက်သ်' 'ဘာရာဘာ' 'မိုက်တီး အက်တမ်' 'ဆော်ရီးအောဖ်ဆက်တန်' 'မာစတာခရာဇ်ရှင်း' 'ထဲရက်ချာ အောဖ်ဟက်ဗင်း' အစရှိသော ဝတ္ထုပေါင်းများစွာတို့ကို ၁၉၀၂ ခုနှစ်အထိ ရေးသားခဲ့၏။

သို့ရေးသားခဲ့ရာ ဆရာမကြီး၏ ဝတ္ထုစာသားများမှာ ချေငံမွေ့ လွယ်ကူရုံမျှမက စာဖတ်သူများအားလည်း တစိမ့်စိမ့်တွေး၍ အရသာခံစားနိုင်စေခြင်း၊ နက်နဲသော အတွေးအခေါ် ပေါ်ပေါက်စေခြင်း စေသည့် သတ္တိထူးများကို ပေးနိုင်စွမ်းရှိပေသည်။

www.burmeseclassic.com

ဆရာမကြီးသည် စာများကို နက်နဲလေးစားစွာ ရေးတတ်သည်ဟု စာပေ ဝေဖန်ရေးသမားများက ဝေဖန်ကြ၏။ ဝေဖန်သည့်အတိုင်းလည်း သူ၏အရေးအသားများမှာ အရသာတော်ပြည့်ဝ၍ သူမတူအောင် ထက်မြက်ပြောင်မြောက်လှပေသည်။

ဆရာမကြီး ဂျော်ရယ်လီ၏ ဝတ္ထုအချို့မှာ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာတရားတော်တွင် လူတို့အမြဲ စောင့်ထိန်းအပ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို ဇာတ်ကောင်များ၏ စိတ်ဓာတ်တွင်းသို့ သွတ်သွင်းကာ သရုပ်ဖော်ရေးသားတတ်သောကြောင့် မြန်မာဆန်ဆန် 'စာဟန်' ပါလှပေသည်။

ယင်းအချက်သည်ပင် သူ၏ဝတ္ထုများကို မြန်မာဘာသာသို့ ပြန်ဆိုရန် အဓိက လိုလားအပ်သော အချက်တစ်ခု ဖြစ်ပေသတည်း။

ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

# ၁

ခရစ်နှစ် ၁၉၀၁ ခန့်အချိန်က အင်္ဂလန်ပြည် လန်ဒန်မြို့ရှိ 'အောက်စဖို့' လမ်းမကြီးအနောက်ပိုင်း ရပ်ကွက်၌ အလွန်ထင်ရှား ကျော်စောသော 'ဟမ်ဆလီ' အမည်ရှိ ခမ်းနားကြီးကျယ်သည့် အိမ်ကြီးတစ်ဆောင် ရှိခဲ့လေသည်။

ထို 'ဟမ်ဆလီ' အိမ်ကြီးမှာ အခန်းပေါင်း ၃၀၀ ကျော်ရှိ၍ ဧည့်ခန်း ခန်းမဆောင်ကြီး၊ ဘောလ်ဒန့်ကပွဲဆင်နွဲရာခန်းမကြီး၊ တူရိယာနှင့်ပတ်သက်သည့် တီးမှုတ်ဖျော်ဖြေခန်းများ၊ အိပ်ခန်းများ၊ အဝတ်အစားထားရာအခန်းများ၊ ပစ္စည်းပစ္စယများထားရာ စတိုခန်းများ၊ ရေချိုးခန်းများ၊ အလှအပပြင်ဆင်ရာအခန်းများ၊ ပိဋကတ်တိုက်ခန်း၊ ထမင်းစားခန်းနှင့် ပန်းကန်ခွက်ယောက်ထားသည့် အခန်းများမှစ၍ များပြောင်လှစွာသော အခန်းများဖြင့် စီမံတည်ဆောက်ထားလေသည်။

၎င်းတိုက်ကြီးတွင် အထပ်ပေါင်း ၈ ထပ်ရှိ၍ အပေါ်ဆုံးအထပ် တိုက်ကတုံးပေါ်တွင် လှပစွာ စိုက်ပျိုးထားအပ်သော ပန်းဥယျာဉ်ငယ်လေးနှင့် လေညှင်းခံရန် လသာခန်းများကိုလည်း သူ့နေရာနှင့်သူ သန်းကြွယ်စွာ စနစ်တကျ စီစဉ်ဖန်တီး၍ထား၏။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ နာမည်ကျော် အိမ်ကြီးကို ကြီးစိုးအုပ်ချုပ်နေသူမှာ သူဌေးကြီး 'ဒေဗစ်ဟာမ်ဆလီ'၏ကိုတ္တိမသမီး 'လူစီဆော်ရယ်' ဆိုသူ မိန်းမပျိုကလေး ဖြစ်လေသည်။

လူစီမှာ ထိုအခါက ၁၈ နှစ်ပြည့်ရန် ရက်အနည်းငယ်မျှသာ လိုတော့သည့် အချိန်အခါဖြစ်၏။ ကမ္ဘာပေါ်တွင် အကြွယ်ဝအချမ်းသာဆုံး သူဌေးကြီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော သူဌေးကြီး၏ သမီးဖြစ်သည့်အပြင် ရုပ်ရည်အားဖြင့်လည်း မြင်သူငေးလောက်အောင် လှပချောမောသူတစ်ယောက် ဖြစ်သဖြင့်တစ်ကြောင်း၊ ယဉ်ကျေးသိမ်မွေ့ပြီးလျှင် စကားအပြောအဆိုမှာလည်း ယောကျ်ားတကာတို့အား ဆွဲဆောင်နိုင်သည့် ဟန်အမူအရာမျိုး ရှိသဖြင့်တစ်ကြောင်း အနီးပတ်ဝန်းကျင်နှင့် တကွ မြို့တော်ကြီးမှ ကာလသားများမှာ ၎င်းအား သူ့ထက်ငါ လာရောက်ပိုးပန်းလျက်ရှိကြ၏။

သူဌေးကြီး ဒေးဗစ်ဟာမ်ဆလီထံသို့ လူစီ ရောက်လာပုံမှာ အောက်ပါအတိုင်းဖြစ်၏။

လွန်ခဲ့သော ၁၀ နှစ် ၁၁ နှစ်ခန့်က လူစီသည် အင်္ဂလန်ပြည် အနောက်တောင်ပိုင်းဖြစ်သော ကွန်ဝေါလ်ခရိုင် ပါးလ်မောက်သဘော်ဆိပ်မြို့နှင့် မနီးမဝေး တောကျေးလက် တံငါရွာကလေးတစ်ရွာ အစွန်အနား ပင်လယ်ကမ်းပါးအနီးရှိ သဲခုံကြီးနံဘေးတွင် တံငါတဲကလေး တစ်ခုတွင် နေထိုင်ခဲ့ရ၏။ တစ်နေ့သ၌ လူစီသည် သဲခုံသောင်ယံပေါ်တွင် အမောတကော ပြေးခုန်ကစားပြီးနောက် ကလေးတို့ဘာဝ ပင်လယ်ကမ်းစပ်မှ ခရုခွံ၊ ခုံးခွံများကို တပွေ့ကြီးသယ်ယူကာ သီချင်းကျော်ကျော်ဖြင့် တဲကလေးဆီသို့ အပြန်တွင် ဖိုသီဖတ်သီ လမ်းလျှောက်၍လာသော လူကြီးတစ်ယောက်က လူစီအား လှမ်း၍နှုတ်ဆက်လိုက်ပြီးလျှင် စကား စတင်ပြောဆိုလေသည်။

www.burmeseclassic.com



ကြီး ။ ။ "ဟော့ကလေးမ မင်းနာမည် ဘယ်လို ခေါ်သလဲ ကွယ့်"

မ ။ ။ "ကျွန်မနာမည် လူစီပါ ရှင်"

"ဘယ်မှာနေသလဲ"

မနီးမဝေးရှိ တဲတစ်တဲကို လက်ညှိုးညွှန်လျက် –

"ဟိုတဲကလေးမှာ နေပါတယ်"

"အဖေ အမေရှိသလား"

"ရှိပါတယ် ဟိုမှာ ပိုက်လှမ်းနေတာ ဒက်ဒီပဲရှင့် ... မာမီက ထမင်းချက်နေပါတယ်"

"ကိုင်း ... ဒါဖြင့် မင်းတို့အိမ်သွားရအောင်"

"ဟုတ်ကဲ့"

လူစီသည် ခုန်ပေါက်ပြေးလွှားရင်း ဧည့်သည်ကြီးအား တဲဆီသို့ ခေါ်သွားလေ၏။ တဲသို့ရောက်သောအခါ လူစီသည် နောက်ဖေးခန်းဘက်သို့လှမ်း၍ "မာမီရေ ... ဟောဒီမှာ ဧည့်သည်တစ်ယောက်လာနေတယ်" ဟု ခေါ်လိုက်ပြီးလျှင် ဧည့်သည်ကြီးအား ကြိမ်ကုလားထိုင် တစ်လုံးကို ဆွဲထုတ်ပေး၏။

တဲကလေးမှာ အတွင်းဘက်တွင် ခပ်မှောင်မှောင် ရှိနေသဖြင့် လူစီသည် တံခါးပေါက်အနီး အလင်းရောင်ရသော နေရာတွင် ကုလားထိုင်ကိုချထားပြီးနောက် "ထိုင်ပါရှင်" ဟု ဧည့်သည်ကို ပြောခဲ့ပြီးနောက် သူ၏ဖခင်အား ခေါ်ရန် တဲအပြင်သို့ ခပ်သွက်သွက် ထွက်သွားလေ၏။

ကြီး ။ ။ "မင်းတို့အဖေ အလုပ်ပြီးမှ လာပါစေကွယ်။ မီးကို လာပါဦးကွယ့်။ တို့နှစ်ယောက်စကားပြောရင်း သူ့ကို စောင့်တာပေါ့"

စီ ။ ။ "ဟုတ်ကဲ့ ... ဟော ပြောရင်းဆိုရင်း ဒက်ဒီ လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောဆိုရင်း လူစီသည် ညွှ်သည်ကြီးအနီးသို့ ချဉ်းကပ်လာလေ၏။

ထိုဧည့်သည်ကြီးသည်ကား အခြားသူမဟုတ်၊ လန်ဒန်မြို့၌ အချမ်းသာဆုံး အကြွယ်ဝဆုံး သူဌေးကြီး ဒေးဗစ်ဟာပ်ဆလီ ဖြစ်လေသည်။ ထိုအခါ သူဌေး ကြီးမှာ အလုပ်ပင်ပန်းသဖြင့် အနားယူထားသော အချိန်ဖြစ်၏။ သူပိုင် ရွှေဒင်္ဂါး သန်းပေါင်းအတော်များခန့် အရင်းအနှီးဖြင့် 'ဂရိတ်အိ(စ)အင်း' နှင့် 'ဂရိတ်ဝက်(စ်)အင်း' ပင်လယ်ကူးသင်္ဘော ကုမ္ပဏီကြီးများ၊ မီးရထား ကုမ္ပဏီကြီးများ၊ ကျောက်မီးသွေးတွင်းများ၊ သံမဏိ တူးဖော်ရေး ကုမ္ပဏီကြီးများ၊ သံမဏိလုပ်ငန်းများ၊ အင်ဂျင်စက်ကိရိယာ ထုတ်လုပ်ရေး ကုမ္ပဏီကြီးများ၊ အင်္ဂလန်ဘဏ်တိုက်၊ စကော့တလန် ဘဏ်တိုက်၊ ကိုလိုနီဘဏ်တိုက် စသည့် ကုမ္ပဏီအလုပ်အကိုင်ကြီးတိုင်း လိုလို၌ပင် သူဌေးကြီး၏ အစုရှယ်ယာများ များစွာပါဝင်ခဲ့သဖြင့် တစ်နှစ် လျှင် ရွှေဒင်္ဂါး ၁၀ သန်းခန့် မြတ်စွန်းလျက်ရှိ၏။ ထို့အပြင် မရွှေ့မပြောင်း နိုင်သော ပစ္စည်းများဖြစ်သည့် တိုက်တာအိမ်ယာ အဆောက်အဦများနှင့် ကုန်တိုက်ခွဲများမှာ အင်္ဂလန်၊ စကော့တလန်၊ ကနေဒါ၊ တောင်အာဖရိက၊ ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန် ပြည်ထောင်စုအစ ရှိသော နိုင်ငံ မြို့ကြီးပြကြီးများနှင့် သင်္ဘောဆိပ်ကမ်းမြို့ကြီးများတွင် အနှံ့အပြားရှိကြ ၍ ယင်းတို့အားလုံး၏ စုစုပေါင်းတန်ဖိုးငွေမှာ ခန့်မှန်းခြေ ရွှေဒင်္ဂါး ကုဋေ (၁၀၀) ခန့် ရှိလေသည်။

သူဌေးကြီး၏ ဖခင်မှာ တောင်အမေရိကတိုက် ဘရာဇီးပြည် 'ရိုင်အိုဒီဂျနီရိုး' မြို့ဖြစ်၍ မျိုးရိုးအစဉ်အဆက်အားဖြင့်လည်း အင်္ဂလိပ် လူမျိုးအစစ် ဖြစ်လေသည်။ သူဌေးကြီး၏ဖခင်မှာ သမုဒ္ဒရာ သင်္ဘောတစ် စင်းတွင် ကပ္ပတိန်ကြီးတစ်ဦးဖြစ်ခဲ့၍ ဖခင်ကြီးဂုဏ်သတင်းနှင့် ပတ်ဝန်း ကျင်ကို အမှီပြုကာ ပင်လယ်ကူးသင်္ဘောကြီးများနှင့် ဆက်စပ်မှု ရရှိပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်အစုရှယ်ယာ အမြောက်အမြား ဝယ်ယူခဲ့၏။ ထိုအခါက အမေရိကန်နှင့် ဥရောပတိုက် ရောင်းဝယ်ရေးမှာ လွန်စွာပင် အဆင်ပြေလျက် ရှိလေရာ သူဌေးကြီးမှာ လာဘ်မြင်သူတစ်ယောက် ဖြစ်သည့်အတိုင်း 'ကံ' ကလည်းတိုက် ဉာဏ်ကလည်းလိုက်' ဆိုသကဲ့သို့ စိတ်ထင်တိုင်း ပေါက်ရောက်ခဲ့၏။ ဤသို့ဖြင့် ငါးဝေါသောနေရာတွင် ငါးများကို အလွယ်တကူ သဲ့ယူသည့်အလား မကုန်နိုင် မခမ်းနိုင်အောင် ပစ္စည်းဥစ္စာများ ရရှိခဲ့လေသည်။ သို့ဖြင့်လည်း အသက် ၃၅ နှစ်ခန့်အရွယ်တွင် မီလျံနာ ခေါ် သူဌေးကြီးဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့လေသည်။ သူဌေးကြီး၏အိမ်ထောင်သည် ဇနီးဖြစ်သူမှာလည်း သူဌေးကြီးကဲ့သို့ အင်္ဂလိပ်လူမျိုးအစစ်ဖြစ်၍ တောင်အမေရိက ဇာတိပင်ဖြစ်၏။ ဇနီးမောင်နှံတို့သည် ယခင်က နိုင်ငံအသီးသီးတွင် အလုပ်အကိုင် အခြေအနေအရ လှည့်လည်နေထိုင်ခဲ့ကြသော်လည်း မီလျံနာအဖြစ်သို့ ရောက်ရှိလာသောအခါ ကမ္ဘာ့ဈေးကွက်ကို ချိန်ဆနိုင်သော လန်ဒန်ရွှေမြို့တော်တွင် အတည်တကျ နေထိုင်ကြလေတော့၏။

သူဌေးကြီး အသက် ၄၀ ကျော်ခန့်တွင် သမီးကလေးတစ်ယောက် ဖွားမြင်ထွန်းကားခဲ့ရာ ၎င်းအား 'လူစီ' ဟု အမည်ပေးခဲ့၏။ လူစီမှာ ဖြူဖြူဖွေးဖွေး ရေဆေးငါးကလေးကဲ့သို့ ချောမောလှပပြီးလျှင် ၅ နှစ် ၆ နှစ်ခန့်ရှိ သောအခါ 'နှုတ်ရေးစကားတတ်' ဖျတ်လတ်သွက်လက်သူကလေးဖြစ်သည့်ပြင် စကားပြောဆိုရာ၌လည်း ချက်ကျလက်ကျ ပြောဆိုတတ်သဖြင့် ဖခင်ကြီး၏ အသည်းစွဲ ဖြစ်လာတော့၏။ သို့ဖြင့်လည်း မိခင်ဖခင်တို့မှာ လူစီအား မျက်စိအောက်မှ အပျောက်မခံနိုင်ဘဲ အရိပ်တကြည့်ကြည့် ရှိကြကုန်၏။

သို့သော် ကံတရားတို့မည်သည် ထူးဆန်းလှပေ၏။ လူစီ အသက် ၇ နှစ်ရှိသောအခါ တစ်နေ့တွင် ရုတ်တရက် နေမကောင်းဖြစ်လာရာ နာရီပိုင်းအတွင်း၌ပင် ဆရာဝန်ကြီးများ ရောက်လာ၍ စမ်းသပ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုကြသောအခါ သာမန် အဖျားမဟုတ်ဘဲ ပလိပ်ရောဂါဖြစ်ကြောင်း တွေ့ကြရ၏။ ထိုအခါ မိဘများမှာ ယယ်ထိပ်တွင် မြွေကိုက်သကဲ့သို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ မြို့ပေါ်ရှိ အကောင်းဆုံး ဆရာဝန်ကြီး များကို ခေါ်ယူပြီးလျှင် ကြပ်မတ်ကုသကြကုန်၏။ ကူးစက်တတ်သော ရောဂါဖြစ်သဖြင့်လည်း မိဘများကိုပင် အနီးသို့ မချဉ်းကပ်စေဘဲ ကုသ ကြလေသည်။ သို့သော် မိခင်ဖြစ်သူမှာ အသက်မကချစ်ခင်သော သမီး ကလေးအနီးသို့မကပ်ဘဲ မနေနိုင်ရှာသဖြင့် ဆရာဝန်ကြီးများလစ်သည် နှင့် တစ်ပြိုင်နက် ရသမျှအချိန်ကလေးတွင် သမီးအား ပွေ့ပိုက်ပြုစုယုယ ရှာ၏။ ဤသို့ဖြင့် မိခင်ကြီးမှာ ၃ ရက်မြောက်သောနေ့တွင် အပြင်းဖျား လျက် ပလိပ်ရောဂါ ကူးစက်ဝင်ရောက်လာတော့၏။

သမားတော်ကြီးများမှာ အကောင်းဆုံးသော ဆေးဝါးများဖြင့် ဝေဒနာသည် သားအမိနှစ်ယောက်တို့အား အစွမ်းကုန်အားထုတ်ကုသကြ သော်လည်း ရောဂါမှာ တစ်မိနစ်ထက် တစ်မိနစ်၊ တစ်နာရီထက် တစ် နာရီတိုး၍သာလာလျက် ၅ ရက်မြောက်သောနေ့တွင် လူစီသည် သတိ လစ်၍ သွားရာမှ တစ်ခါတည်း အသက်ပါ၍ သွားလေတော့၏။ နာရီပိုင်း အတွင်း၌ပင် မိခင်ကြီးသည်လည်း သမီးနောက်သို့ ကောက်ကောက်ပါ အောင် လိုက်ပါသွားရရှာပြန်လေသည်။ ဤသို့ဖြင့် သားအမိနှစ်ယောက် တို့မှာ သူဌေးကြီးအား စွန့်ခွာကာ သေရွာသို့ မြန်းကြလေတော့၏။

ထိုအခါ သူဌေးကြီးမှာ မိမိကိုယ်ကိုမိမိ ဆောက်တည်ရာမရ တော့ဘဲ သတိလစ်ကာ မတ်တတ်မှ လဲကျသွားလေရာ (၇) ရက်ကြာ သောအခါမှ ဆရာဝန်ကြီးများ အပြုအစု ကောင်းသောကြောင့်သာ သတိ ပြန်၍ လည်လာတော့၏။ သို့သော် အိပ်ရာမှ မထနိုင်တော့ဘဲ ဗုန်းဗုန်းလဲ ရရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဆရာဝန်ကြီးများသည် မယားနှင့် သမီးကလေးအတွက် အသည်းကွဲ၍ နေရှာသူ လူမမာသူဌေးကြီးအား မည်သူနှင့်မျှ တွေ့ခွင့်မပေးဘဲ အခန်းထဲ၌သာနေစေပြီးလျှင် အင်အားဖြည့်တင်းနိုင်သည့် အစာအာဟာရများနှင့်စာကွ ဆေးဝါးများကိုပေးကာ နေ့ရောညဥ့်ပါ ဂရုတစိုက်ကြပ်မတ်ကုသကြလေရာ၊ ၃ လခန့် ကြာသောအခါမှ ထူထူထောင်ထောင်ဖြစ်၍လာခဲ့လေသည်။

ထိုအခါ ဆရာဝန်ကြီးများက သူဌေးကြီးအား အလုပ်အကိုင်နှင့်ဆက်သက်၍ စဉ်းစားစိတ်ကူးရန်ပင် ခွင့်မပေးဘဲ ရာသီဥတုပူနွေး၍ ပင်လယ်လေ တဖြူးဖြူး တိုက်ခတ်လျက်ရှိသော အင်္ဂလန်ပြည် တောင်ဘက်ကမ်းခြေရှိ တောင်ကုန်းတောင်ပူစာများပေါ်သော 'ကွန်းဝေါလ်' ပင်လယ်ကမ်းစပ်သို့ ၂ လ ၃ လ ပင်လယ်လေညှင်းခံရင်း အနားယူရန် အကြံပေးညွှန်ကြားသဖြင့် ဤနေရာသို့ ရောက်လာခဲ့ခြင်းဖြစ်၏။

သူဌေးကြီးသည် ပင်လယ်ကမ်းစပ်ရှိ သဲသောင်များတွင် လမ်းလျှောက်ရင်း ဤကဲ့သို့ မိမိ၏သမီးအရင်းနှင့် အသက်အရွယ် မတိမ်းမယိမ်း 'လူစီ' လေးနှင့် တွေ့ဆုံခြင်း ဖြစ်လေသည်။

တံငါသည်ကြီး၏သမီး လူစီလေးမှာ မိမိ၏သမီးရင်း ကွယ်လွန်သူ လူစီကလေးနှင့် နာမည်ချင်းတူရုံသာမက၊ ရုပ်ရည်ရူပကာယနှင့်အတူ ကိုယ်ဟန်အနေအထား အချက်ကျကျစကားပြောတတ်ပုံ၊ သွက်သွက်ဖျတ်လတ်ပုံ၊ ရှိုးတိုးရှန့်တန့်မရှိဘဲ ရိုရင့်ပုံမှစ၍ တူညီလှသောကြောင့် ယင်းမိန်းကလေးအား ကိတ္တိမသမီး အဖြစ်မွေးစားရန် တစ်ခါတည်း စိတ်ကို ဆုံးဖြတ်လိုက်လေသည်။

ဤသို့ဖြင့် ကိတ္တိမသမီးကလေးလူစီအား ၎င်း၏မိဘများနှင့်အတူ မြို့တော်သို့ တစ်ခါတည်း အပါခေါ်ခဲ့ပြီးလျှင် အိမ်တော်သို့တင်သာ သမီးချောကလေးအား အရေးပေး ချီးမြှောက်ခဲ့လေသည်။ လူစီ၏

www.burmeseclassic.com

www.burmeseclassic.com



မိဘများကိုလည်း သီးခြားတိုက်တစ်တိုက်ပေး၍ နေစေပြီးလျှင် ၎င်းတို့အတွက် လုပ်ငန်းတစ်ခုကိုလည်း ဖွင့်ပေးထား၏။

ဤသို့ဖြင့် သူဌေးကြီး၏ ကိတ္တိမသမီး 'လူစီဆော်ရယ်' သည် အထပ်ရှစ်ထပ်ရှိသောအိမ်ကြီးကို စိုးမိုးကာ ကြွားကြွားဝင့်ဝင့် နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

*

သမီးချောကလေး ရောက်လာသည့်အချိန်မှစ၍ သူဌေးကြီးသည် မိမိ၏ စီးပွားရေးကိစ္စလုပ်ငန်းဆောင်တာများကို ကိုယ်ထိလက်ရောက် မလုပ်တော့ဘဲ မိမိအလွန်ယုံကြည်စိတ်ချရသော ဘဏ္ဍာစိုးမစ္စတာ 'ဂျော့တင်ပယ်' နှင့် လွှတ်တော်တရားဌာနချုပ်ဝတ်လုံတော်ရကြီး 'ဆာဂျွန်ဗင်တစ်' တို့အား လွှဲအပ်ထားပြီးလျှင် အနားယူအပန်းဖြေရင်း သမီးလေးလူစီနှင့်သာ အချိန်ကုန်ခဲ့လေ၏။ သမီးအရင်းပင် မရှိသော်လည်း သမီးကလေးတစ်ယောက် အစားရပြီဖြစ်၍ ယခင်ကအကြောင်းများကို မေ့ပျောက်သွားလုမတတ်ဖြစ်ကာ တစ်အိမ်တည်း စား,အတူ၊ အိပ်,အတူ၊ အတူနေ,အတူသွားဖြင့် ဘဏ္ဍာစိုးကြီးမှလွဲ၍ မည်သည့်ဧည့်သောင်ကိုမှ အတွေ့မခံဘဲ သမီးကလေးအား အရိပ်တကြည့်ကြည့်ဖြင့် ချမ်းမြေ့သာယာစွာ နေထိုင်ခဲ့လေသည်။

ထိုအခါက လူစီမှာ ၇ နှစ်အရွယ်မျှသာရှိသေး၍ ပြေးရင်းလွှားရင်း၊ ဆော့ရင်းမော့ရင်း အထိန်းတော်အချိတော်များလက်ပေါ်တွင် အယုအယခံကာ တဖြည်းဖြည်း ကြီးပြင်းလာခဲ့၏။ သူဌေးကြီးကလည်း လူစီအား မျက်စိအောက်မှ အပျောက်မခံဘဲ တယုတယ ကျွေးမွေး သင်ကြားလာခဲ့ရာ၊ နောက်ဆုံး ၁၄ နှစ် အရွယ်သို့ရောက်ရှိလာတော့၏။ ထိုအခါ သူဌေးကြီးသည် အိမ်ကြီးကိုပါ လူစီအား လွှဲအပ်ထားပြီးလျှင် မိမိမှာ ညဉ့်အိပ်ရာသို့ မဝင်မီနာရီဝက်ခန့်မျှ လူစီနှင့်အတူ အားတန် အဖျော်ယ

www.burmeseclassic.com



ဘာများကို သုံးဆောင်ရင်း ကွယ်လွန်သူ ဇနီးနှင့် သမီးတို့ကို အလွမ်းဖြေလေ့ရှိ၏။

သူဌေးကြီးကား အိမ်ထောင်သစ်မပြုတော့ချေ။ မည်သူ့အားမျှ လက်မခံ၊ မည်သည့်ချည်သည်ကိုမျှ တွေ့ခွင့်ပေးဘဲ တရားအား ထုတ်နေသော ရသေ့ရဟန်းကဲ့သို့ လောကကြီးတစ်ခုလုံးကို မုန်းတီးသည့်သဖွယ် အေးချမ်းစွာ ထီးထီး နေထိုင်ခဲ့လေ၏။ သို့နှင့် သူဌေးကြီးအား မိမိ၏ ရုပ်ဆင်းရူပကာကို ဘန်းပြမြူဆွယ်လျက် သူဌေးကြီး၏ စည်းစိမ်ဥစ္စာကို 'ချိုင်' လိုသော အပျိုအအို၊ တစ်ခုလပ်၊ မုဆိုးမ မကျန် အထက်တန်းလွှာမှ 'မ' သတ္တဝါများသည် သူဌေးကြီးအနီးသို့ ချဉ်းကပ်ရန် အခွင့်အရေးမရသောအခါ သူဌေးကြီးထံသို့ ကိုယ်တိုင်ပေါက်ရောက်သော ဝတ်လုံတော်ရကြီးဆာဂျွန်အိမ်သို့ဗင် လာရောက်ကြပြီးနောက် သူတစ်မျိုး ငါတစ်ဖုံ အမျိုးမျိုး ဒုက္ခပေးလျက်ရှိကြကုန်၏။ ဆာဂျွန်မှတစ်ဆင့် သူဌေးကြီးနှင့် ကိုယ်တိုင်တွေ့ရန် သူ့ထက်ငါ ပိုးပန်းကြံစည်လျက် ရှိကြကုန်၏။

ဝတ်လုံတော်ရကြီး ဆာဂျွန်ဗင်တစ်သည် မိန်းမများစကားကို နားပူ၍လာသည်နှင့် တစ်နေ့တွင် သူဌေးကြီးထံသို့ သွားရောက်ကာ ဇယားအသစ်ရလျှင်လည်း ရစေတော့ဟု စကားစလေ၏။

ဆာဂျွန်။ ။ "အိုင်ဆေး ... ဒေးဗစ် ... ကိုယ့်လူလည်း အပူဇာတ်သိမ်းဖို့ တော်ပြီထင်တယ်"

ဌေး ။ ။ "အင်း ... မင်းပြောတာတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ ငါက ငါ့စိတ်ကို ငါမနိုင်ဘူးကွယ်။ ဒါကြောင့် ငါ့ကိုယ်ငါ လက်လွှတ်ထားချင်တယ်။ လောကမှာ ... ငါ ဘာမှ ဂရုမစိုက်တော့ဘူး"

"မင်းလည်း မသိမဟုတ်ဘူး။ အသိသားပဲ ... တရားပျော်တာတော့ မဟုတ်ဘူးပေါ့ကွယ်။ သခင်ယေရှုဟာ လက်ဝါးကပ်တိုင်ပေါ်မှာ ဦးညွှတ်တော် ချုပ်သွားတယ် မဟုတ်လား။ သေခြင်းတရားဆိုတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူမှ လွန်ဆန်နိုင်တာ မဟုတ်ဘူး။ ပုပ္ပါးရွှ မင်းတို့ ငါတို့ကစပြီး မြင်မြင်သမျှ သတ္တဝါတွေဟာ သေမြဲပဲ မဟုတ်သားကွယ်။ သေသွားတဲ့ လူများအတွက် ရည်စူးပြီးအလှူဒါနတွေလည်း မင်းစိတ်ရှိသလိုလုပ်ခဲ့ရပြီ။ ကိုယ့်အရေး၊ ကျန်းမာရေး၊ နေရေး၊ ထိုင်ရေးနဲ့ မသေခင် လူ့ဘဝမှာ စခန်းသွားဖို့က ရှိသေးတယ်။ အခု ကိုယ့်လူမှာ သမီးစားရနေပြီဖြစ်လို့ သမီးအတွက်တော့ အတော်ကလေးစိတ်အေးရပြီ။ ဒီတော့ မယားစားလည်း ရပေစေပေါ့ကွယ်"

"ဟာ ... သူငယ်ချင်း ဒီကောင်မတွေက ငါ့ကိုချစ်မှာ မဟုတ်ဘူး။ ငါ့ ရွှေဒင်္ဂါးတွေကို ချစ်မယ့်ကောင်မတွေကွယ့် သိလား"

"အောင်မယ်လေး၊ မင်းကို ချစ်လွန်းလို့ဆရာရေ့။ ကျွန်တော်မျိုး အိမ်ကြွလာကြပြီး အချိန်ရသမျှ ငါ ရုံးကအပြန်အိမ်ပေါက်ဝက စောင့်လို စောင့်၊ အိမ်ထောင့်နားမှာ လာတွေ့လိုတွေ့၊ တိုးတိုးတိတ်တိတ်နဲ့ လက်သိပ်ထိုးပြောသူကပြော၊ အပြိုင်အဆိုင်တွေကလည်း တယ်ပေါတာကိုးကွယ့်။ ဒီအထဲမယ် ရှင်က နေရာကျအောင် ကျွန်မသမီးနဲ့ ဖန်တီးပေးပါတဲ့ စကော့တလန်က 'လိပ်(ခ)ဗျူး' ဆိုတဲ့ ရဲတိုက်ကို လက်ဆောင်တင်ပါမယ်လို့ လာပြောတဲ့လူတွေက ပြောနေတယ်"

"အဲဒါကြောင့် ငါမပြောဘူးလား။ ဆုံးသွားတဲ့ ငါ့ဇနီးဟာ ငါ ဆင်းရဲတုန်းက ငါ့ကို ချစ်ခဲ့တယ်ကွယ့်။ ငါ ဒီလို သူဌေးဖြစ်လိမ့်မယ်လို့ ဘယ်တော့မှ သူမမျှော်လင့်ခဲ့ဘူး။ ငါက မင်းသိတဲ့အတိုင်း သင်္ဘောကပ္ပတိန်ရဲ့သား သူက မြို့စားကြီးရဲ့သမီး၊ ငါ့ကိုယူလို့ သူ့မိဘတွေက အမွေဖြတ်လိုက်တယ်လေ။ အဲဒီမယားကတော့ ငါမှငါ ဘဝပဲဖြစ်ဖြစ် ဓွတ်နှစ်ပြီး ငါ့နောက်ကို လိုက်ခဲ့ရှာတယ်။ မင်း ခုတင်ကပြောတဲ့ လိပ်(ခ)ဗျူးမယ် ငါတို့လင်မယား သားအမိ သားအဖတစ်တွေ စိုင်းသွပြီးနေမယ်လို့ 'လော့(ခ)လမွန်' ရေအိုင်ကြီးနားမှာ အင်မတန် လှပသပ်ရပ်တဲ့ ရဲတိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဆောက်လို့ မပြီးတပြီးမှာ ဖေနီးနဲ့ သမီးဟာ ငါ့ကို ပစ်ထားခဲ့ပြီး သမင်းနောက်ကို လိုက်သွားကြတာ ငါ အသည်းနာလွန်းလို့ကွယ် သူငယ်ချင်းရယ် ... ငါ ဆင်းရဲတုန်းကတော့ ပိုက်ဆံချမ်းသာရင် စိတ်အေးချမ်းသာပြီး သုခတရားရမှာပဲလို့ ထင်ခဲ့မိတယ်ကွယ်။ အဲဒီတော့ ထင်တိုင်း အလုပ်လုပ် လုပ်တိုင်းလည်း ပစ္စည်းဖြစ်၊ ခုတော့မှ ... သူငယ်ချင်း စိတ်ချမ်းသာတာနဲ့ ပစ္စည်းဥစ္စာ ကြွယ်ဝတာနဲ့ တခြားစီပါကလားလို့ ငါ သိတော့တယ်။ ဒီစည်းစိမ်ကြီးနဲ့ ပစ္စည်းဥစ္စာတွေဟာ ငါ့ကို ချမ်းသာအောင် မလုပ်နိုင်ဘူးဆိုတာ ခုတော့လက်တွေ့သိပြီဟေ့။ ငါ့ဘဝအကျိုးပေးကတော့ ကြီးစားလေသမျှ အချည်းနှီးပဲ သူငယ်ချင်း"

သူဌေးကြီး၏ စကားများမှာ ကြားမဝင်နိုင်ဘဲ တရားသံဝေဂသံ ပါလှသဖြင့် သူဌေးကြီးအား မယားယူရန် နားချဖို့သွားသော ဆာဂျွန်သည်ပင် ရှေ့သို့မတိုးဝံ့ဘဲ တပ်လန်၍ပြန်ခဲ့ရတော့၏။

သို့နှင့် ဆာဂျွန်မှာ သူဌေးကြီးအား ပိုးပန်းရန် လာကြသူ မိန်းမတစ်သိုက်ကို အထိုက်အလိုက်ပြောဆိုကာ တိမ်းရှောင်၍ နေရတော့၏။ ထို 'မ' သတ္တဝါများသည်လည်း နယ်နယ်ရရ မဟုတ်။ သူဌေးသူကြွယ်များ၊ ကုန်သည်ကြီးများ၊ မင်းကတော် စိုးကတော်ကျများနှင့် အချို့ မင်းဆွေမျိုးများပင် ပါဝင်လေသည်။

ဤသို့ဖြင့် အချိန်သည် တဖြည်းဖြည်း ကုန်လွန်လာခဲ့ရာ သူဌေးကြီး၏ သမီးလူစီမှာ အရွယ်ရောက်လာလျက် ၁၈ နှစ်ပြည့်ရန် လပိုင်းမျှသာ လိုတော့၏။ လူစီမှာ မြီးပေါက်အရွယ်မှ အပျိုကြီးဖားဖား ဖြစ်၍ သာပြီဖြစ်ရာ ပင်ကိုယ်ချောလည်းဖြစ်ပြန် သူဌေးကြီး၏ တစ်ဦးတည်းသမီးဟူသဖြင့် ဂုဏ်အင်္ဂါအခြေအနေနှင့်လည်း ပြည့်စုံပြန်ဖြစ်ရကား လူပျိုပေါက်စမှစ၍ လူပျိုသိုးလူပျိုဟိုင်းများပါမကျန် မွေးကြိုင်သော ပန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်တို ဝိုင်းအုံရစ်သန်း၍နေသော များပိတုန်းများကဲ့သို့ လူစီအား ကာလသားများ ဝိုင်းအုံပိုးပန်းလျက် ရှိကြတော့၏။

မိန်းမတို့မည်သည် မိမိတို့ကိုယ်ရေးမဟုတ်ဘဲ အခြားသူများ၏အရေးပင် ဖြစ်စေကာမူ ဝင်ရောက်စွက်ဖက်လိုက်သော သဘောဆန္ဒရှိကြသည့်အတိုင်း တစ်အိမ်မှတစ်အိမ်သို့ ကူးပြောင်းကာ အတင်းစကားအဖျင်းစကားများကို ပြောတတ်ကြကုန်၏။ မျက်နှာကြီး သူဌေးသူကြွယ်အထက်တန်းလွှာများ၌ အချို့မှာ 'မစားရသည့်အမဲသဲနှင့် ပက်' ဆိုသကဲ့သို့လည်းကောင်း၊ အချို့လည်း မျက်နှာလုပ်လိုသဖြင့်လည်းကောင်း၊ အချို့လည်း လာဘ်သပ်ပကာကို မျှော်ကိုး၍လည်းကောင်း၊ သာ၍ပင်စကားရောင်း စကားဝယ် ပေါ်များလှတော့၏။ သို့နှင့် တစ်နေ့တွင် မိန်းမတစ်ယောက်သည် လူစီဆော်ရယ်၏ မိခင်မစ္စစ်ဆော်ရယ်တိုက်သို့ သွားရောက်ကာ သားရေးသမီးရေးမှစ၍ စကားရောင်းစကားဝယ် စကားဖောက်သယ်ချလျက် ရှိနေတော့၏။

မ ။ ။ "ညည်းမှာလည်းအေ နေနိုင်ရန်ကော တို့များတီးပါတီကိုဘာဖြစ်လို့ မလာသလဲအေ။ ဩော် ... ဩော် သိပါပြီ သိပါပြီ။ သမီးချောက ၁၈ နှစ် ပြည့်ခါနီးတော့ သူဌေးကတော် အကျော်အမော်ဖြစ်တော့မှာကိုး။ ဒါကြောင့် အလုပ်ရှုပ်နေတာနဲ့ တူပါရဲ့"

မစ္စစ်ဆော်ရယ်က မျက်နှာပျက်လျက် -

"မဟုတ်တာ ရှင်ကြဲကြဲစီစီ"

မ ။ ။ "ရှင် သိပ်ရိုးတာပဲ၊ ဘာမှ အကင်းမပါးဘူး။ နားထောင်ရှင် ကျွန်မ ပြောမယ်။ တစ်နေ့က သူဌေးကြီးနဲ့ ဆာဂျွန်နဲ့ သမီးတော်အတွက် တိုင်ပင်ကြတယ်ဆိုပဲ။ ၁၈ နှစ်ပြည့်ပြီးရင် စလေ့တလန်ကိုသွား လက်ထပ်ပြီး ဟန်းနီးမွန်းကို တောင်အမေရိကမှာ လုပ်မယ်တဲ့။ ဘိလပ်မှာ လုပ်မှာမဟုတ်ဘူးရှင့်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ အားနာ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွေ မျက်နှာပူစရာတွေ ရှိတယ် မဟုတ်လား။ ဒီတော့ သိပ်ရှိုးလည်း မနေနဲ့၊ အမေလုပ်တဲ့လူက သမီးလည်း နားချထားဦး။ ကျွန်မက အတွင်းသိ ခင်မင်လို့ ပြောတယ်နော်"

ရယ် ။ ။ "ဒါတော့ သမီးသဘောတစ်ခုပါပဲရှင်။ ကျွန်မ ရှက်ပါဘူး။ ကျွန်မတို့မှာ အငတ်ငတ် အပြတ်ပြတ်နဲ့ တံငါဘဝက သူဌေးကြီးနဲ့ ကံဆုံလို့ တွေ့ရပြီး အခု သူကြွယ်ဘဝကို ကျွန်မတို့ ရောက်ခဲ့ကြရတယ်။ ပြီးတော့ သူ့ ရွှေမြို့တော်ရောက်လာပြီး အခုလို ထည်ထည် ဝါဝါနေနိုင်တာလည်း သူ့ကျေးဇူးပဲ မဟုတ်လား။ ဘာပဲပြောပြော သူဌေး ကြီးဟာ ကျွန်မတို့ရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲရှင်"

မ ။ ။ "ရှင်က သမီးသဘောချည်းလုပ်မနေနဲ့၊ လူကြီးက လည်း လမ်းပြရသေးတယ်ရှင့်။ ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ ဘောလ်ဒန့် လုပ်ဖို့ သူတို့စီမံထားတယ်။ ကျွန်မတို့လည်း လာမှာပါပဲ။ အဲဒီညမှာ သူဌေးကြီးကစပြီး ပြောချင် ပြောလိမ့်မယ်။ သတိထားနော် ... အခွင့် ကောင်းကို လက်မလွတ်စေနဲ့။ ကိုင်း ... ကိုင်း ... သွားမယ်။ နောက် ကောင်းစား ရင်သာ ကျွန်မတို့ကို မမေ့ပါနဲ့"

၉

www.burmeseclassic.com

www.burmeseclassic.com

၂

မစ္စက်ဆော်ရယ်သည် သမီးချောလူစီအား မိမိတိုက်သို့ အမြန်ခေါ်ယူပြီးလျှင် ထိုမိန်းမဖော်ကိသည်ချသည့် စကားနှင့်တကွ အကြံဉာဏ်ပေးသွားပုံများကို လူစီအား လုံးစေ့ပတ်စေ့ ပြန်ပြောလျက်ရှိလေ၏။

"ဒီမှာ မာမီရဲ့ သမီးပြောတာလည်း စဉ်းစားပါဦး။ ကျွန်မ အသက် ၁၈ နှစ်ထဲကို ဝင်ကာစတုန်းက ဒက်ဒီက ဒီလို ပြောဖူးတယ်။ လူဆိုတာ ပန်းပင်များလိုပဲတဲ့။ ပွင့်ချိန်တန်ရင်ရင်ပွင့်မှ သီးချိန်တန်ရင်ရင်သီးမှ သဘာဝနဲ့ ညီတယ်တဲ့။ သဘောဝကို ဆန့်ကျင်အောင် လုပ်တဲ့လူများဟာ သတာဝရဲ့ ဒဏ်ချက်ကို မရှုမလှခံကြရတယ်တဲ့။ ဒါကြောင့် သမီးလည်း ရှက်ကြောက်နေစရာ မဟုတ်ဘူး။ သမီး ကိုယ်တိုင်တကယ်ချစ်ခင်နှစ်သက်တဲ့လူ၊ သမီးကို သေတစ်ပန်သက်ဆုံး ပေါင်းသင်းဆက်ဆံပြီး ပျော်ရွှင်မှုပေးနိုင်မယ့်လူကိုသာ သမီးကိုယ်တိုင် ရွေးချယ်ပါ၊ ပစ္စည်းဥစ္စာပေါတာ ပညာတတ်တာတွေဟာ ပဓာန မဟုတ်ဘူး။ ငါ့သမီးနဲ့ တစ်သက်လုံး အတူတကွနေနိုင်မယ့် လူကိုသာ သမီးကိုယ်တိုင် ရွေးဖို့ပဲ။ ဒီကိစ္စမှာ ဒက်ဒီဝင်ပြီး မစွက်ဖက်လိုဘူး။ ပစ္စည်းဥစ္စာဆိုတာကတော့ သမီးတစ်သက်လုံး စားလို့ မကုန်နိုင်ပါဘူးလို့ ပြောတယ် မာမီရဲ့"

www.burmeseclassic.com



ရယ် ။ ။ "အင်း ... သမီးကို အရွေးခိုင်းတာကလည်း သူပြုံးရွှင်တဲ့ ကျေးဇူးတရားတွေကို ထောက်ထားလိမ့်မယ် အထင်နဲ့ ပြောတာကိုးကွယ့်"

"အို ... မာမီကလည်း ရှေ့လောမကြီးပါနဲ့ဦး။ သမီးပြောတာ စဉ်းစားပါဦး။ ဒီလိုမာမီရဲ့ ... ဒီလို ... ဒီလို ... ကျွန်မအသက် ၇ နှစ်လောက်တုန်းက သမီးတို့ဟာ တံငါရွာကလေးမှာ ဆင်းဆင်းရဲရဲ နေခဲ့ကြရတာတွေ သမီး မမေ့ပါဘူး။ ကော်ဖီမှာ တစ်ခါတလေ နွားနို့တောင် မထည့်နိုင်တဲ့အခါ မထည့်နိုင်ဘူး။ ပေါင်မုန့်ဆိုတာလည်း လေး ငါး ခြောက်ရက်၊ ရက်လွန်နေတဲ့ ပေါင်မုန့်ခြောက်ကြီးတွေ စားခဲ့ရတယ် မဟုတ်လား။ လူတွေကလည်း ကျွန်မတို့ကို လူရယ်လို့ စာရင်းမသွင်းခဲ့ဘူး။ ဒီဟာတွေ ကျွန်မ သိပါတယ်။ အခု သမီး အသက်နည်းနည်းကြီးလာတော့လည်း အမှုမဲ့ အမှတ်မဲ့နေတာ မဟုတ်ပါဘူး။ ဘယ်ဟာမျိုးမဆို အကဲခတ်နေပါတယ် မာမီရဲ့။ ဒက်ဒီဟာ တကယ့်သူတော်ကောင်းကြီးပါ မာမီ။ သူ ပထမ ကျွန်မတို့နဲ့တွေ့စအဲချိန်က ကျွန်မကိုကြည့်ရှုခဲ့တဲ့ မျက်လုံးဟာ အခုထက်ထိ အမူအရာ မပြောင်းဘူး မာမီ။ ဟိုတုန်းက ဒီဂရီအတိုင်းပဲ။ တကယ် ဖြူစင်တဲ့ မေတ္တာမျက်လုံးပါပဲ။ ကျွန်မ မတွေ့ဆုံခဲ့ဖူးတဲ့ တခြား သူစိမ်းပြင်ပြင် ယောကျာ်းကြီးငယ်တွေဟာ သူတို့ရဲ့ မျက်လုံးကြည့်ပုံ အမူအရာ ပြောင်းပြောင်းလာတာ တွေ့ရတယ် ... မာမီရဲ့"

"ငါက ညည်းတို့လို 'ဘီအေ' မဟုတ်တော့ ဒီဂရီတွေ ဘာတွေ မသိ ဘူးအေ။ နဂိုကမှ စာမတတ်ခဲ့တာကို ... မတတ်ရင် မတတ်ဘူးပေါ့"

"ခက်လိုက်တာနော် ... ဒီလို မာမီရဲ့။ ကျွန်မ ၇ နှစ် ရှစ်နှစ် ၁၄ နှစ် အရွယ်က ဒက်ဒီရဲ့ စာရင်းကိုင်မန်နေဂျာ စာရေးကြီးတွေဟာ ကျွန်မနဲ့ နေ့စဉ်နေ့တိုင်းလို တွေ့တွေ့နေရတယ်။ အဲဒီအချိန်တုန်းက ကျွန်မကို သူတို့ ကြည့်ခဲ့ကြတဲ့ မျက်လုံးတွေဟာ အခု ၁၇ နှစ်ပြည့်ပြီး

www.burmeseclassic.com

## ၁၆ ။ ၁ ဒဝုန်ရွှေများ

၁၈ နှစ်ထဲဝင်လာတော့ သူတို့ရဲ့ပထမမေတ္တာကရတာ မျက်လုံးတွေဟာ အကုန်လုံး တစ်မျိုးတစ်ဖုံ ပြောင်းသွားကြပြီ မာမီရဲ့။ ဒက်ဒီတစ်ယောက် တည်းသာ မေတ္တာမျက်လုံးရှိတော့တယ်။ ဒက်ဒီ မျက်လုံးဟာလေ ကျွန်မ ပါပါရဲ့ မျက်လုံးအတိုင်းပဲ။ ကဲ ... မာမီ ရှင်းပလား"

"မာမီက ညည်းလို စကားမတတ်ဘူးဟေ့ ... မာမီပြောချင်တာ က သူဌေးကြီးက လိုချင်ရင် ယူကြဖို့ပဲ။ ကဲ ... ကဲ ... ပြန် ပြန်၊ ကပွဲ အတွက် စီမံစရာတွေ ရှိသေးတယ်"

"ဟုတ်တယ် မာမီ ... ဒက်ဒီက စောစောတုန်းကပဲ သတိပေး ထားတယ်။ သမီးဖိတ်ချင်တဲ့ လူတွေဖိတ်ပါတဲ့။ သမီးကိုယ်တိုင်လည်း ပျော်ပျော်ရွှင်ရွှင်နေပါတဲ့။ အခုကပွဲအတွက် စရိတ်ကို မစဉ်းစားနဲ့ ကုန်ချင် တိုင်း ကုန်ပါစေ။ သမီး စိတ်ပျော်ရင် ပြီးတာပဲလို့ ပြောထားတယ် မာမီ"

"အဲ အဲ ... ဒီလိုအလိုလိုက်တာ ဘာကြောင့်လဲ စဉ်းစားလေ နေပါဦး ... သမီးကတော့ မာမီ့ကို မပြောဖူးဘူး။ ဟိုမိန်းမပြောသွားတာ တော့ လူစီဟာ တစ်လကို ရွှေဒင်္ဂါး ပေါင် (၁၀၀၀) အထိ သုံးပေါ်စေလို့ ဆာဂျွန်ကို ပြောထားသတဲ့ ... ဟုတ်လား သမီး"

"ဟုတ်တာပေါ့ ... မာမီ။ ဒီလို အမိန့်ပေးထားတာ တစ်နှစ် တောင် ကြာခဲ့ပါပြီကော ... မာမီ့ကို သမီးကပြောပြီးပြီ ထင်လို့ ခု မပြော ဘဲ နေတာပါ"

"နို့ သမီးကကော ဒီငွေတွေ အရမ်းကာရော သုံးသလား"

"အိမ်မှာတော့ ဘာမှ မသုံးပါဘူး။ လိပ်(ခ)ဗျူး သွားတုန်းက တော့ သူဌေးသမီးပီပီ သုံးသင့်သလောက် သုံးခဲ့ပါတယ် မာမီ"

"နေပါဦးအေ၊ သူဌေးကြီးက ဘယ်လောက်ချမ်းသာသလဲ၊ သမီး စာတတ်သားပဲဟာ။ စာရင်းအင်းတွေ မကြည့်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စရာ မလိုပါဘူး မာမီ။ ကျွန်မ အသက် ၁၈ နှစ်ပြည့်ပြီး လူကြီး စာရင်းဝင်လာတော့ ဒက်ဒီက ပြမှာပေါ့။ အလုပ်အကိုင်တွေရော ဘာရင်းအင်းတွေရော ဆာဗျွန်ကို အကုန်လုံး လွှဲထားတာပဲ မာမီရဲ့"

"အဲဒါလည်း သိအောင်လုပ်ထား ... ကဲ ... ကဲ ... ပြန်ပေတော့၊ မာမီ ပြောတာ မမေ့နဲ့ ကြားလား"

☺

www.burmeseclassic.com

www.burmeseclassic.com

# ၃

လူစီ၏ မွေးနေ့ အထိမ်းအမှတ်ကျင်းပရန် ရက်သတ္တတစ်ပတ်ခန့် လိုသောအချိန် တစ်ညဥ့်သော ညဦးယံ၌ သူဌေးကြီးနှင့် ဆာဂျွန်တို့သည် တိုက်ကြီး အပေါ်ဆုံးထပ် လသာခန်းတွင် စကားလက်ဆုံကျလျက် ရှိနေကြလေသည်။

ဆာဂျွန်။ ။ "ဘယ်နှယ့်လဲ ကိုယ့်လူ။ အခုဘဝမှာ တစ်စခန်းဆက်ရအောင် မှန်းချက်လေးများ ရပြီလား"

ဌေး ။ ။ "ဟာကွာ မင်းပြောတဲ့ စခန်းဆက်တယ် ဆိုတာ မဖြစ်နိုင်ပါဘူး"

"မင်းဟာကလည်း မင်းကိုမင်း အတော်ဂွကျအောင် ဖန်တီးနေတာကိုးကွယ့်။ ဒါဖြင့်လည်း ဘုန်းကြီးလုပ်လေကွယ်"

"ပြောပြန်ပြီ။ မင်းပြောရင် အရမ်းကြီးပဲ။ ဘုန်းကြီးဆိုတာ စိတ်တည်ငြိမ်ပြီး သမာဓိတရား လက်ကိုင်ရှိမှ ဖြစ်တာကွ။ ငါ့စိတ်က မျောက်စိတ်လို ဂနာမငြိမ့်ဘဲ စိတ်ဂယောက်ဂယက်နဲ့ သင်္ကန်းသင်္ကန်းဝတ်ပြီး ဘုရားလိမ်သလို ကျနေပါဦးမယ်။ ဘုန်းကြီးအလုပ်ဆိုတာ လွယ်တာ မဟုတ်ဘူးကွ။ နေပါဦး ... ငါ တစ်ခု မေးပါဦးမယ်။ ငါ ယုံကြည်တာက မင်းနဲ့ ငါနဲ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ငယ်သူငယ်ချင်း၊ တစ်ယောက်ကောင်းကျိုးတစ်ယောက် ရှာပြီး ကူညီကြတာလို့ ငါစွဲစွဲမြဲမြဲ ယုံကြည်တယ်။ ဒီတော့ ငါ တစ်ခုမေးမယ်။ အစိုးရဥပဒေနဲ့ မကိုက်ချင်နေပေစေ ငါ စိတ်ချမ်းသာမှာကို အဓိကထားပြီး ပြောစမ်းပါကွာ။ မင်းက ရှေ့နေဆိုတော့ ဥပဒေဥပဒေတွေ ဖတ်ပြီး မင်းလိုတဲ့ တစ်ဘက်ကိုမဆွဲနဲ့ပေါ့။ အဓိကထားရမှာက ငါ့သူငယ်ချင်း စိတ်ချမ်းချမ်းသာသာ ဖြစ်ပါစေဆိုတဲ့ စေတနာနဲ့ပေါ့ကွယ်"

"ဆိုစမ်း ခပ်ရှင်းရှင်းဟေ့"

"ငါ့ပစ္စည်းဥစ္စာတွေ ဘယ်သူ့ပေးခဲ့ရမလဲကွယ်"

"အမယ်လေး ... မခက်တဲ့ကိစ္စ ခက်အောင် လုပ်နေပြန်ပါပြီ။ အရှင်းကြီးပါကွယ်"

"ဘယ်လိုရှင်းတာလဲကွယ့်။ မင်းဟာ တကယ် ဝမ်းသာရတော့မှာလား"

"ဟော့ ... ဒါက လူလည်းကြိုက်၊ ဘုရားလည်းကြိုက်၊ အစိုးရလည်းကြိုက် ငါလည်းကြိုက်ပေါ့ကွယ်"

"လေရှည်မနေစမ်းပါနဲ့ဦး ဆာဗျွန်ရဲ့။ ပြောမှာ ပြောစမ်းပါ"

"ပြောဆို ငါ့စကားဆုံးမှ မင်းမေးချင်မေး၊ မင်းက မင်းပစ္စည်းဥစ္စာတွေ ဘယ်သူ့ပေးခဲ့ရလဲလို့ မေးတယ် ဟုတ်လား။ ဒါက မင်းအမွေဆက်ခံနိုင်တဲ့လူကို ပေးပေါ့။ နေဦး ... နေဦး။ ငါ့စကား မဆုံးသေးဘူး။ မင်းမယ် ကိတ္တိမသမီး လူစီရှိတယ်။ ဒါပေမဲ့ သွေးရင်းသားရင်းက အဆတစ်ရာပိုပြီး မင်းအမွေကို သက်ဆိုင်တယ်။ လူစီတစ်ဘဝ သုံးလို့ မကုန်နိုင်အောင် မင်းက ပေးနိုင်တယ်၊ ပေးလည်း ပေးစေချင်တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်စပြီး လူစီဟာ 'သမီးစား' အဖြစ်နဲ့ မင်းစိတ်ချမ်းသာအောင် ဖျော်ဖြေခဲ့ရှာတယ်။ အခု သူ့အိမ်ထောင်နဲ့ သူနေဖို့ အဆင်ပြေနေရောက်ပြီ။ မင်းကလည်း အခွင့်ပေးပြီးပြီ။ ဒီတော့ ငါစဉ်းစားထားတာက မင်းဟာ

www.burmeseclassic.com



မယားတစ်ယောက် မှချယူရမယ်။ နေပါဦးကွယ် ... နေဦး။ ငါ့စကားမဆုံးသေးဘူး။ အဲဒီမိန်းမက သားသမီးရတနာ မွေးဖွားရမယ်။ ဒီတော့ မင်းဥစ္စာပစ္စည်းတွေကို မင်းသားသမီးတွေက အမွေခံနိုင်တယ်။ ကဲ ... ရှင်းပြီလား"

"ဟာ"

"ဟာမနေနဲ့ ကိုယ့်လူ ... ကြာလေမဟန်လေပဲကွယ့်။ မင်း — အသက် အခု ၆၀ ကျော်နေပြီ။ ကျန်းမာတုန်းပဲ အမွေစားအမွေခံရလာအောင် ကြိုးစားရမယ်ကွယ့် သိလား"

"ဒီမယ် ... ဒီမယ် ... သည်းခံပြီး နားထောင်ဦး။ နာဖျားနေတာနဲ့ ငါ အခု ကျန်းမာတယ် ဆိုပြီးနေတာနဲ့ အတူတူပဲကွယ့်။ ဘာဖြစ်လို့လဲ သိလား။ စိတ်မှာ ရောဂါ ဖြစ်နေတယ်ကွယ့်။ စားမြုံ့ပြန်တယ်လို့လည်း မင်းက မဆိုနဲ့ဦး။ ငါ့မှာတော့ ဖြစ်ခဲ့ရသမျှတွေ စမြုံ့ပြန်ပြီး စဉ်းစားနေရရင် အရသာရှိတယ်။ အစားသစ်ကို မစားချင်ဘူး။ မင်းနဲ့ ငါနဲ့ ၁၃ နှစ်အရွယ်မယ် ငါ့အဖေ ဆုံးသွားတော့ ငါက ကျောင်းကထွက်ရပြီး ကပ္ပတိန်'ရှူးဒေါ်' ရဲ့ သင်္ဘောမှာ လက်ပါးစေ လူကလေးအဖြစ်နဲ့ လိုက်သွားရတယ်။ မင်းကတော့ ကောလိပ်မှာ စာဆက်သင်ပြီး နေခဲ့တယ်။ ငါက ၁၀ တန်း မအောင်ခဲ့ရဘူး၊ ရေးတတ် ဖတ်တတ်ရုံပဲ။ မင်းက စာဆက်သင်ရတော့ ပညာရှင်ပါရမီရှင် ဖြစ်လာပြီး အခုလုပ်ကိုင်နေရတဲ့အလုပ်ကို လုပ်နေပြီပေါ့။ ဒါပေမဲ့ မင်းနဲ့ငါက ဘယ်အခြေအနေမျိုးပဲ ရောက်နေနေ မင်းကလည်း ငါ့ကို ခင်တာပဲ ငါကလည်း မင်းကို ချစ်တာပဲ။ ငါ့မှာ ကပ္ပတိန်ရှူးဒေါ်က အရင်းအနှီး ငွေစကြေးစကလေး ထုတ်ပေးလို့ သင်္ဘောသားကလေးအဖြစ်နဲ့ပဲ ကုန်စည်ဖလှယ်ရေးကို တစ်စတစ်စ သင်္ဘောမြင်ပြီး တဖြည်းဖြည်း အမြတ်အစွန်း ရလာတယ်။ ကပ္ပတိန်ကြီးကလည်း ငါ့ကို အဖက်ဖက်ကို ဆုံးမသြဝါဒပေးပြီး မင်း အသက် ၂၅ ပြည့်မှ ငါလက်

www.burmeseclassic.com

www.burmeseclassic.com



ထွတ်ပေးမယ်တဲ့။ အခုတော့ ငါ့သြဝါဒကို မပယ်နဲ့ဦးဆိုပြီး ရယ်ရယ်မောမောနဲ့ ညွှန်ကြားဆုံးမရှာတယ်။ ငါ့အမေ သုံးစွဲဖို့လည်း သင့်တော်အောင်သူက ပေးထားတယ်။ သူ့သမီးကလေး မေရီနဲ့ ငါ့ကို လက်ထပ်ပေးမလို့တောင် စီမံရှာတယ်။ ငါနဲ့ မေရီနဲ့တော့ တကယ် မကြိုက်ရပါဘူး။ မိတ်ဆွေအဖြစ်နဲ့ နေခဲ့ကြတာပါပဲ။ မေရီအသက် ၁၇ နှစ်မှာ တိုက်ဖွိုက်နဲ့ဆုံးသွားရှာတယ်။ အဲဒီတော့ ငါက ၂၄ နှစ် ရှိပြီပေါ့ကွယ်။ ဒီနောက် ၁၀ နှစ်ကျော်ကျော်လောက် ကပ္ပတိန်ကြီးနဲ့ အတူတူ ပင်လယ်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းတွေကို လုပ်ခဲ့ကြရတယ်။ သူလည်း အိုမင်းမစွမ်းရှိလာပြီပေါ့။ အသက် ၆၀ လောက်ရှိမယ် ထင်တယ်။ ဒါနဲ့ သင်္ဘောကုမ္ပဏီမှာ သူက တို့နှစ်ယောက်အတွက် ခွင့်တစ်နှစ်တောင်းတယ်။ အခွင့်ရလာတဲ့အခါကျမှ သိတယ်။ ငါက အလုပ်ကို ဆက်ပြီးလုပ်ချင်သေးတာပေါ့ကွယ်။ စိတ်က ထက်သန်တုန်း ဖွဲက ကောင်းတုန်းကိုးကွယ့်။ ဒီအခါကပ္ပတိန်ကြီးက ငါ့ကို ရွှေဒင်္ဂါး ၅၀၀ ပေးပြီး စိတ်ပြေလက်ပျောက် အပန်းဖြေ အနားယူရင်း အလည်အပတ် ခရီးထွက်ဖို့ ခိုင်းတယ်။ ငါတို့ ခွင့်မယူခင် တစ်နှစ်လောက်ကပဲ ငါ့အမေက ဆုံးသွားလေတော့ ဒီကပ္ပတိန်ကြီးပဲ ငါ့အဖေ၊ ဒီကပ္ပတိန်ကြီးပဲ အမေဖြစ်နေတာပေါ့ကွယ်။ ဒီတော့ ငါက သူအိုမင်းမစွမ်းရှိလာလို့ အနားမှာကပ်ပြီး တတ်အားသမျှ လုပ်ကျွေးပါရစေဦးလို့ ငါက ပြန်ပြောတယ်။ ငါဘာပဲပြောပြော အဘိုးကြီးဟာ ရယ်တာက အရင်ပဲဟော့။ ငါလည်း တစ်ခါတလေ သူရယ်တာကြောင့် ကြောင်တက်တက်များ ဖြစ်သွားမိသေးတယ်။ သူ့မယ် သားသမီးဆိုလို့ မေရီတစ်ယောက်တည်း ရှိတယ်။ ငါတို့အမေမှာလည်း ငါတစ်ယောက်တည်းမွေးခဲ့တာကိုးကွယ့်။ သားသမီး ပါးရှားကြရှာတယ်။ အဘိုးကြီးက ရယ်ပြီးဘာပြောတယ် ထင်သလဲ။ ငါ့သားကို အဖေမသေမချင်း စောင့်ရှောက်တော့၊ မင်းအခု တစ်နှစ်အနားယူပြီး အားဖြည့်ပါဦးတဲ့။ ပြီးတော့မှ ငါ့သား

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်သဘောကျတဲ့ မိန်းမတစ်ယောက် ပစ္စည်းဥစ္စာ မပါချင်နေပါစေ ရှာခဲ့တဲ့။ မင်းမှာ အိမ်သူရှိမှတော်မယ်လို့ ပြောတာကိုးကွယ့်။ ဒီတော့ ငါကလည်း ပြီးလွယ်အောင် ဟုတ်ကဲ့လို့ ခေါင်းညိတ်ပြီးပြောခဲ့ရပေမဲ့ အဲဒီအခါတုန်းက မိန်းမယူဖို့ စိတ်မကူးရဲသေးဘူး။ ဘာကြောင့်လဲဆို တော့ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ဘာမှ မရှိသေးဘဲကိုးကွယ့်။ ပိုက်ဆံကြေးငွေ သာ ဘယ်ပုံဘယ်နည်းရအောင်ရှာရမယ်ဆိုတာ အမြဲတစေ စိတ်ကူးနေမိ တယ်။ ဒါနဲ့ ငါလည်း စိတ်အားကိုယ်အားရှိတာနဲ့ မင်းတို့အိမ်ကို အလည် သွားတယ်။ ဒီတုန်းက မင်းက လန်ဒန်မယ် ဥပဒေဒီဂရီယူဖို့ သွားတယ် လို့ ပြောတယ်။ အဲ ... အဲ ... မင်းတို့အိမ်မှာ 'အင်ဂျလာ' နဲ့ ငါ တွေ့ကြတာ ပဲ။ ငါ ဘယ်သူမှန်း သူကလည်း မသိရှာဘူး။ သူဘယ်သူဆိုတာလည်း ငါက မသိဘူး။ တကတည်း စတွေ့တွေ့ချင်း မြင်၊ ကြိုက်၊ စွဲ အဲဒီ သုံး လုံးဟာ ခွဲမရ ခွာမရဖြစ်ကြတာပါပဲ သူငယ်ချင်း။

ပထမတော့ ငါ့မယ် ဥစ္စာပစ္စည်းနဲ့ ပြည့်စုံမှ ကြင်ရာရှာမယ်ဆို တဲ့ စိတ်ထားခဲ့တယ်။ ဒါပေမဲ့ အခုလို သူနဲ့တွေ့တော့ အဲဒီစိတ်ဟာ ဘယ်ရောက်ကုန်မှန်း မသိဘူး။ သူ့ကို မရမနေနိုင်အောင် ဖြစ်လာတယ်။ သူကလည်း ဒီအတိုင်းပဲ သူငယ်ချင်းရေ။ အဲဒီအခါတုန်းက ငါ့မှာ မထော ရှားတဲ့ ဟိုတယ်ကလေးတစ်ခုမှာ ယာယီတည်းခိုနေရတယ်။ သူက ငါ့ဆီ လာပြီး စကားပြောတယ်။ ဒါနဲ့ နောက် ၄-၅ ရက်ကြာတော့ သူပေါ်မလာ တော့ဘူး။ ဒီတော့ ငါ့မှာလည်း အရူးတစ်ပိုင်းဖြစ်ပြီး သူ့အိမ်ကို လိုက် သွားတာပေါ့ကွယ်။ သူ့အမေကြီးက မဲလိုက်မာန်လိုက်တာတွေ မပြောပ နဲ့တော့ကွယ်။ တစ်ခါတည်း ငါ့အရှေ့မှာ မျက်နှာပြောင်တိုက်ပြီး ပြော တော့တာဖဲ့ပေ့ါ။ မိန်းကလေးဆိုတာ ဘာမှ မစဉ်းစားဘူးတဲ့။ တကယ်လို့ မင်းဟာ မြို့စားသားဆိုရင် စစ္စည်းဥစ္စာကို ငါမငဲ့ပါဘူး ... ချက်ချင် လက်ထပ်ပေးမယ်တဲ့။ အခုတော့ မင်းက ကပ္ပလီနိရဲ့သား၊ ပစ္စည်းဥစ္စ

www.burmeseclassic.com



ည်း လက်ထဲမှာ ဘာမှမရှိဘူးဆိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးတဲ့။
င်း မီလုံနာ ပြန်ရောင်လာခဲ့တဲ့။ နောက်ထပ် ဆင်ခြေဆင်လက်တွေ ပေး
နေနဲ့လို့ ပြောတာကိုးကွယ့်။ သူပြောတာကလည်း မှန်နေတော့ ငါလည်း
တစ်ခါတည်း ငိုင်ကျသွားတာပေါ့ကွယ်။ ဒါနဲ့ အင်ဂျလာရဲ့မျက်နှာလေး
ကိုတောင် မမြင်ရဘဲနဲ့ ဒယီမ်းဒယိုင်နဲ့ ငါတည်းတဲ့ ဟိုတယ်ကို ပြန်လာခဲ့
တယ်။ ဟိုတယ်ခန်းထဲမှာ အောင်းနေပြီး စားရမှန်းလည်းမသိ၊ အိပ်ရ
မှန်းလည်းမသိ တခြားလူတွေကိုတော့ နေမကောင်းဘူးပြောပြီး အိပ်ရာ
ပေါ်မှာ ဘယ်ပြောင်းညာပြန်နဲ့ အချစ်ဒဏ်ကို အလူးအလဲခံခဲ့ရတယ် သူ
ငယ်ချင်း။ ဒါနဲ့ တစ်နေ့တော့ ညသန်းခေါင်ကျော်ကျော်လောက်မှာ အိပ်
ရာပေါ် အသာလှဲပြီး အိပ်တော့မယ်လို့ ခပ်မှေးမှေးဖြစ်နေတုန်း၊ တံခါးကို
ခပ်ဖွဖွက ခပ်ဖြည်းဖြည်း ခေါက်သံကြားရတယ်။ ငါက ဘယ်သူလဲလို့
မေးတော့ "ခပ်တိုးတိုး ခပ်တိုးတိုး"ဆိုတဲ့ မိန်းမအသံတစ်သံကြားရတာကိုး
ကွယ့်။ ဒါနဲ့ အိပ်ရာကထပြီး တံခါးဖွင့်ကြည့်တော့ လား ... လား ...
အင်ဂျလာနဲ့ အဖော်မိန်းမကြီးတစ်ယောက် အခန်းထဲကို သုတ်သီးသုတ်
ပျာ ဝင်လာကြတာပဲ။ ပြီးတော့ သူက ဘာပြောတယ်ထင်သလဲ။ 'မြန်မြန်
လုပ်ပါ ပြေးမှတော့မယ်' တဲ့။ ငါက ဒီလိုလုပ်လို့ ဖြစ်နိုင်ပါ့မလား အင်ဂျ
လာရယ်။ မနက် မိုးလင်းမှ ဘုန်းကြီးဆီသွားပြီး လက်ထပ်တာပေါ့လို့
ပြောတော့ ... ရှင်မသိပါဘူး၊ ကျွန်မအဖေရဲ့ ဒေါသကို ရှင်မသိပါဘူးတဲ့။
သူ မတွေ့တဲ့နေရာကို ချက်ချင်းပြေးမှ သူလည်း ရာဇဝတ်မှုမဖြစ်မှာတဲ့။
နေဖို့ထိုင်ဖို့နဲ့ ရေ့ရေးအတွက်ကတော့ ရှင်နဲ့ကျွန်မတို့ ကံတရားအတိုင်း
ရှာဖွေစားသောက်ကြရတာပေါ့တဲ့။ ကျွန်မ မေတ္တာရှိတာက ဂုဏ်တို့
ဥစ္စာတို့ ပညာတို့ကို မေတ္တာရှိတာ မဟုတ်ဘူး။ လူကို ချစ်တာ
တဲ့။ အိမ်ကိုတော့ ဘယ်နည်းနဲ့မှ ကျွန်မ မပြန်ဝံ့တော့ဘူး။ ရှင်လာမခံ
ငံ ရေထဲဆင်းသေရုံပဲရှိတော့တယ်။ စဉ်းစားနေတုန်း အိမ်ကလိုက်လာ

www.burmeseclassic.com



လို့ အဖေကြီး မိရင် တစ်ခါတည်း ပစ်သတ်မှာပဲတဲ့။ အဲဒီတော့ သူလည်း ဒုက္ခ ကိုယ်လည်းဒုက္ခ အဲဒီဒုက္ခတွေက လွတ်အောင် ကျွန်မတို့ အမြန်ဆုံး ပြေးကြမှပဲလို့ ပြောတာကိုး သူငယ်ချင်းရဲ့။ ဒီတော့ ငါက ဟိုတယ်ဘီလ်ကို မရှင်းရသေးဘူးလို့ ပြောတော့ အမယ်လေး ဒီကိစ္စကိုတော့ ကျွန်မ စီမံပြီးခဲ့ပါပြီ။ မြန်မြန် ကိုယ်လွတ်ရုန်းကြဖို့သာ ရှိတော့တယ်လို့ ပြောတာကိုး။ ဒီတော့ ငါလည်း ဘာမှစဉ်းစားနေဖို့ အချိန်မရ၊ စဉ်းစားလည်း မစဉ်းစားနိုင်ဘဲ အဝတ်အစားကိုတောင် စုံစေ့အောင် မယူနိုင်ဘူး သူငယ်ချင်း။ ဟိုတယ်က တစ်ခါတည်း သုတ်ချေတင်ကြတယ်။ ငါလည်း အိမ်ကို မပြန်ရဲတော့ဘူးပေါ့ကွယ်။ သူ့မှာလည်း ငွေများများစားစား ပါမလာရှာဘူး။ ဒါနဲ့ ၆ လလောက်ကြာတော့ လင်မယားနှစ်ယောက် ခြစ်ခြစ်ခြုတ်ခြုတ်နဲ့ စားတာတောင် ငွေကုန်တာက မရပ်ဘူးပေါ့ကွယ်။ ပါလာသမျှ ကုန်လုပြီ။ ဒါနဲ့ ဝင်ငွေကလေးရအောင် သင်္ဘောမယ် ပြန်ပြီး အလုပ်လုပ်မယ်တိုင်ပင်ပြန်တော့လည်း သူက သဘောမတူဘူး။ သူ့အဖေနဲ့ တစ်နေ့နေ့ပြန်တွေ့ရင် ဒုက္ခဖြစ်လိမ့်မယ်တဲ့။ ကျွန်မတို့ ဖြစ်သလိုလုပ်ကိုင်စားမယ်တဲ့။ ဒီအခါတုန်းက တို့ဟာ 'ပါရာမြို့'နဲ့ မနီးမဝေး ရွာကလေးတစ်ရွာက ကြက်ပေါင်စေး ခြံထဲမယ် ကူလီယောင်ယောင် ကူလီခေါင်း ယောင်ယောင် လုပ်နေရတယ်။ တစ်နေ့တော့ စာရေးကြီးတိုက်ဖိုက်ဖြစ်တာနဲ့ သင်္ဘောကုမ္ပဏီမှာ ကြက်ပေါင်စေးတွေပို့ရင်း စာရင်းရှင်းဖို့ မန်နေဂျာနဲ့ အတူ ငါက လိုက်သွားရတယ်။ အဲဒီအခါမှာ 'ဒစ်ခ်'နဲ့ သွားတွေ့တာပေါ့ ကွယ်။ အဲဒီလူဟာ ငါ့ကို မွေးစားတဲ့ ကိတ္တိမအဖေကြီးက ငါ့ကို လိုက် အရှာခိုင်းထားတဲ့ သူ့ရဲ့ လူယုံတော်ကြီးပေါ့။ သူက ငါ့ကိုမြင်ရင်မြင်ချင်း တစ်ခါတည်း ပြေးဖက်ပြီး အမယ်လေး မင်းကို ငါလိုက် ရှာရတာ လလောက်ရှိပြီတဲ့။ ပင်လယ်ကူးသင်္ဘောကြီးတွေ၊ တခြားဆိပ်ကမ်း သင်္ဘောတွေ၊ တောင်အမေရိကတိုက်၊ မြောက်အမေရိကတိုက်၊ ဥရောပတိုက် မင်း

www.burmeseclassic.com



အရင်တုန်းက ရောက်ဖူးခဲ့တဲ့ မြို့ကြီးတွေက သင်္ဘော ကုမ္ပဏီကြီးတွေ နဲ့သမျှ နဲ့နေတာပဲ။ ငါ ၃ ခါအိမ်ပြန်သွားတယ်။ ကပ္ပတိန်ကြီးကလည်း အေးဗစ်ကို မတွေ့ရင် အိမ်မပြန်ခဲ့နဲ့။ စရိုက်ကုန်ရင် သူ့ဆီကို အကြောင်း ကြားတဲ့။ အခု ငါ မင်းကိုတွေ့ရတာ တခြားမဟုတ်ဘူး။ ရောဘတ်က မင်း ခုနေတဲ့ ရော်ဘာခြံကို လွန်ခဲ့တဲ့လက ကြက်ပေါင်စေး အရောင်း အဝယ်ကိစ္စနဲ့သွားတော့ မင်းကို မြင်ခဲ့ရတယ်ဆိုတာပဲ။ ဒါနဲ့ မန်နေဂျာကို မေးကြည့်တော့ မင်းနာမည်ရော မင်းမိန်းမနာမည်ရော သိခဲ့တယ်တဲ့။ အဲ ... အဲ ... ရောဘတ်ကပြောလို့ အခု ငါလိုက်လာခဲ့တာ မနေ့ကပဲ ရောက်တယ်။ ဒီတော့ ဂိုဒေါင်စာရေးကြီးက ဒီမှာစောင့်နေရင် ရော်ဘာ သာပို့တဲ့လူနဲ့ ထည့်ပေးလိုက်မယ်လို့ ပြောလို့ ဒီမှာစောင့်နေတာလို့ ... အသက်တောင် မရှူနိုင်ဘဲ ပြောတာကိုး။ ဒီတော့ ငါလည်း အဘိုးကြီးကို အားလည်းနာ၊ ကြောက်လည်းကြောက်နေတော့ မလိုက်လို့မဖြစ်ဘူးပေါ့ ကွယ်။ ဒစ်ခ်က အဘိုးကြီးလည်း ကောင်းကောင်း မမာဘူး။ မင်းကို အလုပ်လွှဲပေးဖို့ ဒါရိုက်တာတွေနဲ့ စီမံပြီးပြီ။ ဒီတော့ မင်းမိန်းမကိုပါ တစ်ပါတည်း ခေါ်ခဲ့။ ဘာမှ မကြောက်နဲ့ ... ငါလိုက်ပြီး ပြောပေးပါ့မယ် သို့ အားပေးစကားပြောရှာတာကိုး သူငယ်ချင်းရဲ့၊ ဒါကြောင့် ငါတို့လည်း လိုက်သွားကြရတယ်။ ကိုင်းကွယ် ... ဒီကျတော့ အကျဉ်းပဲရုန်းကြဝါစို့။ အဘိုးကြီးက ငါတို့လင်မယားကို ဝမ်းပန်းတသာ ဆီးကြိုပြီး လက်ခံရှာ တယ်။ နောက်တစ်နေ့မှာ ကုမ္ပဏီဒါရိုက်တာ ရုံးသွားပြီး ငါ့ကို သူ့နေရာ မှာ ကပ္ပတိန်ခန့်ထားအောင် ပြောပေးရှာတယ်။ ပစ္စည်းတွေရော အိမ် ဆောင်ပရိဘောဂအားလုံးပါ ငါ့ကို တစ်ခါတည်း လွှဲအပ်တယ်။ အဘိုး ကြီး ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေဟာ ရွှေဒင်္ဂါး ၂ သောင်းလောက် ကျော်ပဲကွယ့်။ အဘိုးကြီးကတော့ အနားယူရင်း ငါ့ကို ဆုံးမသြဝါဒပေး၊ သူကြီးလူကောင်း ကုန်သည်ကြီးတွေနဲ့ မိတ်ဆက်ပေး၊ သူက အိမ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စီမံခန့်ခွဲပေးနေတာပေါ့ကွယ်။ ဒါနဲ့ ကပ္ပတိန်အလုပ် ၃ နှစ်လောက် လုပ်ပြီး ၁၀ ၃ အဘိုးကြီးဟာ ငါ့ကို အလုပ်က အထွက်ခိုင်းပြီး ဘောင် အမေရိကနဲ့ ဥရောပ ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းကို စီစဉ်ပေးခဲ့ တယ်။ ငါ မိလျှံနာဖြစ်စ်ခါနီးမှ အဘိုးကြီး ဆုံးသွားရှာတယ် သူငယ်ချင်း ... မင်းစဉ်းစားကြည့်စမ်းပါ။ ငါ့ မိန်းမက ငါ့ကို ချစ်ခဲ့တာ ပစ္စည်းရှိလို့ မဟုတ်ဘူး။ ငါ့ ကိတ္တိမ အဖေကြီးက ငါ့ကို ချစ်ခဲ့တာလည်း ပစ္စည်း ကြောင့် မဟုတ်ဘူး။ မစ္စတာဒစ်ခ်ဲက ငါ့ကိုချစ်တာလည်း ပစ္စည်းကို မျှော် မြင်လို့ မဟုတ်ဘူး။ သူ ငါ့ကို ဒုက္ခခံပြီး ငါ့ကို သေသေချာချာ လိုက်မရှာ ရင် ဘယ်နည်းနဲ့မှ ငါ့ကို တွေ့မှာ မဟုတ်ဘူး။ သူဟာ အဘိုးကြီးဆီက စရိတ်ရရုံလောက်ယူပြီး ဝတ်ကြေတမ်းကြေသာရှာနေရင် ငါအခုလို ချမ်း သာတဲ့ဘဝကို ရောက်မှာလည်း မဟုတ်ဘူး။ ငါက အဲဒီလူတွေနဲ့ တွေ့ခဲ့ရ တော့ ငါ့ကို တကယ်တမ်းချစ်တဲ့လူမှပဲ ငါက ငါ့ပစ္စည်းကို လွှဲပေးချင် တယ်။ မင်းအကောင်မတွေက ငါ့ကို တကယ်ချစ်တာ မဟုတ်ဘူး။ သူ့ငွေး ဘွဲ့တို့၊ ရွှေဒင်္ဂါးတို့လောက်သာ ချစ်တာတွေ၊ အဲဒီတော့ ငါ ဘယ်နည်းနဲ့မှ သူတို့နဲ့အတူ မနေနိုင်ဘူး သူငယ်ချင်း"

အဘိုးကြီးသည် သူ၏အကြောင်းကို ဇာတ်စုံခင်းပြပြီးနောက် ဆာဂျွန်၏အတွေးအခေါ်ကို စောင့်ဆိုင်းလျက်ရှိလေသည်။

ဆာဂျွန်။ ။ "ဒါကတော့ မင်းထင်မြင်ချက်ကိုးကွယ့် ... မင်းကို တကယ်တမ်းချစ်တဲ့ လူတွေ သေကုန်ကြပြီ မဟုတ်လား။ ဒါပေမဲ့ အခု လည်း မင်းကို တကယ်ချစ်တဲ့လူတွေ ရှိပါသေးတယ်ကွယ်။ မင်း မတွေ့ သေးလို့ရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ်ရင် မင်းအမှတ်တမဲ့နေလို့ရင် လည်း ဖြစ်ရမယ်"

ကြီး ။ ။ "ဒါတော့ မင်းအပြင် ဘယ်သူမှ မရှိဘူးကွယ့်"

www.burmeseclassic.com



"ရှိပါတယ်ကွယ်။ မင်းကိုယ်တိုင် မရွေးချင်ရင် ငါကြည့်ပြီး ခိမ်းပေးပါ့မယ်။ ငါစီမံတာ မင်းလိုက်နာမယ် မဟုတ်လား"

"ဘာလဲ မိန်းမယူဖို့လား မဖြစ်ပါဘူးကွယ်။ ယူတာက မခက်ဘူးကွယ့်။ ငါ့ရုပ်ရည်ကိုရော၊ အမူအရာကိုရော တကယ်စိတ်ရင်းကောင်း ရှိတဲ့ မိန်းမက ကြိုက်မှာ မဟုတ်ဘူး။ ငါက ရိုးလည်းရိုး၊ အလည်းအ၊ ကောမပြောတတ်တဲ့ အသေကောင်ကြီးလိုလူကို မိန်းမတွေက ကြိုက်မယ် မဟုတ်ဘူး။ ထွက်ပြေးပြီးသားပဲ။ ဒီတော့ သူတို့ရဲ့ ပျော်ရွှင်တဲ့ဘဝ၊ သူတို့ရဲ့ တက်ကြွတဲ့ အာသာဆန္ဒကို ငါက ဖျက်ဆီးသလို ကျနေမှာပဲ ကွယ့်"

"ဒါတော့ မင်းက နှိုက်နှိုက်ချွတ်ချွတ် အပြစ်ရှာပြီး ငြင်းနေရင် သည်း ငါ မတိုက်တွန်းတော့ပါဘူး။ အဆင်ပြေအောင် မင်းလည်း ထပ်ပြီး စဉ်းစားပေါ့ကွယ်။ ဒါပေမဲ့ ငါတစ်ခု ပြောမယ်။ စိတ်ဆိုတာ မပျော်ပျော် အောင်လုပ်မှ လူလည်း ကျန်းမာတယ်ကွယ့်။ ကျန်းမာရေးလည်း မင်း ရှုစိုက်ဦး၊ ကဲ ... ကဲ ... ငါပြန်မယ်"

"အေး ... မင်းပြောတာတွေ ငါလည်း ပြန်ပြီး စမြုံ့ပြန်လိုက်ဦး မယ်"

"အင်း ... ငါပြောတာတွေ အမျိုးမျိုးလှည့်ပြီး စဉ်းစားပေါ့ကွယ်။ ဆက် ငါတစ်ခုပြောဦးမယ်။ မင်းဟာ စကော့တလန်သွားပြီး လူစိန်နဲ့ ဆက်ထပ်ပြီးတဲ့အခါ တောင်အမေရိကကို ဟန်နီးမွန်းထွက်မယ်လို့တောင် ပါးစပ်ဇာတ်၊ ဈေးဇာတ်တွေထွက်နေတယ်ကွယ့်။ လူတွေက ထင်မြင် ချက် ပေးနေကြတယ်။ ဒါပေမဲ့လို့ သူများတွေ ဘာပဲပြောပြော ကိုယ်ရေး ကိုယ်တာကိုသူများထက် ကိုယ်က အသိဆုံးပဲ။ ကဲ ... သွားပြီ သူငယ် ချင်း ဂွတ်နိုက်"

www.burmeseclassic.com



ဆာဂျွန်ပြန်သွားသောအခါ သူဌေးကြီးသည် လသာခန်းတွင် မိမိ၏ရှေ့ရေးအတွက် အတွေးရေယာဉ်ကြောတွင် နစ်မျောလျက် ရှိနေလေ၏။

"အင်း ... ပစ္စည်းဥစ္စာဆိုတာ လောကမှာ တယ်ပြီးမက်မောကြတာကို .... ဟုတ်လည်း ဟုတ်တာပေါ့လေ။ ဘာဖြစ်လို့လည်းဆိုတော့ ငါလည်း ငယ်ငယ်တုန်းက သူဌေးမဖြစ်ဖြစ်အောင်ဆိုပြီး လုပ်ခဲ့လို့ ဒီအခြေအနေ ရောက်တာပဲ။ အဲဒီလို ငါဆင်းဆင်းရဲရဲနေခဲ့တုန်းက အင်ဂျလာနဲ့ ဘွားခနဲတွေ့ပြီး ငါ့ပစ္စည်းနဲ့ ငါရဲ့ အစွမ်းသတ္တိကို အရေးမထားဘဲ လူကိုသာ ချစ်ပါတယ်ဆိုပြီး နောက်ဆုံး ငါ့ကို အတင်းအဓမ္မသင်ခန်းစာ ပေးသွားရှာတယ်။ အမှန်တော့ သူဟာ ငါ့ဆရာအရင်းပဲ။ အဲဒီအခါကျမှ ငါလည်း မျက်စိပွင့်လာတယ်။ ဩော် ... သူတော်ကောင်းမကြီး ... သူတော်ကောင်းမကြီး၊ ခုလောက်ရှိရင် သူ့သမီးကလေးနဲ့အတူ ကောင်းကင်ဘုံမှာ စံနေရှာရော့မယ်။ သူတို့ကိုဘယ်တော့မှ ငါတွေ့ရမယ် မသိဘူး။ ဒါထက် နေပါဦး။ ဆာဂျွန် ပြောသွားတဲ့စကားထဲမှာ သူတို့လို ဖြူစင်မြင့်မြတ်တဲ့စိတ်သဘောနဲ့ သူတော်ကောင်းတွေ လောကမှာ ရှိသေးတယ်တဲ့။ ဘယ်များမှာပါလိမ့်။ ငါ ဒီလူတွေ ဘယ်လိုရှာရပါ့။ ဟုတ်တာပဲ ... သူတော်ကောင်းတွေတော့ ရှိကြမှာပဲ။ ငါ့သူငယ်ချင်း ပြောတာမှန်တယ်။ ဘယ်ပုံဘယ်နည်း ရှာရမယ်တော့ မပြောတတ်ဘူး။ သူတို့ကို ငါတွေ့အောင်ရှာမယ်။ ငါ့ပစ္စည်းတွေပေးခဲ့မယ်။ သူတို့ဟာ စိတ်ရင်းကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ငါပေးတဲ့ပစ္စည်းကို တရားသဖြင့် သုံးစွဲကြမှာပဲ၊ တော့မှ ငါ့ပစ္စည်းရှာရကျိုးနပ်တော့မယ်။ မသူတော်တွေပေးခဲ့ရင် သုံးမယ် ဖြုန်းမယ် မတရားတဲ့အလုပ်တွေ လုပ်မယ်။ တိုင်းသူပြည်သားရဲ့ အကျိုးမဖြစ်ဘဲ တိုင်းသူပြည်သားများရဲ့အဆိပ် ဖြစ်မယ်။ လူဆိုတာ သူတစ်ပါးရဲ့ကောင်းကျိုးကို တတ်နိုင်သမျှ သယ်ပိုးဆောင်ရွက်မှ ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့စဉ်းစားရင်း သူဌေးကြီးသည် ငိုက်မြည်းလာပြီးနောက် ပက်လက်ကုလားထိုင်ပေါ်တွင် မှေးခနဲ အိပ်ပျော်သွားလေ၏။ ဤကဲ့သို့ ခေတ္တအိပ်ပျော်သွားစဉ် အောက်ပါအတိုင်း အိပ်မက်မြင်မက်၏။ ကွယ်လွန်သွားခဲ့သော ဇနီးသည် အင်ဂျလာနှင့် သမီးဂျာလေး လူစီတို့သည် ကောင်းကင်ဘုံတံခါးဝမှ မိမိအား ဆီးကြိုလျက်ရှိ၏။ သူတို့သည် မိမိအား ဝမ်းပန်းတသာ ဆီးကြိုကာ ဖက်ယမ်းနမ်းရှုပ်ကြ၏။ သူဌေးကြီးက အင်ဂျလာအား –

"ငါလည်း မင်းတို့ဆီကို တစ်နေ့လာရမှာပဲ ... အခုတော့ ငါ့ပစ္စည်းတွေ မစီမံ မခန့်ခွဲရသေးဘူး" ဟု ပြောရာ၊ အင်ဂျလာက –

"ရှင်သူတော်ကောင်းကို ရှာချင်ရင် ဒီလိုမရှာရဘူး။ ရှင့်ကိုယ်ကိုသူခွဲယောင်ဆောင်ပြီး ရှာရမယ်။ ကျွန်မ ပြောလိုက်မယ်။ ဘာရစ္စတိုမြို့ရဲ့အနောက်တောင် လမ်းမကြီးအတိုင်း လျှောက်သွား ... တွေ့လိမ့်မယ်။ ရှိပါတယ်။ ပစ္စည်းတွေ ခွဲဝေပေးပြီးမှ အေးအေးလာခဲ့။ ပစ္စည်းမက်မောတဲ့လူဟာ ကောင်းကင်ဘုံကို ဘယ်တော့မှ မတက်ရဘူး သိလား ... တော့"

ဤသို့ပြောဆိုနေခိုက်တွင် ဘဏ္ဍာစိုးဖြစ်သူ 'မစ္စတာတင်ပဲလ်'က တံခါးကို လှုပ်နှိုးသဖြင့် အိပ်ရာမှ ထိတ်လန့်၍ နိုးလာလေသည်။

☺

www.burmeseclassic.com

၄

လူစီ၏ မွေးနေ့အထိမ်းအမှတ်ကို ဧပြီလ ၂၉ ရက်နေ့တွင် ခမ်းနားကြီးကျယ်စွာ ကျင်းပလေရာ၊ လူဂုဏ်ထံပရိသတ်များလည်း ဝက်ဝက်ကွဲမျှ စည်ကားလှတော့၏။ ညစ်ခံကျွေးမွေးခြင်းကိုလည်း အခြားပွဲလမ်းသဘင်များနှင့် မတူအောင် စီစဉ်ထားသဖြင့် နေ့ပွဲညဉ့်ပွဲ ဆက်၍သွားတော့၏။ ညဉ့် ၉ နာရီမှ ၁၁ နာရီအထိ 'ဘောလ်ဒန့်' စုံတွဲကပွဲကိုလည်း ပရိသတ်များ ပျော်ရွှင်စွာ ဆင်နွှဲကြလေရာ၊ စားသံစုံတီးဝိုင်းမှာ လန်ဒန်မြို့တော်မှ အကျော်အမော် တီးဝိုင်းပင် ဖြစ်တော့၏။

ညဉ့် ၁၀ နာရီခွဲအချိန်ခန့်တွင် သူဌေးကြီး ဒေးဗစ်ဟာမ်စလီသည် စုံတွဲ က,နေကြသော ခန်းမကြီး အပေါ်က်၌ လာ၍ ရပ်တန့်ပြီးလျှင် က,ခုန်နေကြသူတို့အား ကြည့်ရှုလျက်ရှိလေ၏။ ထိုအချိန်၌ လူစီသည် မဟာမျိုး မဟာနွယ် မင်းသားတစ်ပါးနှင့် ယှဉ်တွဲ က,ခုန်နေသောအခါ ဖြစ်လေသည်။ အနီးမှ တစ်စုံတစ်ယောက်က လူစီအား သူဌေးကြီးကြည့်နေကြောင်း ပြောလိုက်သည့်တွင် လူစီသည် သူနှင့်တွဲဘက် ပါတနာထံမှ အခွင့်တောင်းခဲ့ပြီးလျှင် သူဌေးကြီးထံသို့ အပြေးအလွှား လာရောက်ကြိုဆိုနှုတ်ဆက်လေသည်။

www.burmeseclassic.com

ကြီး ။ ။ "ဒက်ဒီဖျင်းလို့ ခဏလာကြည့်တာပဲ။ သမီးတို့ အခုလို ပျော်ပျော်ပါးပါး က,နေတာ ဒက်ဒီ ကြည့်ချင်တယ်။ အက မရပ်နဲ့ ဆက်ပြီးသာ က,ကြ"

စီ ။ ။ "ဟုတ်ကဲ့ ဒက်ဒီ"

"ဪ ... ပြီးတော့ ဒက်ဒီ တစ်ခုမှာခဲ့မယ်။ ကပွဲပြီးရင် ပြီးပြီးချင်း ဒက်ဒီအခန်းကို ခဏလာခဲ့ဦးနော်"

"ဟုတ်ကဲ့ ဒက်ဒီ သမီးလာခဲ့ပါမယ်"

သူဌေးကြီးအား စကားမပြောရန် ဆရာဝန်က ညွှန်ကြားထားကြောင်း လူတိုင်းပင် သိပြီးဖြစ်သဖြင့် သူဌေးကြီးအား မည်သူမျှ နှုတ်ဆက်ခေါ်ငင်ခြင်း မပြုလိုက်ကြချေ။ သူဌေးကြီးသည် သူ့အခန်းရှိရာသို့ ချက်ချင်းပင် ပြန်သွားလေသည်။

သူဌေးကြီးသည် သီးသန့်အခန်းကြီးတစ်ခန်း၌ တစ်ကိုယ်တည်း နေထိုင်လေရာ ထိုအခန်းမှာ တိုက်ကြီး၏နောက်ဖေးဘက် ထောင့်ကျသောနေရာတွင် ရှိလေသည်။ အစေခံနှင့် လက်ပါးစေ အခြွေအရံတို့မှာလည်း ဆရာဝန်ကြီး၏ညွှန်ကြားချက်အရ သူဌေးကစ၍ မခေါ်သမျှ မည်သူမျှ စကားမပြောရဲဘဲ မသိလိုက်မသိဖာသာ သူ့နေရာနှင့်သူ အလုပ်ဝတ္တရားများကို ဆောင်ရွက်ကြရ၏။ ဘဏ္ဍာစိုး မစ္စတာတင်ပဲလ် တစ်ဦးတည်းသာလျှင် သူဌေးကြီးနှင့် စကားပြောဆိုခွင့်ရှိလေသည်။

ညဥ့် ၁၁ နာရီခွဲတွင် ကပွဲပြီးသွားလေရာ မိန်းမငယ်သည်အချို့က မစ္စက်ဆော်ရယ်(လူစီ၏မိခင်)အား မဖွေ့တဖွေ့ နှုတ်ဆက်ပြီးလျှင် ပြန်သွားကြ၏။ သူမကိုယ်တိုင် လူစီထံသွားပြီးလျှင် –

"မာမီပြောတဲ့စကား မမေ့နဲ့နော် သမီး" ဟု နားနားသို့ ကပ်၍ တီးတိုး မှာကြားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူစီသည် သူဌေးကြီးနေသော အခန်းရှိရာသို့ တစ်ယောက်တည်း တက်သွားလေရာ အခန်းအတွင်း စားပွဲတစ်လုံး အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေသော သူဌေးကြီးအား အသင့်တွေ့ရှိရလေသည်။ လူစီကို မြင်သောအခါ သူဌေးကြီးသည် စားပွဲ၏အခြားဘက် သူ၏ မျက်နှာချင်းဆိုင်ရှိသော ကုလားထိုင်ပေါ်တွင် အထိုင်ခိုင်းပြီးနောက် တစ်စုံတစ်ရာ ဆက်လက်မပြောဘဲ ငြိမ်သက်၍ နေလေသည်။ ဤသို့ဖြင့် ၅ မိနစ်ခန့် အချိန်ကြာ၍ သွား၏။

စီ ။ ။ "ဒက်ဒီပြောမယ့် စကားကို နားစွင့်နေတာ ၅ မိနစ်တောင် ရှိသွားပြီ။ ဘာပြောမလို့လဲ ဒက်ဒီ"

ကြီး ။ ။ "အေး ... အေး ... အင်း ... ဒီလိုကွယ့်၊ သမီးကို ဒက်ဒီ တစ်ခုမေးချင်တယ်။ ပွဲလမ်းတွေအတွက် သမီးလည်း အတော်ပင်ပန်းနေတယ်ဆိုတာတော့ ဒက်ဒီ သိပါတယ်။ ဒါပေမဲ့ ဒက်ဒီက အချိန်မဆိုင်းချင်ဘူး။ မြန်မြန် သိချင်လို့ မေးတာပါ။ ဒက်ဒီ ပြောခဲ့တဲ့အတိုင်း သမီးမယ် ကြင်ဘက်ရွေးပြီးပြီလို့ ဒက်ဒီ ထင်တယ်။ ဒက်ဒီကို ဘာမှ ရှက်စရာ အားနာစရာ မရှိဘူး။ ဒီကိစ္စကိုဆောင်ရွက်ပြီးမှ ဒက်ဒီရဲ့ အခြားကိစ္စတစ်ခုကို ဆောင်ရွက်တော့မယ်လို့ စိတ်ကို ပိုင်းဖြတ်ထားတယ်။ ကဲ ... ကဲ ... ဒက်ဒီ မေးတာ ပြောစမ်း"

"မရွေးရသေးပါဘူး ... သဘောကျတာမှ မတွေ့ရသေးဘဲ ဒက်ဒီရဲ့"

"ကိုင်း ... ဒီတော့ ဒက်ဒီတစ်ခုထပ်ပြီး မေးဦးမယ်။ မစဉ်းစားဘဲနဲ့ အမှတ်တမဲ့တော့ မဖြေနဲ့နော် သေသေချာချာ စဉ်းစား၊ ဒါပေမဲ့ ဒက်ဒီ သိချင်တာက လူစီရဲ့ အသည်းနှလုံးထဲက ထွက်လာတဲ့စကားသာ ကြားချင်တယ်။ သူများ သင်ပေးတာတို့ ဟိုအကြောင်း ဒီအကြောင်း ငဲ့ပြီးပြောတာတို့ အဲဒါတွေ ဒက်ဒီ မလိုချင်ဘူး။ သမီးရဲ့ စိတ်ရင်းအတိုင်း အူထဲ

www.burmeseclassic.com

www.burmeseclassic.com



အသည်းထဲက လှိုက်လှိုက်လှဲလှဲ ထွက်လာတဲ့ ထင်မြင်ချက်ကိုသာ ဒက်ဒီ လိုချင်တယ်နော်"

သို့သော် ပြောဆိုပြီးနောက် သူဌေးကြီးသည် ရှေ့သို့မဆက်ဘဲ ရပ်ဆိုင်းနေလေသည်။ လူစီကလည်း သူ၏ဒက်ဒီ ရှေ့သို့ စကားဆက်မည်ကို စောင့်ဆိုင်းရင်း သူ့မာမီ ပြောလိုက်သော စကားများကိုပါပြန်၍ စဉ်းစားမိပြီးလျှင် တစ်ကိုယ်တည်း စိတ်မောရှိနေမိရှာ၏။ ၃ မိနစ်ခန့်ကြာသောအခါ သူဌေးကြီးက –

"ဒက်ဒီပြောတဲ့စကားကို လေးလေးနက်နက် စဉ်းစားကြွယ့်နော်"

သူဌေးကြီးသည် ဤနေရာတွင် ရှေ့သို့ မဆက်ဘဲ စကားကို ရပ်ထားလိုက်ပြန်လေသည်။

စီ ။ ။ "ဒက်ဒီ မေးမယ်ဆိုတာ မေးမှ မမေးသေးဘဲ"

ဌေး ။ ။ "အေး ... အေး ... သမီးစဉ်းစားဖို့ အချိန်ရပြီး ဒက်ဒီက မေးတဲ့အခါ ဖြေဖို့ အသင့်ရှိနေအောင် ဒက်ဒီ စောင့်နေတယ်"

"မေးသာမေးပါ ဒက်ဒီ"

"ကိုင်း ... မေးမယ်နော်။ ဒက်ဒီက လူစီကို လက်ထပ်ချင်တယ် ဆိုရင် လူစီ သဘောတူမလား ... ဒါမှမဟုတ် ငြင်းမယ်မလား"

"သဘောတူပါတယ်"

"ဘာကြောင့် ... ဒက်ဒီအခု အသက် ၆၀ ရှိပြီ၊ တောင့်တောင့် တင်းတင်း သန်သန်မာမာ မဟုတ်ဘူး။ ဒက်ဒီမယ် ပစ္စည်းဥစ္စာကလွဲလို့ နိုင်ကလေးများ ခင်မင်တွယ်တာစရာ ဘာတစ်ခုမှ မရှိဘူး။ စာလည်း တောင်းကောင်း မတတ်၊ ဘာပညာမှလည်း မရှိ၊ ပစ္စည်းဥစ္စာဆိုတာ မျက်စည်နဲ့ တူတယ် သမီး။ ထာဝရ ဥစ္စာ မဟုတ်ဘူး"

လူစီမှာ တစ်စုံတစ်ရာ ပြန်၍ မပြောတတ်ရှာဘဲ ငိုင်ကျက်သာ နေရှာတော့၏။ သူဌေးကြီးက ဆက်လက်၍ –

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒက်ဒီကပဲ မှားသလား။ လူစီကပဲ မှားသလား၊ တစ်ယောက် တစ်ယောက် အပြစ်မယူကြနဲ့တော့ ... ကဲ ... ကဲ ... သွားတော့ ညဥ့်လည်း နက်ပြီ။ အိပ်ချေပေတော့"

လူစီသည် မျက်ရည်အဖြိုင်ဖြိုင်ကျကာ အခန်းတွင်းမှ ဒယီးဒယိုင် ထွက်ခဲ့ပြီးလျှင် အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။ သူ၏မာမီက မေးသော်လည်း တစ်စုံတစ်ရာ ပြန်၍မပြောဘဲ သူ့မိခင်တိုက်သို့ လိုက်သွားလေရာ အထိန်းတော်ရုံရွှေဖော်တို့မှာ အံ့အားသင့်၍ ကျန်ရစ်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

၅

လူစီ ထွက်သွားသောအခါ သူဌေးကြီးသည် ပက်လက် ကုလားထိုင်ပေါ်တွင် ထိုင်ကာ တစ်ကိုယ်တည်း စဉ်းစားလျက်ရှိလေ၏။

"အင်း ... လောကကြီးမှာ လူတွေဟာ ဘာကြောင့် ပစ္စည်းဥစ္စာကို ဒီလောက်မက်မောကြသလဲ မပြောတတ်ဘူး။ သူများတွေချည်း အပြစ်ပြောမနေနဲ့၊ ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ဦး ... ငါ အဲဒီလို မက်မောပြီး ပစ္စည်းဥစ္စာကို မရမနေ ရှာဖွေခဲ့တယ်။ ဒါပေမဲ့လို့ ငါ့စိတ်သဘောထားကတော့ သူတို့လို ငမ်းငမ်းတက် မဟုတ်ပါဘူး မခံချင်တဲ့စိတ်နဲ့ ရှာခဲ့တာပဲ။ ဘယ်တော့မှ ဥစ္စာစီးပွားနဲ့ ဂုဏ်မလုပ်ခဲ့ဘူး။ အခု ထွက်လာခဲ့တာ ငါ့အလုပ်က ဘာလဲဆိုတော့ ပစ္စည်းဥစ္စာကို မက်မက်မောမောမရှိဘဲ လူနဲ့လူချင်းဝိုင်းဝန်းကူညီတတ်တဲ့ လူစိတ်ရင်းကောင်းရှိတဲ့ လူ့ဒုက္ခဝေဒနာခံစားနေတဲ့လူကို တတ်အားသမျှ ကူညီစောင့်ရှောက်တတ်တဲ့သူ၊ အဲဒီလူတွေကို မတွေ့မနေရှာဖွေဖို့ အလုပ်ပဲ။ ဒီတော့ အိပ်မက်ထဲမှာ အင်ဂျင်ယာ အကြံပေးတဲ့အတိုင်း လူမွဲသဏ္ဌာန် ဖန်ဆင်းပြီး ရှာရတော့မှာပဲ။ ယခုဒီအခန်းမှာဆိုတော့ ငါက သူဌေးကြီးဆိုပြီး လူတိုင်းသိနေကြတယ်။ သူတို့ရဲ့စိတ်သဘော အမူအရာတွေ ဘယ်လိုကောင်းကောင်း သူဌေးမို့သာ ဂရု

www.burmeseclassic.com



စိုက်တယ်လို့ ငါက ယူဆထားတော့ ခက်သားကလား။ ဒီတော့ တော လက်ကျေးရွာတွေကို ထွက်ရလိမ့်မယ်။ ဒီအကြောင်း ဆာဂျွန်ကို အသိ ပေးလို့ မဖြစ်ဘူး၊ သူက ကန့်လန့်ကန့်လန့် လုပ်နေဦးမယ်။ သူ့အကြံက တော့ ငါက လွဲရင် ဒီအပြင် လူအားလုံးနဲ့ ညီညွတ်တာပဲ။ ဒါ့ထက်နေဦး လူစီရဲ့ စိတ်ရင်းသဘောထားကတော့ မူလက အကောင်သား၊ သူ့မာမီက တစ်မျိုးသင်ပေးတာနဲ့ ငါ့သမီးလည်း စိတ်ချောက်ချားသွားတာနဲ့ တူတယ်။ ဒါပေမဲ့ သူ့ကျေးဇူးကိုလည်း မမေ့သင့်ပေဘူး။ သူ့ကို ငါတွေ့ရ လို့သာ ကွယ်လွန်သွားတဲ့ ငါ့သမီးအရင်းလူစီကို တမ်းတလွမ်းဆွတ်ရတဲ့ ဝေဒနာ အကော်ပဲ ...က်သာရာရခဲ့ပေတယ်။ ဒီတော့ သူ့တစ်သက်မှ စားသုံးလို့ မကုန်နိုင်အောင် ငါပေးမှ တော်မယ်"

သို့စဉ်းစားပြီးနောက် သူဌေးကြီးသည် စာတစ်စောင် ရေးသား လေသည်။

မိတ်ဆွေကြီးဆာဂျွန်

ကျုပ်ကို မရှာလေနဲ့။ စိတ်သက်သာရာကို ကျုပ်သွားဦးမယ်။ ကမ္ဘာပေါ်မှာ ကျုပ်တစ်ယောက်ရှိသေးတယ်လို့ မယူဆပါနဲ့။ စိတ် သောကအပိုမဖြစ်ပါစေနဲ့ သူငယ်ချင်း။

တစ်ခုပြောရဦးမယ် ... လူစီကို ရွှေဒင်္ဂါး ၅ သိန်းလောက် ပေးလိုက်ပါ။ ကျုပ်ကိုယ်စား စောင့်ရှောက်ပါ။ သင့်လျော်မည့်သူ တစ်ယောက်နှင့် လက်ထပ်စေပြီး အစစ အရာရာ မိဘအရင်းကဲ့သို့ စောင့်ရှောက်လိုက်ပါ"

ဇေတ်ဟမ်ဇာလီ
၃၀.၄.၀၇

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစာကို စာအိတ်တွင်ထည့်၍ သေချာစွာ ချိပ်တံဆိပ်ခတ်နှိပ်ပြီးနောက် ဘဏ္ဍာစိုးမစ္စတာတင်ပဲလ် အခန်းသို့ သွယ်တန်းထားသော ကြေးနန်းကြိုးကို ဆွဲလိုက်လေ၏။ ထိုအချိန်သည် နံနက် ၂ နာရီ ၄၅ မိနစ်အချိန်ဖြစ်၍ မစ္စတာ တင်ပဲလ် အိပ်၍ကောင်းတုန်းအချိန်ဖြစ်၏။ နားထဲတွင် ခေါင်းလောင်းသံ ဆူညံစွာကြားရသဖြင့် အိပ်ရာမှနိုးလာသောအခါ သူဌေးကြီးခေါ်နေကြောင်း သိရသည်နှင့်တစ်ပြိုင်နက် သူဌေးကြီးအခန်းသို့ ကပျာကယာ တက်ပြေးလာခဲ့လေသည်။

ကြီး ။ ။ "ငါ့တူ တစ်နေ့လုံး အလုပ်တွေများပြီး မောမောနဲ့ အိပ်နေတာတော့ သိပါတယ်ကွယ်။ ဒါပေမဲ့ ငါကရှေးကလို ကျန်းမာတာ မဟုတ်ဘူးကွယ့်။ သတိရတဲ့အခါ လုပ်ခွင့်ရှိတာကလေးတွေ လုပ်ရတယ်။ စိတ်မရှိနဲ့နော်။ ဟောဒီစာကို မနက် ၈ နာရီ ကျော်ကျော်လောက်ထဲ မင်းကိုယ်တိုင် ဆာဂျွန်ကို သွားပေးပါကွယ်။ လူငယ်တွေ မခိုင်းနဲ့နော်။ မနက် ၈ နာရီအထိ မင်းအိပ်နိုင်ပါတယ်။ ၈ နာရီထက် မစောနဲ့ကြားလား။ ဆာဂျွန်ကိုလည်း ဒုက္ခအပိုမပေးပါနဲ့ကွယ်။ ရှော့ရှော့ စာ ... ကဲ ... အိပ်ချေပေတော့"

ပဲလ် ။ ။ "ကောင်းပါပြီ ခင်ဗျာ။ အမိန့်အတိုင်း ကျွန်တော်ကိုယ်တိုင် သွားပေးပါ့မယ်"

မစ္စတာတင်ပဲလ် ထွက်သွားသောအခါ သူဌေးကြီးသည် အဆောတလျင် ပြင်ဆင်လျက်ရှိလေ၏။ မထင်ရှားသော ဝတ်စုံတစ်ခုကို ဝတ်ဆင်ပြီးလျှင် အိပ်ဖန်စောင့်အကြီးအကဲကို ခေါ်၍ –

"ဒီမယ်ဟေ့ ... လူတစ်ယောက်ကို ကိစ္စရှိလို့ ဒီကနေ့ညသြ ... ၁ အခန်းထဲ ကို ခေါ်ထားတယ်။ ဒီလူကို အခုပဲ ပြန်လွှတ်မယ်။ ဒီတော့ ... လက်မှတ်ကိုပြရင် တိုက်အပြင်ကို ထွက်ပေစေ ... ဘာမှအနှောင့်

www.burmeseclassic.com



အယုက်မပေးနဲ့။ တံခါးဖွင့်ဖို့ တံခါးစောင့်ကိုလည်း ပြောထား" ဟု အမိန့်ပေးလေ၏။

သို့နှင့် အိပ်ဖန်စောင့် အကြီးအကဲသည် အောက်ထပ်သို့ ဆင်းခဲ့ပြီးလျှင် သူဌေးကြီး၏အမိန့်ကို တံခါးစောင့်အား ပြောကြားလေ၏။ ၅ မိနစ်ခန့်ကြာသောအခါ မထင်ရှားသော အဝတ်ကို ဝတ်ဆင်ထားသော သူတစ်ယောက်သည် တံခါးမှူးအား သူဌေးကြီး၏ လက်မှတ်ကို ပေးရလေရာ တံခါးမှူးလည်း တံခါးကို ဖွင့်ပေးလိုက်လေသည်။

⊜

www.burmeseclassic.com

www.burmeseclassic.com

မစ္စတာတင်ပဲလ်သည် နှိုးစက်နာရီကို နံနက် ၈ နာရီတိတိ၌ အချိန်ကိုက်ထားပြီးလျှင် သူဌေးကြီး၏စာကို စားပွဲပေါ်၌ တင်ထားပြီး နောက် အိပ်လေရာ နှိုးစက်ခေါင်းသံဆူညံလျက် ရှိနေသောအခါမှ အိပ်ရာမှ လန့်နိုးလေ၏။ သို့နှင့် အဝတ်အစားများကို လျင်မြန်စွာ ဝတ်ဆင်ပြီးလျှင် ဆာဂျွန်အိမ်သို့ သူဌေးကြီး၏ စာကိုပေးရန်သွားရောက်လေရာ ဆာဂျွန်မှာ ကော်ဖီသောက်လျက်ရှိနေသည်ကို တွေ့ရလေသည်။

ပဲလ် ။ ။ "ဂွတ်ဒ်မော်နင်း ... ဆာဂျွန်"

ဆာဂျွန်။ ။ "ဂွတ်ဒ်မောနင်း၊ လာဟေ့ ... တင်ပဲလ် ကော်ဖီသောက်ဦးကွယ်။ စောစောစီးစီး ဘာကိစ္စများလဲကွယ့်"

"သူဌေးကြီးက စာပေးခိုင်းလိုက်လို့ ခင်ဗျား"

"မင်း ဆရာကြီးကို ငါ အကြံပေးထားတာ ဟန်ပြီထင်တယ် ဟေ့။ မင်းတို့တော့ ဆရာကတော်အသစ် စက်စက်ကလေး ရတော့မယ်"

ပြောပြောဆိုဆိုနှင့်ပင် ဆာဂျွန်သည် မစ္စတာတင်ပဲလ် လက်ထဲမှ စာကို ယူပြီးလျှင် စာအိတ်ကိုဖောက်၍ ကြည့်လေ၏။

"ဟိုက် ... ဟေ့ ... တင်ပဲလ် သူဘယ်သွားလဲ"

www.burmeseclassic.com



ပဲလ် ။ ။ "သွားမယ် မပြောပါကလား ခင်ဗျား"

"ဘာဖြစ်လို့လဲ ... အခု တိုက်မှာပဲလား"

"ရှိမှာပဲ ခင်ဗျာ"

"အို ... အရေးကြီးပါတယ်ဆို မင်းက ပေါ့ပေါ့ဆဆကိုးကွယ်။ ဒီစာကို သူကိုယ်တိုင်ပေးသလား"

"ဟုတ်တယ် ခင်ဗျ။ နာရီပြန် ၂ ချက်လောက်မယ် ကျွန်တော့်ကို ခေါင်းလောင်းတီးခေါ်လို့ အိပ်ရာလန့်နိုးပြီး ကျွန်တော်လည်း ဂမူးရှူးထိုးနဲ့ သူ့ အခန်းသွားတော့ သူက ဒီစာကို မနက် ၈ နာရီမှာ မင်းကိုယ်တိုင် ဆာဂျွန်ကို သွားပေးတဲ့၊ စောစောစီးစီးသွားပြီး ဒုက္ခမရှာနဲ့လို့လည်း ပြောပါတယ်။ ကျွန်တော်လည်း ညက ကဖွဲမယ် အတော်ကလေး ပင်ပန်းတာနဲ့ နှိုးစက်ကို ၈ နာရီထားပြီး အိပ်နေလိုက်တာ နှိုးစက်ခေါင်းလောင်းသံကြားတော့မှ အိပ်ရာက လန့်နိုးတော့တာပါပဲ။ ဒါနဲ့ အိပ်ရာက နိုးနိုးခြင်း ကပျာကယာ ထပြီး ဒီကို ပြေးလာခဲ့တာပါ ခင်ဗျ။ ကော်ဖီတောင် မသောက်ခဲ့ရပါဘူး"

ဆာဂျွန်သည် စာကိုဆုံးအောင် ဖတ်ပြီးနောက် မစ္စတာ တင်ပဲလ်၏ လက်သို့ လှမ်း၍ပေးလိုက်ရာ မစ္စတာတင်ပဲလ်သည် စာကို ဖတ်ပြီးနောက် အံ့အားသင့်ကာ ကြက်သေသေလျက် ရှိနေလေ၏။

ပဲလ် ။ ။ "ညကတော့ သွားမယ် မထင်ဘူးခင်ဗျ။ သွားရင် မနက် ၇ နာရီလောက်မှ သွားလိမ့်မယ် ထင်တယ်"

ဆာဂျွန်။ ။ "ကဲ ... လာ ... လာ ... ပြောနေကြာတယ်။ မင်းတို့ တိုက်ကို အခု သွားကြမယ်"

ဤသို့ ပြောပြောဆိုဆိုနှင့် ဆာဂျွန်သည် သူဌေးကြီးတိုက်သို့ လိုက်လာခဲ့လေ၏။ တိုက်တွင်တွေ့ရသော သူများအား မေးမြန်းစုံစမ်းရင်း သူဌေးကြီး၏ အခန်းသို့ သွားရောက်ကြည့်ရှုကြရာ အခန်းတံခါးမှာ စေ့ရုံ

www.burmeseclassic.com



သာစေ့ထားသည်ကို တွေ့ကြရ၏။ သို့နှင့်အခန်းတွင်းသို့ ဝင်ရောက်ကြည့်ရှုသောအခါ သူဌေးကြီးကို မတွေ့ရတော့ချေ။ သို့နှင့် ဆာဂျွန်နှင့် မစ္စတာတင်ပဲလ်တို့သည် အိမ်တွင်းရှိ လူအားလုံးကို ခေါ်ယူစစ်ဆေးလျက်ကြရာ ညတံခါးစောင့်က ယနေ့နံနက် ၃ နာရီကျော်ကျော်အချိန်လောက်တွင် လူတစ်ယောက်သည် သူဌေးကြီး၏ လက်မှတ်ကို ပြသဖြင့် မိမိတံခါးဖွင့်ပေးလိုက်ရကြောင်း ဤသို့ပြုလုပ်ရမည်မှာ အိပ်ဖန်စောင့်အကြီးအကဲ၏ အမိန့်အရပြုလုပ်ရခြင်းဖြစ်ကြောင်းပြောပြီးလျှင် သူဌေးကြီး၏ လက်မှတ်ကို ထုတ်ပြလေသည်။

သို့နှင့်ပင် အိပ်ဖန်စောင့်အကြီးအကဲကိုခေါ်၍ မေးမြန်းရပြန်ရာ ၎င်းက ယမန်နေ့ည ၃ နာရီ မထိုးမီ အချိန်ခန့်တွင် သူဌေးကြီးက မိမိကို ခေါ်၍ သူ၏ အခန်းတွင် ထိုညအလုပ်ကိစ္စရှိသဖြင့် လူတစ်ယောက်ကို ခေါ်ထားရကြောင်း ထိုသူကိုပြန်လွှတ်သောအခါ သူကိုယ်တိုင် လက်မှတ်ရေးထိုးပေးလိုက်မည်ဖြစ်၍ ထိုသူ့အား တံခါးဖွင့်ပေးလိုက်ရန် အမိန့်ပေးကြောင်း သို့ဖြင့် မိမိက ဤအကြောင်းကို တံခါးမှူးထံသွား၍ ကြိုတင်ပြောထားရကြောင်း အစစ်ခံလေ၏။

ဆာဂျွန်။ ။ "အဲဒီ ထွက်သွားတဲ့လူဟာ တခြား မဟုတ်ဘူးကွယ့်။ သူကိုယ်တိုင်ပဲ မင်းတို့ မမှတ်မိကြဘူးလား"

တံခါးစောင့် ။ ။ "သူဌေးကြီးနဲ့ တော့မတူပါဘူး ခင်ဗျာ"

ဆာဂျွန် ။ ။ "ကိုင်း ... မစ္စတာတင်ပဲလ် ... မင်းလူတွေထဲက သူဌေးကြီးကို သေသေချာချာ မှတ်မိတဲ့လူရွေးပြီး အမြို့မြို့ကို ချက်ချင်း လွှတ်ပေးပေတော့ ... သူဌေးကြီးကိုတွေ့ရင် သူ့ကို အသိမပေးနဲ့ဦး ... ကြားလား။ ကျုပ်ဆီသာ အမြန်ကြေးနန်းနဲ့ အကြောင်းကြားပေ။ ... ကောင်အမေရိကတိုက်ကိုလည်း တချို့လွှတ်။ ခရီးစဉ်ကို နေ့တိုင်း စာ ... ပို့ပေစေ ... မြန်မြန် ... ဟေ့ ... မြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com

၇

သူဌေးကြီး ဒေးဗစ်ဟာမ်စလီသည် ၃ နာရီ ၄၅ မိနစ်အချိန်ထွက်သော လူစီးအမြန်ရထားဖြင့် ဘာရစ်စတိုမြို့သို့ ထွက်ခွာသွားလေ၏။

နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်၍ ဟိုတယ်ဆိုင်တစ်ဆိုင်၌ အခန်းတခု ငှားရမ်းတည်း ခိုလေသည်။

၇ နာရီခန့်တွင် မြင်းရထားတစ်စီးဖြင့် မြို့ထဲသို့ ထွက်ခဲ့ပြီးနောက် ရထားမောင်းသမား အကူအညီဖြင့် ကူလီများ ဝတ်သောအထည်ကြမ်းဝတ်စုံတစ်စုံနှင့် ကူလီစီးဖိနပ် တစ်ရံတို့ကို ဝယ်ခဲ့၏။ ဟိုတယ်သို့ရောက်သောအခါ နံနက်စာကို အမြန်မှာယူစားသောက်ပြီးနောက် ထိုမြင်းရထားနှင့်ပင် မြို့အနောက် တောင်ဘက်လမ်းမကြီးတစ်လျှောက် မောင်းနှင်သွားလေ၏။ မြို့အစွန်တစ်နေရာသို့ ရောက်သောအခါ သူဌေးကြီးသည် မြင်းရထားကို ပြန်လွှတ်လိုက်ပြီးလျှင် မိမိဝယ်ယူခဲ့သော အထုပ်ကိုပိုက်ကာ ခြေလျင် လျှောက်သွားလေ၏။

ထိုနေရာသို့ ရောက်သောအခါ အိမ်များမှာ ကျိုးထိုးကျဲကျဲရှိနေလျက် လူသူအသွားအလာလည်း နည်းပါးလှ၏။ လမ်းဘေးတွင် ၁၀နှစ်အရွယ် သူငယ်ကလေးတစ်ယောက်ကို အမှတ်မထင် တွေ့ရသဖြင့်သူဌေးကြီးက –



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်ကွယ့် လူလေးရဲ့။ ဘကြီးတစ်ခု မေးစမ်းပါရစေ၊ ဘကြီးက တိုက်ဖို့ကျက်ဖြစ်တုန်းက သတိမေ့တဲ့ရောဂါ မကြာမကြာ ပေါ်နေတယ်ကွယ့်။ ဒီ လမ်းမကြီးအတိုင်း လိုက်သွားရင် ဘယ်မြို့ ဘယ်ရွာရောက်မှာလဲ"

ကလေး။ ။ "ကျွန်တော်တို့ ဒီမယ် လာနေတာ ၃ လလောက်ရှိသေးတယ် ဘကြီးရဲ့။ မြို့တော့ ကျွန်တော် မသိဘူး။ ရွာကလေးတွေတော့ ဒီလမ်းကြီးပေါ်မှာ ဆက်ဆက်နေတာပဲ။ ရွာကြီးကတော့ ဘာတဲ့လေ ... ဟိုဒင်း ... ဟိုဒင်း 'မိုင်းလံအင့်' ဆိုတာပေါ့ ဘကြီးရဲ့။ အဲဒီရွာကြီးက တော်တော်ဝေးတယ်။ ရွာလည်း ကြီးပါတယ်။ မာမိနဲ့တစ်ခါကျွန်တော် ရောက်ဖူးတယ်"

"သာဓုကွယ် ... သာဓု ... အဲဒီမယ် ဘကြီးရဲ့ ဆွေမျိုးတွေရှိတယ်ကွယ့်။ ဘကြီးက သတိမေ့နေလို့ သူတို့မျက်နှာမြင်မှ မှတ်မိတော့မယ်ဟော့။ တစ်ခါတလေ ကိုယ့်တူနာမည်တောင် တွေးလို့ မရဘူးကွယ့် — ရှော့ရှော့ ငါ့မြေးမုန့်ဖိုး ယူလိုက်ဦး ... နေပါဦး၊ ဘကြီး မေးပါဦးမယ်ကွယ်။ အဲဒီ မိုင်းလံအင့် မရောက်ခင် လမ်းမကြီးနားမှာ တောတန်းကလေး မရှိဘူးလားကွယ့်"

"ဟာ ... ရှိတာပေါ့ ဘကြီးရဲ့ အဲဒီမယ် ရွာအဆက် နည်းနည်းဆေးသေးတယ် ခင်ဗျ။ တောတန်း တောင်ကုန်းကလေးကို ဒီလမ်းမကြီးကဖြတ်သွားရပါတယ်။ ဖြူးနေတာပဲ ဘကြီးရေ"

"အေး ... အေး ... ငါ့မြေး၊ ကျေးဇူးတင်ပါတယ်ကွယ်"

သို့နှင့် သူဌေးကြီးသည် အဆိုပါ တောတန်းတောင်တန်းကလေးသို့ ရောက်ရန် အားခဲပြီးလျှင် ခပ်သွက်သွက်လျှောက်ခဲ့လေ၏။ လမ်းပေါ်၌ကား မြင်းရထား အသွားအလာနည်းပါးပြီးလျှင် ဝန်အပြည့်တင်ဆောင်လာသော မြင်းလှည်းကြီးများကိုသာ အသွားအပြန် မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏ တွေ့ရလေသည်။ လမ်းမကြီးနံဘေးတွင် ရွာကလေးများ အစီအရီ ရှိလျက် ရွာ ၄-၅ ရွာခန့် ကျော်လွန် မိသောအခါနောက် ရွာဆက်များ ဝေးသွားသည်ကို တွေ့ရ၏။ ထိုအချိန်၌ကား တောတန်းတောင်ကုန်း ကလေးကိုပင် လှမ်း၍ မြင်ရလေပြီ။ လမ်းဘေးတစ်ဖက်တစ်ချက်၌ကား စိမ်းလန်း သောယာခင်းများ ဥယျာဉ်များဖြင့် ပြည့်ကျပ်လျက်ရှိ၏။

သူဌေးကြီးမှာ ပင်ပန်းခံ့လေ့ မရှိသော်လည်း ရောက်လိုဇောဖြင့် ခရီးပြင်းလာခဲ့ရာ ၁၀ မိုင်ခန့်ပင် ပေါက်ရောက်ခဲ့လေပြီ။ သို့သော် မိမိ ရောက်လိုသော အတော်အတန် ရှင်းလင်းသည့်နေရာ တောတန်းကိုကား မရောက်သေးချေ။ ၂ မိုင်ခန့်မျှ ကွာလှမ်းသေး၏။

ခရီးကလည်းပန်းသည်ပြင် နေကလည်း အတော်ပူသဖြင့် သစ် ပင်ရိပ်တစ်ခုအောက်တွင် ခေတ္တမျှ အပန်းဖြေပြီးနောက် ရှေ့သို့ ခရီးဆက် ပြန်ရာ မိုင်ဝက်ခန့်သွားမိလေသော် အတော်အတန် စိမ်းလန်းစိုပြေသော တောစပ်တစ်ခုသို့ ရောက်လာ၏။ ထိုနေရာရှိ လမ်းဘေးတောစပ်ကလေး မှာ အတန်ငယ် နိမ့်ဆင်းသွားသော မြေနိမ့်ချိုင့်ဝှမ်းကလေးတစ်ခု ဖြစ် သဖြင့် စိမ်းလဲ့စိုပြေသော သစ်ရွက်အုပ်ကလေးများဖြင့် ဖုံးအုပ်လျက်ရှိ၏။ သို့နှင့် သူဌေးကြီးသည် မိမိသွားနေသော လမ်းမှဆင်းကာ စိမ်းလန်းစိုပြေ သော တောကလေးအတွင်းသို့ ဝင်လာခဲ့လေသည်။ ရှေ့သို့ အတန်ငယ် ဆက်လက်သွားမိသောအခါ ရေအိုင်ကလေးတစ်ခုသို့ ရောက်လာလေ၏။ ထိုနေရာ၌ကား တောမှာ အတော်ပင် ထူထပ်ပုံရလျက် လူသံသူသံဟူ၍ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ သို့နှင့် သူဌေးကြီးသည် မိမိယူလာခဲ့သော အထုပ်ကိုဖြည်ပြီးလျှင် အဝတ်ကြမ်းဝတ်စုံကို ခြေပေါ်၌ ချကာ ၃-၄ ကြိမ်မျှ ခြေဖြင့် နင်းချေလိုက်သောအခါ အဝတ်မှာ အတော် ပင် ပေရေနွမ်းနယ်၍ သွားတော့၏။ ထိုအခါမှ သူသည် ကိုယ်ပေါ်၌ အဝတ်အစားများကို ချွတ်ကာ ထိုဟောင်းနွမ်းပေရေသော အဝတ်ကြမ်းကို

www.burmeseclassic.com

www.burmeseclassic.com



ခတ်ဆင်လေသည်။ မိမိအိမ်မှ ပါလာသော အဝတ်များကိုမူ လေးလံသော ကျောက်ခဲကြီးတစ်လုံးကို ထုပ်ပြီးလျှင် ရေအိုင်အတွင်းသို့ ပစ်ချလိုက်လေသည်။ ဤသို့ဖြင့် ကုဋေကုဋာ ကြွယ်ဝသော သူဌေးကြီးအဖြစ်မှ အလုပ်ကြမ်းသမား ကူလီဆင်းရဲသားဘဝသို့ အသွင်အပြင် ကူးပြောင်းသွားသည်ကိုပင် သူဌေးကြီးသည် များစွာ စိတ်သက်သာရာရမိတော့၏။ ရှေ့တွင် မိမိလုပ်ကိုင်ရမည့်လုပ်ငန်းကို တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိဘဲ စိတ်ချလက်ချ ရှာဖွေလုပ်ကိုင်နိုင်တော့မည်ဟု ပီတိဖြစ်မိ၏။

အဝတ်အစားကို လဲလှယ်ပြီးနောက် သူဌေးကြီးသည် တောအုပ်အတွင်းမှ လမ်းမကြီးဘက်သို့ ပြန်၍ထွက်လာခဲ့လေ၏။ ထိုအခါ၌ကား အတော်အတန် စိတ်အေးလက်အေးရှိနေပြီဖြစ်သောကြောင့် ယခင်ကထက် ခရီး ခပ်ပြင်းပြင်းလာခဲ့ရာ၊ အတော်အတန် မောပန်းသောအခါမှ လမ်းမကြီးဘေးရှိ မြက်ခင်းပေါ်တွင် ခေတ္တနားနေရန် ထိုင်လိုက်လေသည်။ ထိုအချိန်တွင်မူ အတော်ပင် နွမ်းနယ်နေပြီဖြစ်၍ ထိုင်မိသည်နှင့် တစ်ပြိုင်နက် ခေတ္တလဲလျောင်းလိုသော စိတ်ပေါ်ပေါက်လာသဖြင့် အနီးရှိ ကျောက်တုံးတစ်ခုပေါ်၌ သူ၏ဦးထုပ်ပျော့ကို ခေါင်းအုံးကာ ခေတ္တပက်လက်လှန်ရင်း အမောဖြေလျက်ရှိလေသည်။ ထို့နောက် သူ၏ အိပ်ထဲတွင် အသင့်ပါလာသော သမ္မာကျမ်းစာအုပ်ကလေးကို ဖွင့်ပြီးလျှင် စိတ်ဝင်စားစွာ ဖတ်ကြည့်နေရင်း တဖြည်းဖြည်း ငိုက်မြည်း၍လာပြီးလျှင် အိပ်ပျော်၍ သွားလေ၏။ ထိုအချိန်မှာ ညနေ ၃ နာရီခန့်ပင် ရှိခဲ့လေပြီ။

ညနေ ၅ နာရီခန့်အချိန်တွင် 'အန်ကယ်ရိုဂျာ' ဆိုသူ တောလက်ကျေးရွာ ဆေးဆရာကြီးသည် တောထဲမှ ဆေးမြစ်များကို ရှာဖွေပြီးနောက် သူဌေးကြီး အိပ်နေသော လမ်းမကြီးဘက်သို့ ထွက်လာခဲ့လေ၏။ ဆေးဆရာကြီးမှာ အသက် ၇၀ နီးပါးမျှရှိပြီဖြစ်သော်လည်း တောင့်တင်းသန်မာလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကပင် ကျေးတောသားတစ်ယောက် ဖြစ်သည့်အလျောက် လူပျော့မဟုတ်ဘဲ လူကြမ်း တစ်ယောက်ဖြစ်၏။ နေ့စဉ် ကိုယ်လက်လှုပ်ရှား သွားလာနေလေ့ရှိသဖြင့်လည်း ဣရိယာပုတ်မျှတကာ လူငယ်လူရွယ်များကဲ့သို့ စားဝင်အိပ်ပျော်နေသူဖြစ်၏။ သူသည် ကျောကုန်းပေါ်တွင် ဆေးမြစ်များပါသော ခြင်းတောင်းကြီးပိုးကာ တောင်ဝှေးတစ်ချောင်းကို ထောက်လျက် တောထဲမှ တောင့်တင်းသွက်လက်စွာ ထွက်လာခဲ့သောအခါ လမ်းဘေးမြက်ခင်းပေါ်တွင် အိပ်ပျော်နေသော ကုလီအဘိုးကြီး တစ်ယောက်ကို မြင်တွေ့ရလေ၏။ သို့နှင့် သူသည် အနီးသို့ ချဉ်းကပ်ကြည့်ရှုလေရာ၊ စိတ်ထဲတွင် သံသယဖြစ်၍ လာမိ၏။ အဘယ့်ကြောင့်ဆိုသော် အိပ်ပျော်နေသူမှာ ဆင်းရဲသား အလုပ်ကြမ်းသမားမှာ ဝတ်သည့် အဝတ်ကြမ်းများကို ဝတ်ဆင်ထားသော်လည်း အလုပ်ကြမ်းနှင့် မဆက်ဆံဖူးသော သူတစ်ယောက်ကဲ့သို့ ရှိနေ၏။ သို့နှင့် အိပ်ပျော်နေသူသည် ဤခရီးလမ်းကို မုချမကျွမ်းကျင်သူဖြစ်သောကြောင့်သာ ယခုကဲ့သို့ စိတ်ချလက်ချ အိပ်နေခြင်း ဖြစ်ရမည်။ မည်သည့်အရပ်ကလာ ဤမည်သည့် အရပ်ကို သွားမည်စသည်တို့ကို အကဲခတ်လိုလှသောကြောင့် ဆရာကြီးသည် မနီးမဝေး၌ ထိုင်ကာ ဆေးတံကိုထုတ်၍ ဆေးတစ်အိုးကုန်သည် တိုင်အောင် သောက်ရှူရင်း အိပ်ပျော်သူနိုးလာသည့်တိုင်အောင် စောင့်ဆိုင်းလျက်ရှိလေ၏။

သို့စောင့်ဆိုင်းရင်း ဆေးတစ်အိုးပင်ကုန်သော်လည်း အိပ်နေသူမှာ တုတ်တုတ်မျှ မလှုပ်ချေ။ အနီးသို့ ကပ်၍ကြည့်သောအခါ အသက်လေးလေး မှန်မှန်ရှူလျက်ရှိသောကြောင့် မောပန်းလာသူတစ်ယောက် အိပ်နေသည့် အိပ်ခြင်းမျိုးဖြင့် အိပ်နေကြောင်းသိရ၏။ အကယ်၍ မိမိက ၎င်းအား မနှိုးခဲ့လျှင် အတော်ကြာပင် ဆက်လက်အိပ်ပျော်နေဦးမည်ဖြစ်၍ ညဥ့်မှောင်မိုက်လာသည့်အခါ ဝံပုလွေများနှင့် တွေ့ရန်ရှိကြောင်း စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



ဘင်း ဖြစ်လာပြီးလျှင် အန်ကယ်ရိုဂျာသည် ထိုသူ၏ကိုယ်ကို လှုပ်၍နိူး သ၏။ အိပ်ပျော်နေသူသည် ရုတ်တရက်နိုးလာပြီးနောက် နေရာမှ ထ၍ ိုင်ပြီးလျှင် တစ်စုံတစ်ရာ စကားမပြောမီ တောင်မြောက်လေးပါးကို ာစ်ခဏမျှ ကြည့်ရှုလျက်ရှိလေ၏။ ထို့နောက် အတန်ငယ် ပြုံးလိုက်ကာ သမ္မာကျမ်းစာအုပ်ကလေးကို အကျီအိတ်အတွင်းသို့ ပြန်ထည့်လိုက်လေ သည်။

ရိုဂျာ ။ ။ "ခင်ဗျား ဘယ်သွားမလို့လဲ"

ကြီး ။ ။ "မိုင်းလ်အင့်ကို သွားမလို့ပါ ခင်ဗျာ"

"ဟာ ... ဒီအချိန်မယ် သွားလို့ မဖြစ်နိုင်ပါဘူး။ ၁၀ မိုင်လောက် တဲ့ တောတန်းကို ခင်ဗျား ဖြတ်သွားရဦးမယ်။ ခရီးစဉ်ကို ခင်ဗျား သိ သန် မတူပါဘူး"

"ဟုတ်ပါတယ် ခင်ဗျာ။ ရောဂါရပြီးတဲ့နောက် ကျွန်တော်က သတိမကောင်းဖြစ်နေတယ်"

"ခင်ဗျာ့ ကြည့်ရတာ ထူးဆန်းလွန်းလို့ ကျုပ်တမင်သက်သက် ချိန်ကုန်ခံပြီး စောင့်နေတယ်။ ခင်ဗျား ဘယ်က လာခဲ့တာလဲ"

"ဘရစ်စတိုက လာခဲ့ပါတယ်"

"ဒါကြောင့် ခရီးပန်းနေတာပေါ့။ ခရီးပန်းပြီးဗိုက်ထဲ အာဟာရ သည်း မသွင်းရသေးဘူး ထင်တယ်။ ကျုပ်က ဆေးဆရာဆိုတော့ အကဲ ည်မိတာပေါ့"

"မှန်ပါတယ် ခင်ဗျာ။ မနက် ၈ နာရီကတည်းက နည်းနည်းပါး း စားခဲ့ရတာပါပဲ"

"ခင်ဗျား ညစာဘယ်မှာ စားမယ်'စိတ်ကူးသလဲ ပြောစမ်း"

"မိုင်းလ်အင့်ရောက်မှ စားရမှာပေါ့ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ကျုပ်တွေးတော မှန်တာပေါ့။ ခင်ဗျားဟာ ခရီးစဉ်ကိုလည်း မသိ ကျန်းမာရေးကိုလည်း ဂရုမစိုက် အရမ်းကာရော သွားလာတတ်တဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိတာပေါ့ ... ကိုင်း ... နေဦး ... နေဦး"

သို့ပြောဆိုရင်း ဆေးဆရာကြီး အန်ကယ်ရိဂျာသည် သူ၏ ဆေးမြစ်ခြင်းတောင်းထဲမှ ပုလင်းတစ်လုံးကို ဆွဲထုတ်လေ၏။ ထို့နောက် ပုလင်းထဲမှ ဆေးရည်အနည်းငယ်ကို ခွက်ကလေးထဲသို့ ထည့်၍ သူဌေးကြီးအား ပေးလေသည်။

ဂျာ ။ ။ "ရော့ရော့ ... ဒီစိမ်ဆေးတစ်ခွက် သောက်လိုက်၊ ခင်ဗျား အမောပြေသွားလိမ့်မယ်"

သူဌေးကြီးသည် ဆေးဆရာကြီး ပေးသော ဆေးရည်ကို တဖြည်းဖြည်း အရသာခံ၍ သောက်လေသည်။

ဂျာ ။ ။ "ကျုပ် ဆေးရည်က ဒီတစ်ဝိုက်မယ် အကျော်အမော်ပဲ။ ကျုပ်က ဒီဆေးရည်ကို ရောင်းပြီး အသက်မွေးနေတယ်ဗျ။ ဘယ်လိုနေသလဲ မကောင်းဘူးလား"

ကြီး ။ ။ "ကောင်းပါတယ် ခင်ဗျာ။ ကောင်းတာမှ သိပ်ကောင်းတာပဲ။ အမောပြေ ရေငတ်ပြေ စိတ်လက်ရွှင်လန်းပြီး လန်းလန်းဆန်းဆန်းကို ဖြစ်သွားတာပဲ။ ကျေးဇူးကြီးပါပေတယ် ခင်ဗျာ"

အန်ကယ်ရိဂျာသည် ဆေးခွက်ကို လှမ်းယူပြီးလျှင် သူကိုယ်တိုင် ပုလင်းထဲမှ တစ်ခွက်ငှဲ့၍ သောက်လိုက်လေ၏။ တစ်ဖန် တစ်ခွက် ငှဲ့၍ ထည့်ပြီးလျှင် သူဌေးကြီးအား လှမ်းပေးလိုက်ပြန်လေသည်။ သူဌေးကြီးလည်း ဆေးရည်မှာ မိမိသောက်ခဲ့ဖူးသော ပြင်သစ်ဝိုင်အရက်ထက်ပင် ကောင်းကြောင်း စဉ်းစားပြီးလျှင် သောက်လိုက်ပြန်လေ၏။

www.burmeseclassic.com



အန်ကယ်ရှိဂျာသည် ဆေးမြစ်များထည့်သော ခြင်းကြီးကို ပြု ဖွင့်ပြီးလျှင် ကျောပေါ်တွင်ပိုးကာ တောင်ဝှေးကို ထောက်လျက် –

"ကဲ ... ထ ... ထ ကျုပ် နောက်ကို တစ်ခါတည်း လိုက်ခဲ့၊ မိုး ချုပ်နေဝင် တောထဲမှာ နေလို့ မသင့်ဘူး။ ဝံပုလွေတွေနဲ့ တွေ့နေဦးမယ်။ ရော့ ... ရော့ ကျုပ် တောင်ဝှေးကိုယူ"

သူဌေးကြီးသည် ဆေးဆရာကြီးပေးသော တောင်ဝှေးကို လှမ်း ယူလေ၏။ ဆေးဆရာကြီးလည်း လမ်းမကြီးကို ဖြတ်ကျော်ပြီးလျှင် လမ်း အားရှိ လူတစ်ယောက်သာ သွားနိုင်သည့် လမ်းကြောင်းကလေးသို့ စမ်း သွားရင်း စကားတပြောပြောနှင့် ရှေ့မှ ခေါ်ဆောင်သွားလေရာ သူဌေး လည်း ၎င်းနောက်မှ လိုက်ပါသွားရလေ၏။

ဂျာ ။ ။ "ကိုယ့်လူက အလုပ်ကြမ်းသမားဆိုတော့ အသား အရေနှင့် မလိုက်ပါကလား"

ကြီး ။ ။ "ဟုတ်တာပေါ့ ခင်ဗျာ။ ကျွန်တော် တိုက်ဖွိုက်ဖြစ် ပြီး သတိမေ့တဲ့ ရောဂါစွဲလာတယ်။ ဆရာဝန်က ခင်ဗျား ... အလုပ်ကြမ်း မလုပ်ဘဲ တစ်နှစ်လောက် အသားမွေးဦးလို့ ပြောပါတယ်။ ကိုယ်သား ကိုယ်ရေ ဖြူဖပ်ဖြူရော် ဖြစ်နေတာပျောက်မှ အလုပ်လုပ်ရမယ်ဆိုပါ တယ်"

"သူပြောတာတော့ မှန်တာပေါ့။ ဒါပေမဲ့ ခင်ဗျားမှာ တစ်နှစ်လုံး ထိုင်စားစရာ ပြည့်စုံလို့လား"

"ခြော် ... တစ်နေ့ရ တစ်နေ့စား ကူလီမယ် တစ်နှစ်မပြောနဲ့ ၇ ရက် တစ်ပတ်စာတောင် မရှိဘူး ခင်ဗျ"

"အဲ ... အဲ ... အဲဒါ မြို့ဆရာနဲ့ တောဆရာကွာတာပဲ။ ခင်ဗျား တို့တော့ သိမယ် မဟုတ်ဘူး။ ကျုပ်တို့ တောဆရာကတော့ အားဆေး လည်း ပေးမယ်။ ဣရိယာပုတ်မျှအောင် လှုပ်ရှားသွားလာဖို့သင့်တော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုလည်း အလုပ်ခိုင်းမယ်။ ဆင်းရဲသားကို သူတို့က သူဌေးကုက္ကတာကိုဗျ။ ရောဂါပျောက်ရုံပဲ သူတို့က လုပ်တတ်တယ်။ ကျုပ်တို့ တောဆရာတွေကတော့ ကိုယ်ချင်းစာတရား ရှိတယ်။ အလုပ်မလုပ်ဘဲနေရင် ဘယ်သူက လာကျွေးမှာလဲ။ ဒါတွေထားလိုက်ဦး။ အလုပ်ဆိုတာ အားဆေးဗျ၊ မှတ်ထား ... အလုပ်တရစပ် လုပ်နေတဲ့လူဟာ အင်နဲ့အားနဲ့တန်ရုံပေါ့လေ ... အသက်ရှည်တယ်၊ ရောဂါကင်းတယ်၊ စားဝင်အိပ်ပျော်တယ်၊ ဒိမ်ခံနေတဲ့ကောင်တွေ မြန်မြန်မာလကသွားတာပေါ့။ ကျုပ် ကြည့်လေ ... အသက် ၇၀ ရှိပြီ။ မြို့သား ၅၀ အရွယ်ထက်တောင် ကျုပ်က မာသေးတယ်။ ခင်ဗျာ့ အသက်ဘယ်လောက်ရှိပြီလဲ။ နာမည်ကော ပြောဦးလေ။ ကျုပ်နာမည်ကတော့ အန်ကယ်ရီဂျာလို့ ဒီတစ်ဝိုက်က ခေါ်ကြတယ်"

"ကျွန်တော့် နာမည်က ဒေးဗစ်ပါ။ အသက် ၆၃ နှစ်ရှိပါပြီ"

"နေပါဦး ခင်ဗျား အရင်တုန်းက ဘာလုပ်စားလဲ"

"ကျောက်မီးသွေးတူးပါတယ်။ ပင်ပန်းတာလည်း မပြောပါနဲ့တော့"

"ကျုပ်တွေးရင် မလွဲဘူး။ ကျုပ်ကလည်း အကဲခတ်နေတယ်။ ဒီလူဟာ နေပူမိုးစွတ်မခံခဲ့ရဘူးလို့။ ဟုတ်တာပေါ့ ကျောက်မီးသွေးတွင်းထဲမှာလုပ်ရတော့ နေပူမိုးရွာ လွတ်တယ် မဟုတ်လား။ လေကောင်းလေသန့်မရလို့သာ ခင်ဗျား ရောဂါရခဲ့တယ်။ ဖြူဖပ်ဖြူရော်နဲ့ ကြွေကျမယ့် သစ်ရွက်များလိုပေါ့။ ဒီတော့ ကျုပ် အကြံပေးလိုက်မယ်၊ တောရွာမှာ နေ မြို့မယ် မနေနဲ့။ ဒါပေမဲ့ နေပူလို့ မိုးစွတ်တော့မခံနဲ့ဦး၊ ခင်ဗျာ့ အသားအရေက ပြင်းထန်တဲ့ ရာသီဥတုကို မခံနိုင်ဘူး။ ကျုပ် ပြောတာမှတ်ထားဗျ။ အနီးအနားက ရွာတွင်းအလုပ်ကိုပဲ လုပ်ဦး။ အသားအရေမာကျောတောင့် တင်းလာမှ ရွာပြင်ထွက်ပြီး အလုပ်လုပ်ချင်လုပ်။ ဒိုင်းလ်အင့်မှာ ခင်ဗျား ဘာလုပ်မှာလဲ ဘယ်သူတွေရှိသလဲ"

www.burmeseclassic.com



"ကိုယ့်မယ် ထိုင်မစားနိုင်သေးတော့ ဆရာဝန်ပြောသလို နေရအောင် တူမသားချင်းတွေဆီသွားပြီး နိုကိုးမလို့ပါ"

"ခင်ဗျား တူမဆိုတာ ဘယ်သူလဲ ... မိုင်းလ်အင့်မှာ ကျုပ် မသိဘဲလူ ခပ်ရှားရှားပဲ"

"ကျွန်တော့်တူမများက မိုင်းလ်အင့်ကို ရောက်တာ မကြာလှသေးပါဘူး။ အင်း ... သတိ ... သတိ ... ဟယ် တူမ နာမည်ကိုတောင် မေ့နေပြန်ပါပြီ။ မျက်နှာမြင်မှ သိတော့မှာပဲ"

"အင်း ... ခင်ဗျားအတွက် ကျုပ်ရင်လေးလှသဗျာ။ ကျုပ်က အခဲ့လျှောက်ပြီး စိမ်ဆေးရည်ရောင်းနေရတော့ ကျုပ်နဲ့အတူ ခင်ဗျား လိုက်လို့လည်း မဖြစ်သေးဘူး။ အခုလည်း ခင်ဗျားစောင့် ခေါ်နေရတာ တာတန်းက အခုမှလွန်ခါရှိသေး ... ကြည့်စမ်း ဟောဟိုရှေ့က မြင်ရတာ ရိုင်းကင့်(Roman Camp) လို့ ခေါ်တယ်။ တစ်မိုင်လောက်သွားရဦးမယ်။ ကိုင်း ... ကြိုးစားလိုက်ဦး။ ဩော် ... ခရီးကလည်းပန်း၊ ဝမ်းထဲမှာ အစာအာဟာရကလည်း မရှိတော့ နုံးခွေနေတာပေါ့။ ဒါနဲ့များ မိုင်းလ်အင့် ရောက်မှ စားရမတဲ့။ တူမနာမည်လည်း မမှတ်မိ၊ ညကြီးသန်းခေါင် ဘယ်သူက အရေးလုပ်ပြီး ခင်ဗျား တူမ လိုက်ရှာပေးမလဲ ... အင်း ... ဒုက္ခပါပဲ"

သို့ ညည်းတွားရင်း အန်ကယ်ရိုဂျာသည် ခြင်းတောင်းကြီးကို ပိုးလျက် ရှေ့မှ တစိုက်စိုက်သွားလေရာ၊ သူဌေးကြီးလည်း သူ့နောက်မှ လိုက်ပါသွားလေ၏။ ဩော် ... သူတော်ကောင်းပဲ ယောက်တော့ တွေ့ရပေပြီ။ အင့်မိတန် စိတ်သဘောထားကောင်းတဲ့ အစ်ယောက်။ နောက်လည်း တွေ့ရဦးမှာပဲ။ အိပ်မက်ထဲမှာ အင်ဂျလာ တွေ့တာ သိပ်မှန်တာပဲ" ဟု သူဌေးကြီးသည် အတိတ်ကို ပြန်၍စဉ်းစား နေလေသည်။

*

www.burmeseclassic.com



‘အန်တီကိတ်’ ၏ ထမင်းဆိုင်ကလေးသည် ညီညာသော မျက်နှာပြင်ရှိသည့် ကုန်းမြင့်ကလေးတစ်ခုပေါ်တွင် အတော်အတန် သားနားသပ်ရပ်စွာ တည်ရှိလျက်ရှိ၏။ ရှေ့မျက်နှာစာတွင်လည်း ကျယ်ပြန့်သော မြက်ခင်းကို ပန်းပင်ကလေးများက တံတိုင်းသဖွယ် ကာရံလျက်ရှိနေ၏။ မနီးမဝေးရှိ ဘုရားရှိခိုး ကျောင်းကြီးမှာ မားမားမတ်မတ်၊ စွင့်စွင့်ကားကား တည်ရှိလျက် ရွာတွင် အမြင့်ဆုံးသော အဆောက်အဦ ဖြစ်လေသည်။

အန်ကယ်ရိုဂျာသည် ထိုထမင်းဆိုင်ကလေး အတွင်းရှိ ထောင့်ကျကျ တစ်နေရာသို့ဝင်သွားရာ သူဌွေးကြီးလည်း နောက်မှလိုက်ပါသွားလေ၏။ ဆိုင်ရှင်၏သမီးကလေးသည် သူတို့ရှိရာသို့ ချက်ချင်းရောက်လာပြီးလျှင် “အန်ကယ် ဘာစားမလဲ” ဟု မေးလေသည်။ ဆေးဆရာကြီးသည် သူ၏ကျောပိုးခြင်းကြီးကို ထောင့်တစ်ထောင့်သို့ လွှဲချရင်း “ကြက်စွပ်ပြုတ်နှစ်ခွက် အရင်ယူခဲ့၊ ပြီးတော့မှ ငါးခါတိုင်းစားသလို ကော်ဖီနဲ့ ပေါင်မုန့်ယူခဲ့” ဟု ပြောလိုက်လေသည်။ ထို့နောက် ဆရာကြီးသည် ဆေးမြစ်တောင်းထဲမှ သူ၏ဆေးရည်ပုလင်းကိုယူ၍ စားပွဲပေါ်၌ တင်ထားလိုက်ပြီးလျှင် ဖန်ခွက်အလွတ်တစ်လုံးကို ယူခဲ့ရန် ထပ်၍မှာလိုက်လေသည်။ အနီးပတ်ဝန်းကျင်တွင် စားသောက်နေကြသောသူအချို့ကလည်း ‘အန်ကယ်ကြီး ဒီကနေ့ ဘယ်နောက်ကျပါကလား” ဟု နှုတ်ဆက်မေးမြန်းကြရာ အန်ကယ်ရိုဂျာက “အေးဟေ့ … နောက်ကျတာပေါ့ကွယ်။ ဟောဒီက နာလန်ထကာစ မိတ်ဆွေကို စောင့်ခေါ်နေရတာကိုးကွယ်။ ငယ်ငယ်တုန်းကတည်းက လူချင်းကွဲသွားကြတာ အခုမှပြန်တွေ့ကြတယ်ကွယ့်။ အခု သူက သူ့တူမ များဆီသွားမလို့ မိုင်းလ်အင်မှာလေ ကွယ်။ သူက မမာပြီး သတိသိပ်မကောင်းတော့ ခရီးစဉ်ကို ကောင်းကောင်းမမှတ်မိသလို ဖြစ်နေတယ်” စသည်ဖြင့် နားထောင်သူများ သံသယရှင်းလောက်အောင် စီကာပတ်ကုံးပြောပြလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

သူဌေးကြီးဒေးဗစ်သည် ကြက်စွပ်ပြုတ်ကိုသောက်ရင်း အန်ကယ်ရိုဂျာ ပြောသောစကားများကို စဉ်းစားလျက်ရှိလေ၏။ "နေပါဦး — သူက ငါ သူဌေးတစ်ယောက်ဖြစ်တာကို သိလို့များ ပြောနေတာလား။ ဟင် ... သိဖို့ အကြောင်းလည်း ဘာမှမရှိပါဘူး။ ပြီးတော့ သူက ငါ့ကို ဘာဖြစ်လို့ သူငယ်ချင်းလို့ ပြောပါလိမ့် ... ဩော် ... သိပြီ ... သိပြီ ... အန်ကယ်ရိုဂျာဟာ ဒီတစ်ဝိုက်မယ် ဆေးဆရာကြီးဖြစ်ပြီး လူတွေက ချစ်ခင်ရိုသေကြတယ်။ သူ့ရဲ့မိတ်ဆွေဆိုတော့ ငါ့ကိုလူများက ရိုသေလေးစားစေချင်တဲ့စိတ်နဲ့ ပြောတာပဲ။ အင်း ... အင်း ... တော်ပါပေတယ်" ဟု စိတ်ထဲက ချီးကျူးမိ၏။

အန်ကယ်ရိုဂျာမှာ အစားမြန် အသွားမြန် စိတ်ကလည်း မြန်သူဖြစ်၍ ဒေးဗစ်စွပ်ပြုတ်သောက်၍ မပြီးမီပင် ကော်ဖီရောမုန့်ပါ စားသောက်ပြီးလေပြီ။ သူသည် စိမ်ဆေးအရက်ကို တစ်ခွက်သောက်ချလိုက်ပြီးလျှင် ဆိုင်ကပေးသော ဖန်ခွက်ထဲတွင် တစ်ခွက်ငှဲ့ထည့်လိုက်ပြီးနောက် ဒေးဗစ်ရှေ့သို့ ချထား၍ စိမ်ဆေးပုလင်းကို တောင်းထဲကို ပြန်၍သိမ်းဆည်းလိုက်၏။ ထို့နောက် အန်တီကိတ်အား လက်ယပ်၍ခေါ်ပြီးလျှင် ပိုက်ဆံကို ထုတ်၍ ပေးရင်း တီးတိုးလေဖြင့် —

"သမီးရေ ... ဟောဒါ ငါ့သူငယ်ချင်းကွယ့်။ သူက နာလန်ထစ နက်ဖြန် မိုင်းလ်အင့်ကို သွားမယ်။ သူ့တူမများရှိတဲ့ နေရာပေါ့ကွယ်။ ဒီတော့ အခုည ဒီမှာတစ်ည အိပ်ဖို့ အိပ်ရာနေရာအတွက် သမီးက ကြည့်ပြီး စီမံပေးလိုက်ပါ။ အန်ကယ်က သန်ဘက်ခါမှ မိုင်းလ်အင့်ကို ရောက်မယ်။ ဒီညအချိန်လည်း နောက်ကျနေပြီ။ ဆေးပေးရမယ့် လူနာတွေ ရှိသေးတယ်။ ရော့ ... ဒါက အခုစားတဲ့အတွက် ဒါက မနက်မှာ ဒေးဗစ်စားဖို့အတွက် မနက်ကျတော့သာ မိုင်းလ်အင့် သွားတဲ့လမ်း ... ဖြတ်လမ်းကို ပြောတာနော်။ ပေတစ်ရာပေါ် ရောက်တော့ လမ်းမှားနိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီဖြတ်လမ်းသွားမယ့် လူကြုံမေးပြီး သူ့ကို ထည့်လိုက်ပါကွယ်။ ကိုင်း ... ဒေးဗစ် ကျုပ်သွားဦးမယ်နော်။ သန်ဘက်ခါ တွေ့ကြသေးတာပေါ့ ... ဂွတ်နိုက် ... ဂွတ်နိုက်" ဟု နှုတ်ဆက်ပြီးနောက် ထမင်းဆိုင်ကလေးမှ ထွက်ကာ တစ်ခါတည်း သုတ်ချီတင်လေတော့၏။

သူဌေးကြီးလည်း ပြန်၍ နှုတ်ဆက်လိုက်ပြီးလျှင် ကြမ်းတမ်းသော ပေါင်မုန့်တစ်ချပ်ကို ကော်ဖီဖြင့် ကျိုက်ခါမျိုချလျက် ရှိလေသည်။ ဆိုင်ရှင်အန်တီကိတ်သည် မကြာမီ ကြက်ဥပြုတ်တစ်လုံးကို ယူလာပြီးနောက်"အဖေကြီး၊ ဟောဒါ ... ကျွန်မက ကုသိုလ်ပြုမါတယ်။ ပိုက်ဆံ မပေးရပါဘူး"ဟုပြောကာ ကြက်ဥပြုတ်တစ်လုံးကို ပေးလေသည်။

ထိုအချိန်၌ လူငယ်တစ်စုသည် တစ်ယောက်နှင့်တစ်ယောက် ဆူညံစွာ စကားပြောဆို၍ ဆိုင်ထဲသို့ ဝင်လာကြ၏။ သူတို့သည် စားဖွယ်သောက်ဖွယ်များကို မှာယူစားသောက်ကြရင်း စကားပြောသူကပြော၊ သီချင်းဆိုသူကဆို၊ ငြင်းသူကငြင်း စသည်ဖြင့် ဆူညံစွာ ရှိနေကြကုန်၏။ သူဌေးကြီးသည် စားသောက်ပြီးသော်လည်း နေရာမှ မထသေးဘဲ ငြိမ်သက်စွာ ထိုင်မြဲပင် ထိုင်လျက် ရှိလေသည်။ ထိုအချိန်၌ ဆူညံစွာ ပြောဆိုလျက်ရှိသော ဝိုင်းထဲမှ တွမ်မ် ဆိုသူ လူငယ်တစ်ယောက်သည် သူဌေးကြီးအား မြင်လိုက်မိရာ အဆာအရေ ဖြူဖပ်ဖြူရော်ရှိနေပုံနှင့် ကိုယ်တွင် ဝတ်စားထားသော အဝတ်ကြမ်းများကို အကဲခတ်ပြီးလျှင် "အင်း ... နာလန်ထခါစ အလုပ်ကြမ်းသမားကြီးနဲ့ တူတယ်။ နေပုံကလည်း ငိုင်တိုင်တိုင်နဲ့ ခများ ဆေးလိပ်တောင် မသောက်နိုင်ရှာဘူးနဲ့တူတယ်" ဟု အောင်မေ့ကာ ဆိုင်ရှင် အန်တီကိတ်အား တိုးတိုးမေးမြန်းကြည့်လေ၏။ ထိုအခါ အန်တီကိတ်က အဘိုးကြီးမှာ အန်ကာယ်ရိုဂျာ၏ သူငယ်ချင်းတစ်ယောက် ဖြစ်၍ သူစားသောက်သော အစားအစာများအတွက် ပိုက်ဆံထုတ်ပေးသွားကြောင်း ၎င်းစားသောက်မည့် နံနက်စာအတွက်ပါ တာဝန်ယူသွား

www.burmeseclassic.com



ကြောင်း၊ မိမိကိုယ်တိုင်ကပင် အဘိုးကြီးအား သနားသဖြင့် ကြက်ဥပြုတ်တစ်လုံးကို ဒါနလုပ်လိုက်ရကြောင်း၊ ဤကဲ့သို့ပြောခြင်းမှာ ဂုဏ်ဖော်ခြင်းမဟုတ်ကြောင်းဖြင့် ပြောပြလေ၏။

ထိုအခါ လူငယ်သည် မနီလာမြို့ထွက် ဆေးပြင်းလိပ် တစ်လိပ်ကို မီးညှိ၍ သူဌေးကြီးအား ပေးလိုက်ပြီးနောက် –

တွမ်မ် ။ ။ "ဘကြီး ရော့ ... ရော့ ... ဒီရွာမယ် ဒီဆေးလိပ်မျိုးဘုန်းတော်တစ်ယောက်ပဲ သောက်တယ်။ ပိုက်ဆံချမ်းသာလို့တော့ မဟုတ်ပါဘူး။ ဆေးလိပ်ကောင်း ကြိုက်တတ်တဲ့လူမို့ပါ"

ဒေးဗစ်။ ။ "သာဓုကွယ် ... သာဓု ... သာဓု ... ကျေးဇူးတင်ပါတယ်"

ထိုအချိန်တွင် ဘုရားရှိခိုးကျောင်းဝင်းဆီမှ ဘုန်းတော်ကြီးတစ်ပါးသည် ဆူညံစွာ ဟစ်အော်ရင်း ဆိုင်ထဲသို့ ဝင်လာပြီးလျှင် လူငယ်တစ်ယောက်အား –

"ဟေ့ ... မင်းတို့တစ်တွေ အော်ကြီးဟစ်ကြီးနဲ့ ဘုရားရှိခိုးတဲ့အလုပ်တောင် ဖြောင့်အောင် မလုပ်ရဘူး။ ငါမြို့ဝန်ဆီကို သွားတိုင်ရမလား"

သို့ပြောဆိုရင်း ဘုန်းတော်ကြီးသည် ဒေးဗစ် ဆေးလိပ်သောက်နေသည်ကို မြင်သွားလေသည်။ သို့နှင့် အဘိုးကြီးဘက်သို့လှည့်ကာ–

"ဆိုင်ထဲမှာတော့ ဘာတစ်ခုမှ အဝေါက်အလမ်းတည့်တာ မမြင်ဘူး။ ကြည့်ပါဦး ... ဟိုအဘိုးကြီးကလည်း လူကတော့ ကူလီ၊ သောက်နေတာက မနီလာဆေးလိပ်၊ ကူလီက သူဌေးဂိုက် ဖမ်းနေတယ်"

တွမ်မ် ။ ။ "ဟာ ... ကိုယ်တော် အရမ်းမပြောနဲ့ ... ဆေးလိပ်ကတပည့်တော်က ပေးတာပါ။ သူ့ခမျာ ငတ်ပြတ်နေရှာပါတယ်။ အဘိုးကြီးကိုတော့ မထိနဲ့ ကိုယ်တော်"

www.burmeseclassic.com



ဘုန်း ။ ။ "ဟော ... ဟုတ်လား။ ငါမသိလို့ပါ တွမ်မ်ရ။ ဒီမှာ ... ဒကာကြီး ကျုပ်ပြောတာ သည်းခံပါနော်"

သို့ ဒေးဗစ်အား ပြောဆို တောင်းပန်ပြီးနောက် ဘုန်းကြီးသည် ဆိုင်ထဲမှ ထွက်သွားလေသည်။ အန်တီကိတ်သည် ဒေးဗစ်အား အိပ်ခန်းကိုပြရန် လာခေါ်သဖြင့် လိုက်ပါသွားရလေ၏။ အန်တီကိတ်ခေါ်သွားသောအခန်းမှာ ဆိုင်၏ရှေ့မျက်နှာစာ ဆင်ဝင်၏ အပေါ်ထပ်တွင် ရှိသော အခန်းငယ်ကလေးတစ်ခုဖြစ်၍ လှေကားတစ်ခု သီးသန့်တပ်ဆင်ထား၏။ အခန်းတွင်း၌ကား ကုတင်တစ်လုံး စားပွဲငယ်တစ်ခုနှင့် ကုလားထိုင်နှစ်လုံးအပြင် တခြားပစ္စည်းဟူ၍ တစ်စုံတစ်ရာမျှ မရှိချေ။

ဒေးဗစ် ။ ။ "ကျေးဇူးပါပဲကွယ်။ ဒါ့ထက် တွမ်မ်ကို ဘုန်းကြီးက အတော်လန့်သွားသနဲ့ တူတယ်"

ကိတ် ။ ။ "လန့်ပါသော်ကော အဘရဲ့။ တွမ်မ်က မဟုတ်မခံ တဇွတ်ထိုးသမား။ သူ့ရိုးသူ့ဖက် လူဆိုးတော့မဟုတ်ပါဘူး ... လူကောင်းတစ်ယောက်ပါ။ ဒါ့ထက် ဟောဒီ ဖယောင်းတိုင်ကို အဘ အိပ်တဲ့အခါ သတိထားပြီး မီးငြိမ်းထားပါနော်။ ဒီအခန်းဟာ ကျွန်မအဖေရဲ့အခန်း ဘယ်သူမှ မတည်းခိုရဘူး။ ကျွန်မတို့ နေ့တိုင်း နေ့တိုင်း ဒီအခန်းမယ် အမြဲဘုရားဝတ်ပြုတယ်"

"အေးကွယ် ... အမိအဘကို အစဉ်အမြဲ သတိရတယ်ဆိုတာ အကောင်းဆုံးပေါ့။ ဘုရားသခင်က စောင့်ရှောက်ပါလိမ့်မယ်။ သာဓု ... သာဓု"

အန်တီကိတ်ကလည်း ပြန်၍သာဓုခေါ်ပြီးလျှင် အောက်ထပ်သို့ ဆင်းသွားလေ၏။ သူဌေးကြီးလည်း ဖယောင်းတိုင်ကို မီးငြိမ်းပြီးနောက် ခုတင်ပေါ်တွင် အိပ်လေ၏။ သို့သော် ရုတ်တရက် အိပ်မပျော်သေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ် ဆိုင်ခန်းထဲမှ တွမ်မ် ပြောဆိုနေသော စကားသံများကို ခပ်သဲ့သဲ့ ကြားလိုက်ရ၏။

"ဟော့ ... တို့အကောင်တွေ ပါတာထည့်ကြစမ်း။ ငါ့မယ် ၅ ပဲနိပဲ ရှိတော့တယ်။ ကဲ ... ကဲ ... ဒါပဲလားကွ ... မှန်းစမ်း ... ၁၁ ပဲနိ"

တွမ်မ်၏ အသံတိတ်ဆိတ်သွားလေသည်။ နောက် ၅ မိနစ်လောက် ကြာသောအခါ သူဌေးကြီးသည် မိမိအခန်းသို့ တက်သောလှေကားဆီမှ ကျိတ်၍ နင်းတက်လာသော ခြေသံတစ်သံကို မထင်မရှား ကြားလိုက်ရ၏။ အခန်းတွင်း၌ မီးမရှိသဖြင့် မှောင်နှင့်မည်းမည်း ဖြစ်သော်လည်း အိုမင်းဟောင်းနွမ်းလျက်ရှိသော အခန်းပျဉ်ထောင်မှာ ခပ်ကျဲကျဲဖြစ်နေသဖြင့် အပြင်တွင် လင်း၍နေသော လရောင်သည် ထိုနံရံများကြားမှ အခန်းထဲသို့ တိုးဝင်လျက်ရှိရာ ပိုးဝါးမျှ မြင်နိုင်၏။ လှေကားမှ နော်ခနဲဖြစ်သဖြင့် ခြေချလိုက်တိုင်း ကျွီခနဲ ကျွီခနဲ မြည်သော အသံကို ဖြစ်စေ၏။ အသံမှာ အပေါ်သို့ တဖြည်းဖြည်း နင်းတက်လာသော အသံဖြစ်သောကြောင့် သူဌေးကြီး သိရှိရ၏။ တံခါးမှာလည်း အတွင်းမှ မင်းတုန်း မထိုးခဲ့မိသဖြင့် အိပ်ရာမှ အတန်ငယ် ခေါင်းငဲ့၍ ကြည့်လိုက်ရာ တစ်စုံတစ်ယောက်သော သူသည် တံခါးကို အပြင်မှ တဖြည်းဖြည်း တွန်းဖွင့်နေသည်ကို သိရလေ၏။

ရုတ်တရက်သော် သူဌေးကြီးသည် အတော်ပင် ထိတ်လန့်၍ သွားရှာ၏။ "ငါ့မှာ 'ချက်' စာအုပ်တစ်အုပ် လိုလိုမယ်မယ် ယူလာခဲ့တာ သူတို့သိလို့များလား ... ဘုရား ... ဘုရား" ဟု တွေးတောရင်း ဇောချွေးများပင် ကျလာ၏။

တံခါးရွက်သည် တရွေ့ရွေ့ ပွင့်လာပြီးနောက် လူတစ်ယောက်၏ မှိုသဏ္ဌာန်သည် အိပ်ရာဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာရာ ယင်းသဏ္ဌာန်မှာ တွမ်မ်ပင်ဖြစ်ကြောင်း ကောင်းစွာ တွေ့မြင်သိရတော့၏။

www.burmeseclassic.com



သို့သော် တွမ်မ်သည် သူ၏လက်ယာဘက်လက်ကို ရှေ့သို့ဆန့်တန်းကာ လက်ထဲတွင် ခပ်ဖြူဖြူ အရာဝတ္ထုကလေးတစ်ခုကို လက်သုံးချောင်းဖြင့် ကိုင်ထားသကဲ့သို့ ထင်ရ၏။ သူသည် တစ်လှမ်းချင်း အိပ်ရာဆီသို့ တိုး လာနေလေသည်။ သူဌေးကြီးသည် ဓားချွေးများပြန်လျက် 'ဟ ... ဒီဖြူဖြူ ကလေးက ဘာလဲ။ ဓားလား၊ သေနတ်လား။ ဒီလိုလည်း ဟုတ်မထ မထင်ပါဘူးလေ။ ဘာများပါလိမ့်' ဟု စဉ်းစားရင်း အဘိုးကြီးသည် အိပ် ဟန်ဆောင်ကာ မလှုပ်မယှက် နေလိုက်လေ၏။ တွမ်မ်သည် အိပ်ရာနှ နီးကပ်လာသောအခါ သူ၏လက်ယာဘက်လက်ကို ဆန့်တန်းကာ အိ ပျော်လျက် အသက်မှန်မှန်ရှူဟန်ဆောင်နေသော အဘိုးကြီး၏ ရင်ဘတ် ပေါ်သို့ ဖြူဖြူအရာဝတ္ထုကလေးကို အသာအယာ တင်ထားလိုက်လေ သည်။ ယင်းအရာဝတ္ထုကလေးမှာ ခပ်လေးလေး ခပ်တွဲ့တွဲ့ကလေး ဖြ ကြောင်း သတိပြုလိုက်မိ၏။ တွမ်မ်သည် ခြေဖျားထောက်ကာ အခ တွင်းမှ ခပ်ဖြည်းဖြည်း ပြန်ထွက်သွားလေသည်။

လှေကားအောက်သို့ ရောက်သောအခါ ဆိုင်အတွင်းမှ ကိုတ ရှယ်မောသံကို ခပ်သဲ့သဲ့ ကြားရ၏။ သူဌေးကြီးသည် မိမိရင်ဘတ်ပေ တွင် တွမ်မ်က တင်ထားခဲ့သော အရာဝတ္ထုကလေးကို လက်ဖြင့် စမ်းသ ကြည့်သောအခါ စက္ကူတစ်ခုဖြင့် ထုပ်ထားသော အထုပ်ကလေးတစ် ဖြစ်ကြောင်း သိရ၏။ သို့နှင့် မည်သို့မျှ မပြုလုပ်သေးဘဲ ငြိမ်သက် နေပြန်လေသည်။ ထို့နောက် အောက်ထပ်မှ ဆိုင်တံခါးများ ပိတ်သံ ကြ ရလေရာ သူဌေးကြီးသည် အိပ်ရာမှ ဖြည်းညင်းစွာထ၍ ဖယောင်းတ ထွန်းကာ အထုပ်ကလေးကို ဖြေကြည့်ရာ ပိုက်ဆံပဲစေ့မှူးစေ့များသို့ တွေ့ လေသည်။ အားလုံးစုစုပေါင်း ၁၁ ပဲနီရှိ၍ စာတိုကလေး တစ်ခုကိုလည်း တွေ့ရ၏။ စာကိုဖတ်ကြည့်သောအခါ တွမ်မ်နှင့် အပေါင်းပါတို့၏ ဟုရေးထားသည်ကို တွေ့ရလေသည်။ သူဌေးကြီးသည် မျက်ရည်များ

www.burmeseclassic.com



လည်၍လာမိ၏။ ထို့နောက် သူ၏ မှတ်စုစာအုပ်ကိုထုတ်ကာ အောက်ပါ စာစည်များကို ရေးသားလေသည်။

(၁) အန်ကယ်ရိဂျာ

(၂) အန်တီကိတ်

(၃) တွမ်နှင့် အပေါင်းပါများ
(ရိုးမင်းကင် ထမင်းဆိုင်)

သူဌေးကြီးသည် အိပ်ရာပေါ်တွင် တစိမ့်စိမ့်တွေး၍ နေမိ၏။ ဒီမြို့ကြီးသားတွေနဲ့ တောရွာကလေးတွေနဲ့တော့ သိပ်ကွာတာပဲ။ မြို့သားကတော့ တုဖို့၊ ပြိုင်ဖို့၊ တစ်ဦးပေါ်တစ်ဦး လွှမ်းမိုးဖို့၊ အသားယူဖို့၊ ညှိတ်ဖို့၊ နှိပ်ဖို့၊ လိမ်ဖို့၊ ဖြတ်ဖို့ပဲ ကြံနေကြတယ်။ ပစ္စည်းဥစ္စာဆိုရင်လည်း ငမ်းငမ်းတက်လောဘရမက်ထွက်ပြီး လူ့အသက်တစ်ချောင်းတောင် ပမာဏ မထားကြဘူး။ ခေါ်တဲ့ပြောတဲ့ ပေါင်းသင်းတဲ့နေရာမှာလည်း ပိုက်ဆံရှိတဲ့လူ၊ ဂုဏ်ရှိတဲ့လူမှ ရွေးပြီး ခေါ်ချင်ပြောချင် အဖက် လုပ်ချင်ကြတယ်။ အခု ငါကိုယ်တိုင် တောသားတွေကို တွေ့ရတာကတော့ မြို့သားတွေလို လောဘရမ္မက်မကြီးကြဘူး။ မာန်မာနတရားလည်း အင်မတန် နည်းပါးကြတယ်။ ကြည့်စမ်း ... ငါ့ကို ဆင်းရဲနေတဲ့ လူမွဲကြီးထင်ပြီး ကူညီချင်မှချင်တဲ့လူတွေ ကျွေးချင် မွေးချင်တဲ့လူတွေ ပြည့်နေတယ်။ ဪ ... ယဉ်ကျေးမှု ... ယဉ်ကျေးမှု ... ငါတို့မြို့က ယဉ်ကျေးမှုနဲ့ တောက ယဉ်ကျေးမှုဟာ တကယ် ကွာခြားတယ်ဆိုတာ ငါ ခုမှ ဒိဋ္ဌတွေ့ရပါပြီ ... ဟု စသည်ဖြင့် စဉ်းစားရင်း အိပ်ပျော်သွားလေ၏။

☺

www.burmeseclassic.com

www.burmeseclassic.com

# ၈

နံနက် ၇ နာရီခွဲတွင် အန်တီကိတ်လာ၍ နှိုးသောအခါမှ သူဌေး ကြီးသည် အိပ်ရာမှ နိုးလေ၏။ ထို့နောက် အောက်ဆိုင်ခန်းထဲသို့ ဆင်း ပြီးလျှင် အသင့်ပြင်ထားသော ကော်ဖီနှင့် ပေါင်မုန့်၊ အမဲစင်းကြော်တ ခွက်၊ ဘီယာတစ်ခွက်နှင့် ကြက်ဥပြုတ်တစ်လုံးတို့ကို စားသောက်လေ ၏။ ယမန်ညက အန်ကယ် ရိုဂျာက ကြိုတင်ပေးသွားသော ပိုက်ဆံမှ ကော်ဖီနှင့် မုန့်အတွက်သာ ဖြစ်၍ အပိုကျွေးမွေးသော အခြားစားသော ဖွယ်ရာများမှာ အန်တီကိတ်၏ စေတနာ ဖြစ်ကြောင်း သိရှိရလေသည်

စားသောက်ပြီးသောအခါ သူဌေးကြီးသည် အန်တီကိတ်အ နှုတ်ဆက်ပြီးနောက် အန်တီကိတ်က လမ်းပြထည့်ပေးလိုက်သော သူငယ် ချင်း ကလေးနှင့်အတူ လိုက်သွားရတော့၏။ ရွာမှ မိုင်ဝက်ခန့်သွားမိသေ အခါ သူတို့သည် တောစပ်တစ်ခုအနီးသို့ရောက်လာ၍ လိုက်ပို့သော ငယ်ချင်းသည် လမ်းခွဲလမ်းမြွာများကို ကျော်လွန်ပြီးလျှင် လမ်းမဟုတ် သော နေရာအထိ လိုက်၍ပို့လေ၏။

လမ်းပြသူငယ်ချင်းကလေး ပြန်သွားသောအခါ လမ်းမကြီး တွင် မော်တော်ကားတစ်စီး ခရီးပြင်း မောင်းသွားသော အသံကို ကြ လိုက်ရ၏။ သို့သော် မော်တော်ကားကိုကား တောအုပ်တစ်ခုကွယ်

www.burmeseclassic.com



သဖြင့် မမြင်လိုက်ရချေ။ သူသည် မကြာမီ ဂူကျောက်လမ်းမကြီးပေါ်သို့ ဘက်မီတော့၏။ လမ်းမှာ တောင်တန်းကလေးကို ဖြတ်ကျော်ကွေ့ ကောက်၍ ဖောက်လုပ်ထားသော လမ်းဖြစ်သဖြင့် အဝေးသို့ မျှော်ကြည့်၍ မမြင်နိုင်ပေ။ မကြာမီ မော်တော်ကားတစ်စီး အရှိန်ပြင်းစွာဖြင့် မောင်း၍ လာပြန်ရာ သူဌေးကြီးသည် တောင်ခြေရင်းဘက်သို့ ကပ်၍နေလိုက်၏။ သို့နှင့်ပင် မော်တော်ကားသည် သူ့အားထိလုမတတ် ပွတ်ကာသတ်ကာ အသည်းယားစရာ မောင်းသွားလေသည်။ အဘိုးကြီးသည် ဦးထုပ်ဖျော့ကို ခပ်ငိုက်ငိုက် ဆွဲယူပြီး ခရီးဆက်ပြန်လေသည်။

တောင်ကွေ့တစ်ခုသို့ ရောက်သောအခါ လမ်းနံဘေးရှိ ချုံဖုတ်သဲမှ ခွေးတစ်ကောင်၏ ညည်းညူသံကို ကြားရသဖြင့် သွားရောက်ကြည့်ရသောအခါ ချုံဖုတ်အောက်တွင် ညာဘက်လက်ကလေးကို မြှောက်ကာ ညည်းညည်းညူညူ တညူညူ အော်မြည်ကာနေသော ခွေးကလေးတစ်ကောင်ကို တွေ့မြင်ရလေ၏။ အပေါ်သို့မြှောက်သော လက်ကလေးမှာ ဆတ်ဆတ်ခါမျှ တုန်၍နေပြီးလျှင် လက်ချောင်းကလေးများတွင်လည်း သွေးသံရဲရဲ ဖြစ်နေသည်ကို တွေ့ရ၏။ သို့နှင့် သူဌေးကြီးသည် ချုံအောက်သို့ ဝင်ကာ ခွေးကလေးအနီးသို့ ချဉ်းကပ်သွားလေရာ ခွေးကလေးသည် အမြီးကလေးကို လှုပ်လျက် သူ့ထံသို့ ခြေထောက်နင်းဖြင့် ချဉ်းကပ်လာလေ၏။ ခွေးကလေး လည်ပင်း၌ကား လှပသော သားရေလည်ပတ်ကလေး တစ်ခုပတ်ထား၏။ လည်ပတ်ပေါ်တွင် အောက်ပါစလုံးများ ရေးထိုးထားသည်။

"ကျွန်တော့်နာမည် ချာလီ"

"ဂရုစိုက်ပါ ခင်ဗျာ"

သူဌေးကြီးသည် စာကိုဖတ်ပြီးနောက် "ဩော် ... ဩော် ... နာမည် ချာလီတဲ့လား၊ ဂရုစိုက်ရတာပေါ့ကွယ်" ဟု ဆိုကာ ဒဏ်ရာရ

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသော ခွေးကလေးကို ယုယစွာ ပွတ်သပ်ပွေ့ချီကာ လမ်းပေါ်သို့ တက်ခဲ့လေ၏။ တောင်တန်းအဆင်းတွင် စမ်းချောင်းငယ်တစ်ခုကို တွေ့ရ သဖြင့် ခွေးကလေး၏လက်မှ ဒဏ်ရာကို ချောင်းရေဖြင့် ဆေးကြောသုတ် သင်ပေးပြီးလျှင် လက်ကိုင်ပဝါတစ်ထည်ဖြင့် ပတ်တီးစီးပေးလေ၏။ ခွေး ကလေးမှာ မင်းစိုးရာဇာ အရာရှိကတော်များ ယုယစွာ အလှမွေးမြူ တတ်သည့် အငယ်စားခွေးမျိုးဖြစ်၏။ သူဌေးကြီးသည် ခွေးကလေးကို ပွေ့ချီရင်း ရှေ့သို့ခရီးဆက်ပြန်ရာ ထိုအချိန်၌ကား မွန်းတည့်ရှိန်ရှိန် ရှိနေ လေပြီ။ နေအရှိန်မှာ အတော်ပင် ပြင်းထန်ပူလောင်သဖြင့် ပင်ပန်းကြီးစွာ သွားရ၏။ ထိုအတွင်း သူ၏နောက်ကျောမှ မြင်းရထားတစ်စီး မောင်းနှင် လာရာ သူဌေးကြီးသည် လမ်းဘေးသို့ တိမ်းရှောင်လိုက်ပြီးလျှင် သွား သွားနေ၏။ ဘေးချင်းယှဉ်၍ လျှောက်လာသောအခါ မြင်းရထားသည် အတန်ငယ်ရပ်ဆိုင်း ပြီးနောက် ရထားဆီမှ မိမိအား မေးမြန်းသော အသံ တစ်သံကို ကြားရ၏။

မြင်းရထားမောင်းသမား ။ ။ "ဘဘကြီး ဘယ်သွားမလို့ နေကလည်း ပူပါဘိသနဲ့"

ဒေးဗစ်။ ။ "မိုင်းလ်အင့်ကို သွားမလို့"

မြင်းရထားမောင်းသူမှာ မိန်းကလေးတစ်ယောက် ဖြစ်၍ရထား ၏ နောက်ပိုင်းမှာ လှည်းတစ်စီးကဲ့သို့ ပုံသဏ္ဌာန်ရှိပြီးလျှင် အပေါ်မှ ကုန်ပစ္စည်းများ တင်ထားလေသည်။

မောင်းသူ။ ။ "ဒါဖြင့် တက်ခဲ့ပါ ဘကြီး ... ကျွန်မ အနေ နေရာရှိ ပါတယ်။ ကျွန်မက နွားနို့ပို့သွားမလို့ပါ"

ရထားမောင်းသူ မိန်းကလေး၏ စကားကို ကြားသောအခါ သူဌေးကြီးသည် ခပ်တွေတွေ ရပ်ရင်း စဉ်းစားလျက် ရှိလေ၏။

"အခမပေးရပါဘူး ဘကြီးရဲ့။ ဘကြီးနေပူမိနေမှာ စိုးလို့ပါ

www.burmeseclassic.com



"ကလေးမမှာလည်း ဝန်တွေအပြည့်နဲ့ မဟုတ်လား"

"တက်သာတက်ပါရှင်။ ကျွန်မ မြင်းနှစ်ကောင်က ဒီခရီးလောက်ဆော့ ဘာမှ မထိပါဘူး။ အမယ် ဘကြီးခွေးကလေးက လှလိုက်တာ"

ထိုအခါ၌ကား သူဌေးကြီးသည် ရထားပေါ်သို့ တက်ခဲ့လေပြီ။

"လွန်လာတဲ့ တောင်ကုန်းလမ်းနံဘေး ချုံထဲမှာ တွေ့တာနဲ့ သနားလို့ ယူလာတယ် ကလေးမရဲ့။ ခများ ညာဘက်လက်ကလေး တစ်ခုတ် ကြေနေရှာတယ်။ ဆေးဝါးလည်း မရှိလို့ လက်ကိုင်ပဝါနှင့် ပတ်တီးစည်းပေးမှ ငြိမ်သွားရှာတယ်"

"မိုင်းလ်အင့်မှာ တိရစ္ဆာန်ဆရာဝန် ရှိပါတယ်။ ကျွန်မ လိုက်ပို့ပေးမယ်လေ။ ပိုက်ဆံကြေးငွေမရှိတဲ့လူဆီမှာ အခမတောင်းပါဘူး ဘကြီးရဲ့။ ပေးနိုင်ကမ်းနိုင်တဲ့ လူများဆီကတောင် အလွန်အကျူး မတောင်းပါဘူး။ ဒီလူက တကယ့်သူတော်ကောင်း ဘကြီးရေ။ သူ့မှာလည်း ချမ်းသာသူတာ မဟုတ်ပါဘူး"

"အေး ... အေး ... ကျေးဇူးတင်ပါတယ် ကလေးမရယ်"

အတန်ငယ်ကြာလတ်သော် မြင်းရထားသည် မိုင်းလ်အင့်ရွာကြီးသို့ ရောက်လာလေ၏။ မကြာမီ မိန်းကလေးသည် ရထားရပ်တန့်လိုက်ပြီးနောက်–

"ဘကြီး ... ဟောဟို ဆိုင်းဘုတ်နဲ့ အိမ်ကို ဝင်သွား၊ ကျွန်မအစည် ဂျိန်းလို့ခေါ်တယ်။ ဟိုတယ်ကို နွားနို့ပို့နေတဲ့ မိန်းကလေး လွှတ်လိုက်တယ်လို့ ပြောချင်လည်း ပြောပါ။ သူစိမ်းပြင်ပြင်ကိုပေမဲ့ ကူညီတတ်ပါတယ်။ ကျွန်မ နွားနို့ပုံးတွေချပေးပြီး ချက်ချင်းပြန်ခဲ့မယ်"

"အေး ... အေး ... ကျေးဇူးပါပဲကွယ်။ ခွေးကလေး ဆေးထည့်ပြီးရင် ဘကြီး ခရီးဆက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် ပြောပြောဆိုဆိုနှင့် ခွေးကလေးကို ပိုက်ကာ မြင်းရထားပေါ်မှ ဆင်းသွားပြီးနောက် တိရစ္ဆာန်ဆရာဝန်၏ အိမ်အတွင်းသို့ ဝင်သွားလေ၏။ ဆိုင်တွင်းသို့ မဝင်မီ ဆိုင်းဘုတ်ပေါ်၌ "ဒေါက်တာအာနိုး" ဟု ရေးထားသည်ကို သတိပြုလိုက်မိ၏။ ဆိုင်တွင်းသို့ ရောက်သောအခါ အခန့်သင့် ဆရာဝန်နှင့် တွေ့ရ၍ အကျိုးအကြောင်းပြောပြရာ ဆရာဝန်သည် ခွေးကလေး၏ ဒဏ်ရာကို ကြင်နာယုယစွာ ဆေးထည့်ပေး ပြီးနောက် နောက်ထပ် တစ်နေ့တစ်ကြိမ် ဆေးအသစ် ထည့်ရန်ကိုလည်း လေးငါးရက်စာအတွက် ဆေးများကို ကောင်းစွာ ထုပ်၍ ပေးလိုက်သေး၏။ သူဌေးကြီးက ဆေးဖိုးဝါးခအတွက် မည်မျှပေးရမည်ဖြစ်ကြောင်း မေးမြန်းသောအခါ ဆရာဝန်က —

"ဘကြီးမှာ ပစ္စည်းဥစ္စာ ရှားပါးပုံရပါတယ်။ ဆေးဖိုးဝါးခ ပေး နိုင်ပေမဲ့ မပေးပါနဲ့တော့ ခင်ဗျာ။ ဘကြီး သုံးလိုရာသာ သုံးပါ။ ကျွန် တော့်မှာ မကျပ်တည်းလှပါဘူး။ ကျွန်တော့်ထက် ဘကြီးက ပိုပြီး ကျပ် တည်းလိမ့်မယ် ထင်ပါတယ်"

ကြီး ။ ။ "သာဓုပါ မောင် ... သာဓု ... သာဓု ... ဘုရား သခင် ကြည့်မနေပါဘူး။ တစ်နေ့တော့ တူမောင်ကို ဘုရားသခင် မုချ ကူညီပါလိမ့်မယ်"

"ဘုရားသခင် အလိုတော်ပြည့်ပါစေခင်ဗျာ ... သာဓု"

သူဌေးကြီးသည် လမ်းပေါ်သို့ ပြန်၍ ထွက်ခဲ့လေရာ ထိုအချိန် ဂျိန်း ၏ မြင်းရထားသည်လည်း ဆိုင်ရှေ့သို့ ဆိုက်ရောက်လာလေသ

ဂျိန်း ။ ။ "ဘယ်နှယ့်လဲ ဘကြီး ... ကိစ္စပြီးခဲ့ပြီလား၊ မြင် လှည်းပေါ် တက်လေ ဘကြီး"

ကြီး ။ ။ "အို ...နေပါစေတော့။ ဆရာဝန်ကလေးကြောင့် သိပ်ကော ရှာပါတယ်ကွယ်။ သမီးက ရှေ့ဘက် ပြန်ရမယ် မဟုတ်လား။ ဘကြီး

www.burmeseclassic.com



နောက်ဘက်သွားရမှာ၊ တစ်လမ်းစီ ဖြစ်နေတာပဲကွယ်။ နေပေစေ ... နေပေစေ"

"အနောက်ဘက်က ရွာကလေး အရောက်ပို့မယ်။ ကျွန်မ အဲဒီရွာမှာ အသိတစ်ယောက်တွေ့စရာ ရှိသေးလို့ ဘကြီးရဲ့"

"အေး ... အေး ... ဒါဖြင့်လည်း ကောင်းပါလေရဲ့ကွယ်။ အခန့်သင့်ပဲ"

ပြောဆိုပြီးနောက် သူဌေးကြီး ဒေးဗစ်သည် ဂျိန်း၏ ရထားပေါ်သို့ တက်ကာ စီးနင်းလိုက်ပါသွားလေ၏။

ဂျိန်း ။ ။ "နေပါဦး ... ဘဘကြီးက ဘယ်ရွာသွားမှာလဲ"

ကြီး ။ ။ "ဒီလိုကွယ် သမီးရယ်။ ဘကြီးဟာ အသည်းအသန်ဖျားပြီး သတိလစ်တဲ့ အဖတ်တင်ကျန်ရစ်တယ် ဘကြီးရဲ့။ သမီးက ဒီသမီးမကြီး အဆုံးရွာမှာ ရှိတယ်။ အဲဒီ အရောက်သွားရမှာပဲ"

"ဘကြီးပြောတဲ့စကား ကောင်းကောင်းပြန်ပြီး စဉ်းစားစမ်းပါဦး။ ဒီလမ်းကြီးအဆုံးမယ် ဘယ်ရွာမှ မရှိဘူး။ ပင်လယ်ကျောက်ကမ်းပါးကြီးပဲ ရှိတော့တယ် ဘကြီးရဲ့။ ဩော် ... နေဦး၊ နေဦး၊ အဲဒီ ကျောက်အင်္ကြီးရဲ့တစ်ဘက်မှာတော့ 'ကိတ်ပ်ဘေး' ဆိုတဲ့ ရွာကလေးရှိတယ်။ တောင်ကျွန်းကလေးတော့ ခြားနေတယ်။ နို့ပေမဲ့ မဝေးလှပါဘူး။ လူသွားလမ်းကလေးလည်း ရှိတယ်"

"အေး ... အေး ... အဲဒီရွာပေါ့ကွယ့်"

"လမ်းမယ် ညအိပ်တည်းခိုစရာမရှိရင်လေ တော်တဲ့ဆိုင်မှာ ရှိန်းရဲ့ ဆွေမျိုးလို့သာပြော၊ ဒီတစ်လျှောက် ဟိုတယ်ဆိုင်တွေမှာ ကျွန်မနဲ့ အမြဲသွင်းနေတယ် ဘကြီးရဲ့။ ဒီဘက်ကိုပို့တဲ့ မြင်းလှည်းက မြင်းကြီး မနက်စောစောပိုင်း ပို့ရတယ်။ အခုကျွန်မ လာပို့ရတာက စပယ်ရှယ်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



အော်ဒါမို့ နေ့လည်ကြီး လာပို့ရတာ ဘကြီးရဲ့။ ကျွန်မတို့ မြင်းတွေကို နေ့လည်ဘက် မခိုင်းပါဘူး"

"အေး ... အေး ... တိရစ္ဆာန်တွေကို လူက ညှာတာမှ သူတို့ခမျာ တွေမှာ သက်သာရာရကြတော့မပေါ့ သမီးရယ်။ သာဓု ... သာဓု ... သာဓု"

"ဟော ... ပြောရင်းဆိုရင်း ရွာထဲ ရောက်လာပြီ"

"အေးကွယ် ... အရှားကြီး ကျေးဇူးတင်ပါတယ်။ ဘကြီး ဒီကပဲ ဆင်းပါရစေတော့"

သူဌေးကြီးသည် မြင်းရထားပေါ်မှ ဆင်းလေရာ ဂျိန်းသည် မြင်းလှည်းကို ပြန်၍ လှည့်လေသည်။

ကြီး ။ ။ "ဩော် ... ဒါထက် သမီး။ ဒီမှာ အသိတစ်ယောက်ဆီ ဝင်ဦးမလို့ဆို ... မေ့သွားပလား"

ဂျိန်း ။ ။ "မမေ့ပါဘူး ဘကြီးရဲ့၊ ဝင်စရာ မရှိပါဘူး။ ဘကြီး ရထားမစီးဘဲ ငြင်းနေမှာစိုးလို့ ကျွန်မက သက်သက်ပြောတာပါ"

ဂျိန်းသည် မြင်းများကို ကြိမ်တို့၍နှင်ကာ မြင်းရထား ထွက်သွားလေ၏။

*

သူဌေးကြီးသည် ထွက်သွားသော မြင်းလှည်းကို အတန်ကြာ ငေးမောကြည့်ရှုလျက် ရှိရာမှ ထွက်လာခဲ့ရာ မကြာမီ ဟိုတယ်တစ်ခုသို့ ရောက်လာခဲ့လေသည်။ ထိုဟိုတယ်ဆိုင်မှာ တောရွာ ဟိုတယ်ပင်ဖြစ်သော်လည်း ခံ့ညားထည်ဝါပုံရ၏။ ဆာလောင်မွတ်သိပ်လှသည်နှင့် ဟိုတယ်ခန်းတစ်ခုထဲသို့ ဝင်ခဲ့ပြီးလျှင် လူပြတ်သော ထောင့်တစ်ထောင့်မှ စားပွဲတစ်လုံး၌ဝင်၍ ထိုင်လိုက်ရာ ချက်ချင်းလိုပင် စားပွဲထိုး မိန်းကလေးတစ်ယောက် အမေးအမြန်း ရောက်လာလေသည်။

www.burmeseclassic.com



ကြီး ။ ။ "ကော်ဖီနဲ့ ပေါင်မုန့်ပေါ့ကွယ်။ ဒီမယ်ကွယ့် ... ကလေးမ၊ ဘကြီးရဲ့ ခွေးကလေးအတွက်လည်း ကော်ဖီနဲ့ ပေါင်မုန့်ပေးပါကွယ်။ နှစ်ယောက် အတွက်ပေါ့"

လေး ။ ။ "ဟုတ်ကဲ့ ... ရပါစေမယ်။ နည်းနည်းတော့ စောင့်ရမယ် ဘကြီး"

ထိုအတွင်း ဆိုင်ရှေ့သို့ ကားတစ်စီး ရောက်လာပြီးလျှင် ကားထဲမှ လူငယ်နှစ်ယောက် ဆိုင်တွင်းသို့ ဝင်လာလေသည်။ ဆိုင်ရှင်မိန်းမကြီးသည် လူငယ်နှစ်ယောက်အား တံခါးဝမှပင် တရိုတသေ ဆီးကြိုကာ အပေါ်ထပ်သို့ တက်သွားကြလေသည်။ သူဌေးကြီးမှာ ထိုအခါက လေ့အားကို မျက်နှာမှုလျက်ရှိသောကြောင့် ညည့်သည်များအား မြင်လိုက်သည်နှင့်တစ်ပြိုင်နက် မိမိနှင့်သိဟောင်းကျွမ်းဟောင်း သူငယ်နှစ်ယောက်ဖြစ်နေသည်ကို ကောင်းစွာ သိရတော့၏။ တစ်ယောက်မှာ လန်ဒန်မြို့မြို့တော်ဝန်၏သားဖြစ်ပြီးလျှင် အခြားတစ်ယောက်မှာ ပါလီမန်အမတ်သစ်ဖြစ်သော မြို့စားကြီးတစ်ဦး၏ သားဖြစ်လေသည်။ လူငယ်များသည်ဆောင်းငှဲ၍ပင် မကြည့်သဖြင့် ထိုအချိန်မှ သူဌေးကြီးမှာ သက်သာရာရတော့၏။ သို့နှင့် သူဌေးကြီးသည် ကော်ဖီနှင့် မုန့်ကို ခပ်သုတ်သုတ်စားသောက်လျက်ရှိရာ တစ်ချိန်တည်းပင် ခွေးကလေးကိုလည်း ကျွေးသဖြင့် သူဌေးကြီး အစားမြန်သလောက် ခွေးကလေးက အစားနှေး၍နေတော့၏။ ပိုက်ဆံကို ကြိုတင်၍ ပေးလေ၏။ သူဌေးကြီးမှာ ဆိုင်ပြင်သို့ထွက်လိုလှပြီ ဖြစ်သော်လည်း ခွေးကလေးကစားတုန်းပင် ရှိနေသေး၏။ ထိုအချိန်တွင် လူငယ်နှစ်ယောက်သည် အပေါ်မှ ပြန်ဆင်းလေရာ "ဟား — တစ်ခါဖြင့် ပြီးပါလေရော" ဟု အောက်မေ့ကာ ဦးခေါင်းကို ငုံ့လိုက်ပြီးလျှင် မယောင်မလည် ခွေးကလေးကို ကွယ်၍ထားလိုက်ရ၏။ သို့နှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ခွေးကလေးကို မြင်လျှင် ကြည့်ရှုမေးမြန်းလေ ဦးမည်လားဟု တွေး၍ နိုးရိမ်မိသေး၏။

သို့သော်မြို့တော်သူ မြို့တော်သားများကား ဆင်းရဲသား အလုပ်ကြမ်းသမားအဘိုးကြီးအား ဂရုမစိုက်ကြပေ။ ဤသို့ ဂရုမစိုက်သည်ကိုပင် သူဌေးကြီးမှာ စိတ်ထဲကကျိတ်၍ ဝမ်းသာမိတော့၏။ လူငယ်နှစ်ယောက်တို့သည် လက်တန်းခုံမြင့်ဆီသို့သွားပြီးလျှင် အတွင်းဘက်ရှိ မိန်းမပျိုကလေးနှစ်ယောက်နှင့် ရယ်မောပြောဆိုကာ စကားလက်ဆုံကျ၍နေလေ၏။

ထိုအချိန်မှ ခွေးကလေးမှာ စားသောက်ပြီးပြီဖြစ်သော်လည်း သူဌေးကြီးသည် အပြင်သို့ထွက်လျှင် သူတို့မြင်မည်စိုးသဖြင့် ခပ်ငိုင်ငိုင်ထိုင်၍ နေမြဲနေရပြန်၏။ အခန်းတစ်ဘက်တွင် မော်တော်ကားအကြောင်းကို ဝိုင်း၍ ပြောဆိုနေသူများရှိကြ၏။ ဆိုင်ပြင်ဘက် ကားအနီး၌လည်း လူတစ်စုသည် စကားလက်ဆုံကျလျက် ရှိနေပြန်၏။ ၎င်းတို့ မမြင်မတွေ့ဘဲ အပြင်သို့ လွတ်လပ်စွာ ထွက်သွားနိုင်ရန် ခဲယဉ်းလျက်ရှိတော့၏။

ယင်းကဲ့သို့ အကြံရကျပ်လျက်ရှိစဉ် လူတစ်ယောက်သည် အိပ်ရာလိပ် ခပ်သေးသေးတစ်ခုကို ပခုံးပေါ်၌ ထမ်းပြီးလျှင် ခြေသံခပ်ပြင်းပြင်းဖြင့် ဆိုင်တွင်းသို့ ဝင်လာလေ၏။ ထိုသူကား အခြားမဟုတ် 'တွမ်'ပင် ဖြစ်တော့၏။ သို့နှင့် သူဌေးကြီးမှာ အပြင်သို့ ထွက်ရန် အကြံရကျပ်နေသည့်အတွင်း တွမ်က တစ်ဖန် ဝင်လာပြန်သဖြင့် ဦးထုပ်ပျော့ကို မျက်နှာတစ်ဝက် ဖုံးလုမတတ် ရှေ့သို့ ဆွဲချကာ ခပ်ငုံ့ငုံ့နေလိုက်ရပြန်တော့၏။

တွမ်၏မျက်နှာမှာ နီမြန်းလျက်ရှိလေ၏။ တွမ်သည် အထုပ်ကို ခုံရှည်ပေါ်တွင် အသာအယာ ချထားလိုက်ပြီးလျှင် –

"ကဲ ... ဒီမှာ ခဏနေဦးကွယ်" ဟု မိမိကိုယ်ကို ပြောသကဲ့သို့ ရေရွတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်မိန်းမကြီး။ ။ "ဟဲ့ ... တွမ် ...မင်းဘာဖြစ်လာတာလဲ။ ...ျက်နှာတွေလည်း နီလို့ပါလား"

တွမ် ။ ။ "နေပူတာကိုးဗျ ... ဘရမ်ဒီတစ်ခွက် မြန်မြန်ပေး ...ခဲ့ပါ"

"နေဦး တွမ် ... မင်းမူးလာပြီ ထင်တယ်။ ခဏထိုင်ပါဦး ... ...တော်ကြာမှ သောက်တာပေါ့ကွယ်"

"ဟာဗျာ ... ရွာကလာခဲ့ရတာဗျ။ နေကလည်းပူ ရေကလည်း ...တ်နဲ့ ပေးပါဗျာ ... မြန်မြန်"

ဆိုင်ရှင်မိန်းမကြီးသည် ဘရမ်ဒီတစ်ခွက်ကို ယူ၍ ပေးရလေရာ ...ွမ်လည်း တစ်ခါတည်း မော့ချလိုက်ပြီးနောက် မော်တော်ကားအကြောင်း ...ောက်သည်ချ လျက်ရှိသော လူတစ်စုဘက်သို့ လှည့်ကာ –

တွမ် ။ ။ "ဒီလောက် အသွားမြန်တဲ့ကားကို မောင်းတဲ့လူဟာ – အံ့သြစရာကောင်းတယ်ပေါ့ မဟုတ်ဘူးလား"

တစ်ယောက်။ ။ "ဟုတ်တာပေါ့ကွယ် ... ဘယ်သူပါလိမ့်"

မြို့တော်ဝန်သား။ ။ "တို့ အမတ်ကြီးပေါ့ကွ။ အမေရိကန်မယ် ...ော်တော်ကားမောင်းတဲ့ ပညာကို တစ်ဘက်ကမ်းခတ်အောင် သင်ခဲ့ပြီး ...ီကားကြီးကို ဝယ်လာခဲ့တာပေါ့"

တွမ် ။ ။ "ကျွန်တော် ပြောတာက အခု မောင်းခဲ့တာကို ပြော ...တာဗျ"

ဝဲန့်သား။ ။ "သူမောင်းတာပေါ့ကွယ်။ တို့များက အခုမှ နည်းခံ ...နေတုန်း ရှိသေးတယ်"

တွမ် ။ ။ "နေပါဦးဗျာ။ ဒီလောက် တရကြမ်းမောင်းနေ ...တိုက်အခိုက် မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဝန့်သား။ ။ "ဟာ ... တိုက်ပါသော်ကော ... တစ်နေ့က ဆလစ်ဗယ်ရီနားမှာ အဒေါ်ကြီးတစ်ယောက်ကို ဝင်တိုက်တာ ပေါင်ကျိုးသွားတာပေါ့ ... လျော်ကြေး ရွှေဒင်္ဂါး ၅၀၀ ပေးလိုက်တယ်လေ"

အမတ်ကြီး။ ။ "တော်ပါတော့ကွယ် ကိုယ့်လူရဲ့"

အမတ်ကြီးက မြို့တော်ဝန်၏သား ပြောသည်ကို ဟန့်တားလိုက်သည်။

တွမ် ။ ။ "အခု ခင်ဗျားတို့လာတော့ ဟိုအနားက ရွာကလေးမယ် ကလေးတစ်ယောက်ကို တိုက်ခဲ့သေးတယ် ထင်တယ်"

ဝန့်သား။ ။ "တိုက်မယ် မထင်ပါဘူး ... ကောင်ကလေးကလည်း အတင့်ရဲရန်လွန်လို့ ... ကားကြီး တရကြမ်း လာနေတာတောင် လမ်းပေါ်က မဖယ်ချင့် ဖယ်ချင် လုပ်နေတယ်"

တွမ် ။ ။ "ဒီမယ် ... အမတ်မင်း။ ခင်ဗျား မောင်းခဲ့တာပေါ့နော်"

ဝန့်သား။ ။ "ခင်ဗျားကလည်း စကားရှည်လိုက်တာဗျာ။ ဒီကားကို သူ့ပြင်ကလွဲလို့ ဘယ်သူမှ ဒီကို မြန်မြန်မမောင်းနိုင်ဘူးဗျ ... သိလား"

တွမ် ။ ။ "ဟုတ်တာပေါ့"

ထိုသို့ ပြောပြောဆိုဆိုနှင့်ပင် တွမ်သည် ခြောက်လုံးပြူးသေနတ်ကို ခါးထဲမှ လျင်မြန်စွာ ဆွဲထုတ်လိုက်ပြီးလျှင် အမတ်ကြီး၏ ရင်ဝကို ပစ်လိုက်လေ၏။ ထို့နောက် ကျည်ဆံကုန်သည်အထိ မောင်းကို ဆွဲလျက်ရှိလေသည်။

ထိုအချိန်တွင် ဟိုတယ်ဆိုင်တွင်းမှ လူများသည် တံခါးပေါက်ဆီသို့ သူ့ထက်ငါ လဲလှလဲ ကွဲသူကွဲ အလုအယက် ပြေးပြီးတိုးထွက်လျက် ရှိကြကုန်ရာ တစ်ဆိုင်လုံး ဝရုန်းသုံးကား ဖြစ်ကာ ရှုပ်ထွေးလျက်ရှိတော့၏။ ဆိုင်ရှင်နှင့် ဆိုင်သားများသည်လည်း နောက်ဖေးသို့ ဟာစ်အော်

www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်လျက်ရှိကြရာ မြို့တော်ဝန်သားသည်လည်း မည်သည့် လူအုပ်နှင့် ရောနှောပါသွားသည်ကို မသိပါသဖြင့် ဆိုင်ထဲတွင် တွမ်၊ သူဌေးကြီးအေးဗစ်၊ ၎င်း၏ ခွေးကလေးနှင့် သေနတ်ပစ်ခံရ၍ သေသူအလောင်းတို့သာ ကျန်ရှစ်ခဲ့လေတော့၏။ သူဌေးကြီးမှာ အပြင်သို့ ပြေးထွက်လိုသော်လည်း ခြေထောက်ကိုပင် မ၍ မရသဖြင့် မပြေးနိုင်ခြင်း ဖြစ်လေသည်။

ထိုအချိန်၌ ခွေးကလေးသည် လန့်ဖျပ်ကာ တစ်ချက်တစ်ချက်ဟောင်လျက်ရှိလေတော့ရာ တွမ်မှာ မည်သူ့အားမျှ ဂရုမစိုက်ဘဲ သေနေသူကိုပင် အခဲမကြေနိုင်ဘဲ ခြောက်လုံးပြူးသေနတ်ဒင်ဖြင့် နဖူးကိုအဒေါက်ဒေါက်ထုလျက် ရှိနေလေသည်။ မရှေးမနှောင်းပင် အပြင်ဘက်မှ "ဟော့ … လာကြလေကွယ်။ ဒါ အစိုးရအလုပ်ဝတ္တရားကွယ့်" ဟု ပုလိပ်သားတစ်ယောက်က လူထုအား အကူအညီတောင်းနေသံ ကြားရ၏။ သို့သော် မည်သူမျှ အတွင်းသို့ မဝင်ဝံ့ဘဲ တံခါးပေါက်ဝ အနီးသို့ပင် ချဉ်းကပ်ဝံ့သူ မရှိချေ။ အံဝေးကပင် ညာသံပေးသကဲ့သို့ ပြုလုပ်ကာ ဟန်ပြင်၍ နေကြလေသည်။

တွမ်သည် သက်ပြင်းကြီးတစ်ချက်ချလိုက်ပြီးနောက် "အင်း … စိတ်ကျေနပ်ပြီ။ စိတ်ကျေနပ်ပြီ" ဟု တစ်ကိုယ်တည်း ရေရွတ်ကာ လမ်းမကြီးဘက်သို့ လှည့်၍ "ကိုင်း … လာကြလေဗျာ၊ မဆိုင်တဲ့လူကို တွမ်က ဘာမှ မလုပ်ပါဘူးဗျ။ ပုလိပ်အရာရှိလည်း လာသာလာခဲ့ပါ" ဟု ပြောလိုက်မှ ပုလိပ်အရာရှိနှင့်တကွ ထွက်ပြေးသူများအားလုံး ဆိုင်တွင်းသို့ ဝင်လာကြလေသည်။ ထို့နောက် တွမ်လည်း သူ၏သေနတ်ကို ပုလိပ်အရာရှိဘက်သို့ ပစ်ပေးလိုက်ပြီးလျှင် "ခင်ဗျား ဝတ္တရား ခင်ဗျား သိတယ်ဟုတ်လား။ ရော့ … သေနတ်ကျည်ဆံတစ်တောင့်မှ မရှိတော့ဘူး" ဟု ပြောကာ ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်ချလိုက်လေသည်။ တွမ်၏ အသိအကျွမ်းများကလည်း "တွမ်ကလည်းကွယ်" "ဘယ်လိုများ ဖြစ်ရတာ

www.burmeseclassic.com



လဲကွယ်" စသည်ဖြင့် တစ်ယောက်တစ်ခွန်း မေးမြန်းကာ ရုတ်တသတ်သတ်ဖြင့် ရှိနေကြကုန်၏။

တွမ် ။ ။ "ကျုပ်ကို ဖမ်းနေစရာ မလိုပါဘူး။ ဌာနကို ကျုပ်လိုက်မယ်။ ကျုပ်က အစိုးရကို ပုန်ကန်တာ မဟုတ်ဘူးဗျ။ အစိုးရရဲ့ ဝတ္တရားကို ကျုပ် သိတယ်"

သို့ပြောဆိုပြီးနောက် တွမ်သည် ဆိုင်ထဲသို့ဝင်လာစဉ်က အသာအယာ ချထားခဲ့သော အိပ်ရာလိပ်ကလေးကို အသာအယာပင် ကောက်ယူကာ "ကဲ ... တို့သားအဖ ဌာနကို သွားလိုက်ကြဦးစို့ဟေ့" ဟု ပြောပြောဆိုဆို ပခုံးပေါ်သို့ တင်လိုက်ပြီးနောက် ပုလိပ်အရာရှိနှင့်အတူ လိုက်မသွားလေတော့၏။ အနီးရှိ လူများလည်း ၎င်းတို့နှင့်အတူ ရောနှောလိုက်ပါသွားကြလေရာ တွမ်သည် ဟိုတယ်ဆိုင်တံခါးအထွက်တွင် အင့်ခနဲမည်ကာ ပါးစပ်မှ အမြှုပ်တစီစီ ထွက်လျက် မြေပေါ်သို့လဲကျသွားလေ၏။ ထိုအခါ ပတ်ဝန်းကျင်ရှိလူများလည်း တွမ်အား အံ့အားသင့်ကာ ဝိုင်းအုံကြည့်ရှုရင်း ဆူညံစွာ ရှိနေကြကုန်၏။

သူဌေးကြီးသည် အလိုအလျောက် ဤနေရာသို့ လျှောက်လာမိ၏။ ဤအဖြစ်အပျက်မျိုးကို မမြင်လို မကြားလိုလှသော်လည်း မျက်စိအောက်တွင် တွေ့မြင်နေရသဖြင့် မလွှဲမရှောင်သာဘဲ ကြည့်၍သာနေ၏။

တွမ်သည် ပက်လက်လန်ကာ ပါးစပ်မှ အမြှုပ်တစီစီ ထွက်သည့် အထဲမှာပင် သူ၏အိပ်ရာလိပ်ကလေးကို မလွှတ်ဘဲ ရင်ဘတ်ပေါ်ကန့်လန့်ဖြတ် တင်ကာ တင်းကျပ်စွာ ဖက်ထားသေး၏။ အချို့ တွမ်မှာ စိတ်ကြီးလွန်းသဖြင့် တက်၍နေကြောင်း ပြောဆိုကြလျက် အချို့ကလည်း ဆရာဝန်ကို ပြေး၍ခေါ်ရန် အကြံပေးလျက်ရှိကြကုန်၏။ အဘိုးကြီးတစ်ယောက်က ရေတစ်ခွက်ကိုယူခဲ့ရန် ဟစ်အော်လျက်ရှိစဉ် ဆိုင်ရှင်မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် တွမ် အနီး၌ထိုင်ကာ ကိုယ်ကို လှုပ်ယမ်းခေါင်ငင်လျက် ရှိ၏။ အနီးရှိ မိန်းမတစ်ယောက်က "သူ့ကိုယ်ပေါ်က အထုပ်ကို ဖယ်လိုက်ပါ အသက်ကောင်းကောင်း ရှုပြါစေ" ဟု ဟစ်အော်လေ၏။ သို့နှင့် ဆိုင်ရှင် မိန်းမကြီးသည် အထုပ်ကို ဖယ်ရှားရန် ဆွဲငင်လေရာ၊ တွမ်က တအားကုန် ဆွဲဖက်ထားသောကြောင့် ဆွဲငင်၍မရချေ။

သူဌေးကြီးသည် လူအုပ်ထဲမှနေ၍ တွမ်ကို ကြည့်လိုက်ရာ၊ တွမ် မှာ အသက်မရှိတော့ကြောင်း ရှေးဦးစွာသိရတော့၏။ ထိုအခါ၌ ယောကျ်ား အချို့လည်း အထုပ်ကို ဆွဲဖယ်ကြသောအခါ တစ်ယောက်က "ဟာ ... ဘာကြီးပါလိမ့်။ အိပ်ရာလိပ်မဟုတ်ဘူးဟေ့။ ဖြည်စမ်း ... ဖြည်စမ်း" ဟု ပြောသဖြင့် တစ်ယောက်က ဖြည်လိုက်ရာ၊ အတွင်းမှ ကလေးတစ် ယောက်၏ အလောင်းကို အံ့အားသင့်စွာ တွေ့ကြရလေ၏။

တစ်ယောက်။ ။ "ဟာ ... ကလေးကလေး ပါလား"

နောက်တစ်ယောက်။ ။ "ဟုတ်ပါရဲ့ ... သနားစရာ"

တစ်ယောက်။ ။ "သူ့သားကလေးပဲကွာ"

တစ်ယောက်။ ။ "သူ့သားကလေး ကားနင်းခံရတာကိုးကွ"

တစ်ယောက်။ ။ "သနားစရာကွယ်။ ဖြစ်မှ ဖြစ်ရလေတယ်"

တစ်ယောက်။ ။ "ဩော် ... တွမ် ... တွမ်"

ကလေးမှာ ရင်ဘတ်ကို ကန့်လန့်ဖြတ်ကာ ကားနင်း၍သွား သော ဒဏ်ရာဖြင့် ကျောရိုးများပါ ကြေမွလျက်ရှိတော့၏။ ထိုအခါ မိန်းမ များအားလုံးလိုပင် အော်ဟစ်ကာ ငိုယိုကြလေတော့၏။

သူဌေးကြီးသည် အခြားသူများ မမြင်မီ လူအုပ်ထဲမှ တိုးထွက် ကာ အနောက်ဘက် လမ်းမကြီးအတိုင်း လျှောက်သွားလေ၏။ ထိုအချိန်၌ တစ်ရွာလုံး ရုတ်ရုတ်သဲသဲရှိနေကြရာ အချို့က "ဟော့...တွမ်ဟာ အမောင်း ခံတဲ့ကားသမားတွေကို သင်ခန်းစာပေးလိုက်တာကွ" ဟုပြောဆိုလျက်၊

www.burmeseclassic.com

www.burmeseclassic.com



အချို့ကလည်း "ဒါမှ ဖွဲ့ဘက်ကျား အာဇာနည်ကွ။ သူ့သချိုင်းမှာ ပန်းဈေ
တင်မယ်ဟေ့" စသည်ဖြင့် ပြောဆိုလျက် ရှိကြကုန်၏။

သူဌေးကြီးသည် တစ်ရွာလွန် တစ်ရွာရောက်ဖြင့် ခရီးအတော်
ပင် ပေါက်ခဲ့သော်လည်း တွမ်၏ အဖြစ်အပျက်များအား ရုပ်ရှင်ကားဆက်
ကဲ့သို့ မျက်စိထဲက မထွက်တော့ချေ။ သို့နှင့် လူသူမရှိသောနေရာသို့
ရောက်မှ စိတ်သက်သာရာရတော့မည်ဟု တွေးမိကာ ရွာများမှ ဝေးသည်
ထက် ဝေးအောင် ခရီးကိုသာ တွင်တွင်ကြီး နှင်လျက်ရှိတော့၏။ မိမိသည်
ဘယ်နှရွာလွန်၍ လာခဲ့သည်ကိုလည်း မသိ၊ စားချင်သောက်ချင်စိတ်ဟူ၍
လည်း မရှိတော့ချေ။ သို့သော် သူ၏ခွေးကလေးမှာ စားချင်ရှာပေလိမ့်
မည်ဟု သတိရလာပြီးလျှင် ရွာတစ်ရွာသို့ ရောက်သောအခါ ဟိုတယ်ဆိုင်
တစ်ခုသို့ဝင်၍ ခွေးကလေးအား နွားနို့နှင့် ပေါင်မုန့်များ ဝယ်ယူကျွေးမွေး
လေ၏။ သူကိုယ်တိုင်မှာမူ ကော်ဖီနှင့် ပေါင်မုန့်ကို မစားချင့်စားချင်နှင့်
ပင် နှစ်၍မျိုချရတော့၏။

အချိန်ကား ညနေ ၅ နာရီခန့်ရှိလေပြီ။ မိမိ၏အနီးပတ်ဝန်းကျင်
မှ လူများသည်လည်း မည်သည့်အချိန်က သတင်းရထားသည်မသိ တွမ်
အကြောင်းကိုပင် ဆူညံစွာ တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသဖြင့်
ထိုရွာတွင် အိပ်စက်နားနေလိုသော ဆန္ဒမရှိသောကြောင့် အနောက်ဘက်
လမ်းမကြီးအတိုင်း ဆက်လက်သွားပြန်လေ၏။ လမ်းမကြီးသည် စိမ်း
လန်းစိုပြေသော တောအုပ်ကလေးတစ်ခုကို ဖြတ်သန်းလျက်ရှိလေရာ ၎င်း
မှ တစ်မိုင်သာသာခန့် သွားမိသောအခါ ဂျုံစပါးများ စိုက်ပျိုးသော လယ်
ကွင်းတစ်ခုသို့ ရောက်လာခဲ့ပေသည်။ ထိုနေရာလမ်းဘေးတွင် ဘုပျက်
ကလေးတစ်ခုရှိ၍ ၎င်းအနီး၌ ကောက်ရိုးပုံကြီးတစ်ခုကို တွေ့မြင်ရလေ
သည်။ သို့နှင့် သူဌေးကြီးသည် "ကိုင်း ... ချာလီရေ ဒီကနေ့ညတော့
ဟောဒီကောက်ရိုးမွေ့ရာကြီးမှာပဲ အိပ်ကြရလိမ့်မယ်ဟေ့" ဟု ခွေးကလေး



www.burmeseclassic.com

www.burmeseclassic.com



အား ပြောသကဲ့သို့ တစ်ကိုယ်တည်း ပြောဆိုရေရွတ်ကာ ထိုကောက်ရိုးပုံ၌ပင် ထိုည အိပ်ကြလေ၏။

ခွေးကလေးမှာ ချက်ချင်းပင် အိပ်ပျော်သွားတော့၏။ သူဌေးကြီးမှာ ရုတ်တရက် အိပ်မပျော်သေးဘဲ နေ့လည်က တွေ့မြင်ဖြစ်ပျက်ခဲ့သည့်အကြောင်းများကို မျက်စိထဲတွင် တရေးရေးပေါ်ကာ စိတ်နှလုံးတုန်လှုပ်ချောက်ချားလျက် ရှိနေလေသည်။ သန်းခေါင်ယံအချိန်လောက်သို့ရောက်သောအခါ ခွေးကလေးသည် အိပ်ရာမှ လူးလွန့်ထပြီးလျှင် သူကတစ်လှည့်စောင့်ဦးမည်ဟု ပြောသကဲ့သို့ သူဌေးကြီး၏ ရှေ့တွင် ထိုင်ကာခေါင်းကို မတ်မတ်ထားရင်း နားစွင့်နေဟန်ဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံ စန္ဒရီများ စောင့်သကဲ့သို့ ကောက်ရိုးပုံကို လှည့်ပတ်လျက်လည်းကောင်း ရှိနေလေ၏။ ဤသို့ဖြင့် သူဌေးကြီးမှာ ဘယ်ပြောင်းညာပြန်လှည့်လိုက်ထလိုက်ဖြင့် လင်းအားကြီး အချိန်ရောက်သောအခါမှ နှစ်ဦးသုံးပင် အိပ်ပျော်သွားလေတော့၏။

ရစ်နာရီအချိန်ခန့်ရောက်၍ နေရောင်ခြည်ကလေးများ နွေးလာသောအခါမှ လမ်းပေါ်တွင် တရကြမ်းမောင်းနှင်သွားသော မြင်းလှည်းတစ်စီး အသံကြောင့် သူဌေးကြီးသည် အိပ်ရာမှနိုးလာလေသည်။ ထိုအခါ၌ကား သူဌေးကြီးမှာ ယမန်နေ့က တွေ့ကြုံခဲ့သော ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသည့် အဖြစ်အပျက် အတွေ့အကြုံများကြောင့် ခရီးကြမ်းကို အပြင်းလာခဲ့ရသဖြင့် တစ်ကြောင်း၊ ကိုယ်လက်အင်္ဂါတို့မှာ ညောင်းညာတောင့်တင်းလျက် လမ်းသွားလိုစိတ်၊ အိပ်ရာမှ ထလိုစိတ်ပင် မရှိတော့ချေ။ သို့သော် ထိုရွာများတစ်လျှောက်နှင့် အနီးတစ်ဝိုက်တွင် တွမ်၏အကြောင်းကို ထပ်မံကြားရဦးမည်ဖြစ်၍ ထိုအကြောင်းအရာများကိုသိသောနေရာသို့သာ ရောက်ချင်လှပြီဖြစ်သောကြောင့် ခရီးဆက်ပြန်သ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာတစ်ရွာသို့ရောက်၍ ဆိုင်တစ်ဆိုင်၌ ကော်ဖီနှင့်ပေါင်မုန့်များ
ကို ဝယ်ယူစားသောက်လျက်ရှိစဉ် အနီးရှိလူများက သူဌေးကြီးအား သူ
သွားမည့် ကိုတ်ပ်ဖေးရွာမှာ အတော်ကလေး ဝေးသေးကြောင်း ယခုအခါ
အနောက်ဘက် ပင်လယ်ဘက်ဆီမှ မိုးသားတိမ်လိပ်ကြီးများ တက်လာ
သဖြင့် ယခင်အခါများကလည်း ဤကဲ့သို့ မိုးသားများတက်လာကာ လေ
ရောမိုးပါ ပြင်းထန်စွာ ကျရောက်တတ်သောကြောင့် ရှေ့သို့ခရီးမဆက်ဘဲ
ဤနေရာတွင် တစ်နေ့တလေမျှ နားနေသင့်ကြောင်းဖြင့် အကြံပေးပြောဆို
ကြ၏။ သို့သော် သူဌေးကြီးသည် ထိုသူများ ပြောစကားကို မနာယူဘဲ
တွမ်၏ သတင်းများ ကြားရသည့်နေရာမှ ဝေးသည် ထက်ဝေးစေရန် ခရီး
ဆက်ပြန်လေ၏။ မှုန်းတိမ်းသောအခါ တောတစ်ခုအတွင်းသို့ ရောက်လာ
ပြီးလျှင် ရွာဆက်ကား မတွေ့ရတော့ပေ။ ထိုနေရာ၌ကား သစ်ပင်ကြီးများ
အုပ်ဆိုင်းကာ အချို့နေရာတွင် မည်းမှောင်လျက် ရှိနေ၏။ မိုးသားများ
ထူထပ်သဖြင့် နေလုံးမပေါ်ဘဲ ရှိလေရာ လေကလေးသည် တဖြည်းဖြည်း
တိုက်ခတ်လာတော့၏။ သစ်ကိုင်းကြီးများသည် တစ်ပင်နှင့်တစ်ပင် ရော
ယှက်ကာ ယိမ်းယိုင်လှုပ်ရှား တောသံများပေးသကဲ့သို့ ဆူညံစွာရှိနေ၏။
လေသည် ခပ်ဖြည်းဖြည်း တိုက်ခတ်နေရာမှ အတော်ပြင်းထန်လာလျက်
သစ်ကိုင်းအချို့ ကျိုး၍ကျပြီးလျှင် တစ်ခါတစ်ရံ သစ်ပင် ပင်စည်များပင်
လမ်းကိုဖြတ်ကာ လဲကျကြကုန်၏။ ခွေးကလေးသည် အဘိုးကြီး ပွေ့
ထားရာမှပင် မလုံခြုံသကဲ့သို့ အကျီအတွင်းသို့သာ တိုးဝင်တော့၏။ ထို
အချိန်၌ကား တစ်မိုးလုံး မည်းမှောင်၍နေပြီဖြစ်၍ နေ့မှညဥ့်သို့ ရော
တရက် ပြောင်းသွားသကဲ့သို့ ရှိတော့၏။ လျှပ်နွယ် လျှပ်ပန်းတို့နှင့်တကွ
ပြင်းထန်သော မိုးခြိမ်းသံများသည် တောင်းကင်ယံတွင် ပျံ့သင်းထစ်ချွန်း
လျက် ရှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် သွားမြဲသွားနေ၏။ ခိုကိုးနားနေရန် အဆောက်အဦး အကာအကွယ်ဟူ၍ကား မတွေ့ရပေ။ ချက်ချင်းလိုပင် လေရောမိုးပါ ကျရောက်၍လာတော့၏။ မိုးဖွဲကလေးအဖြစ်မှ တဖြည်းဖြည်းသဲ၍ အကာ လေသည်လည်း ပြင်းထန်၍လာတော့၏။ မိုးရေများသည် အဘိုးကြီး၏ အဝတ်များထဲသို့ စိမ့်၍ဝင်လေရာ ဝတ်ထားသော အင်္ကျီ၊ ဘောင်းဘီတို့သည် တဖြည်းဖြည်း လေးလံ၍လာတော့၏။ တောင်ကုန်းကလေး တစ်ခုအရောက်၌ အတန်ငယ် လေတိုက် သက်သာ၍လာသော်လည်း ကိုမှာ ယခင်ကထက်ပင် သည်းသည်းမည်းမည်း သွန်ချလျက်ရှိလေ၏။ ထိုနေရာ၌ လမ်းမကြီးသည် အနောက်မြောက်သို့ ခပ်ယွန်းယွန်း ကွေ့စပြုလေရာ ပင်လယ်လှိုင်း ရိုက်ခတ်သံမှာကို ဆူညံစွာ ကြားရပြီးနောက် ကြာမီ ကျောက်ကမ်းပါးပြတ်ကြီးထံသို့ ရောက်လာတော့၏။ ကျောက်ကမ်းပါးကြီးတစ်လျှောက် ခြံစည်းရိုးကာထား၏။ အဆောက်အဦ ဟူ၍ကား မရှိချေ။ ပင်လယ်ဘက်သို့ ကြည့်လိုက်သောအခါ ဖြူဖွေးသော လှိုင်းလုံးကြီးများသည် အနောက်ဘက်မှ လေ၏ အဟုန်ကြောင့် ကျောက်ဆောင်ကြီးများကို အစွမ်းကုန် ရိုက်ပုတ်လျက်ရှိနေကြပြီးလျှင် ဖြူခနဲ ကျခနဲ တက်၍သွားသော ရေမွှားရေပန်းများကို ကြောက်ခမန်း လန့်ခမန်း တွေ မြင်ရတော့၏။ တဝုန်းဝုန်း တဂျုန်းဂျုန်းမြည်သော လှိုင်းသံ လေသံတို့မှာလည်း နားကွဲလုမတတ်ရှိတော့၏။

ဆက်လက်သွားရန် ကားလမ်းမရှိတော့ပြီ။ မိုးအနည်းငယ် စဲသကဲ့သို့ ရှိသော်လည်း လျှပ်စစ်လျှပ်ပန်းများကား ပြိုးပြိုးပြက်ပြက်ပင် ရှိနေသေး၏။ လက်ဝဲဘက် တောင်စွန်းမှာ ပင်လယ်ဘက်သို့ ကျောက်တန်းကြီးတစ်ခုသဖွယ် ထိုးထွက်လျက်ရှိသောကြောင့် ကွေ့၍သွားနိုင်ရန် အကြောင်းမရှိချေ။ တောင်တန်းဘက်သို့သာ လှည့်ပြီးလျှင် တက်ရမည့် လမ်းကို ရှာဖွေရပေတော့မည်။ ထိုတောင်တန်းကလေးကို ဖြတ်၍သွား

www.burmeseclassic.com



သော တစ်ယောက်သွားလမ်းကလေးမှာ ကျောက်ကမ်းပါးကြီးနှင့် များစွာ မဝေးလှသော်လည်း လေကြီးမိုးကြီးကျနေသဖြင့် သစ်ပင် သစ်ကိုင်းများ ဖုံးအုပ်နေသောကြောင့်သာ ရုတ်တရက် မမြင်ရခြင်း ဖြစ်လေသည်။

သို့နှင့် သူဌေးကြီးသည် နောက်ဆုံးတွင် ထိုလမ်းကလေး အတိုင်း တွေ့ပတ်ကာ တဖြည်းဖြည်း တက်သွားလေ၏။ တစ်ခါတစ်ရံ စိတ်ထဲက စိမ့်ခနဲ ဖြစ်သွားသကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံ ပူခနဲ ဖြစ်လာသကဲ့သို့လည်းကောင်း ခံစားလိုက်ရသဖြင့် ထိုအကြောင်းကို သတိပြုမိသော်လည်း ရှေ့သို့ ရောက်လိုဇောဖြင့် ပမာမထားဘဲနေခဲ့၏။ သို့ဖြင့် ဆက်လက်သွားလေရာ တောင်ကုန်းတောင်တန်းကလေးများမှာ များစွာ မမြင့်လှသော်လည်း ခြေကုန်လက်ပန်း ကျလာပြီဖြစ်၍ တောင် တန်းများသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် လမ်းဘေးရှိ ကျောက်ဖျာ တစ်ခုပေါ်တွင် ထိုင်ချလိုက်လေတော့သတည်း။

၁၂

www.burmeseclassic.com

www.burmeseclassic.com

သူဌေးကြီး ရောက်ရှိနေသော တောတန်းကုန်းမြင့်ကလေးသည် နောက်တောင်ဘက်ဆီသို့ ဆင်ခြေလျှောနိမ့်ဆင်းသွားရာ အဆုံးတွင် ကျောက်စွန်းအငူကြီးကို တွယ်ကပ်နေဟန်ဖြင့် ပင်လယ်ကမ်းခြေသည် လိပ် 'C' စာလုံး သဏ္ဌာန် ဖြစ်ပေါ်၍နေသည်။ အနောက်တောင် က်တွင် မြင့်မားသော တောင်တန်းက ကာရံထားသဖြင့် ပင်လယ်ပြင် တွင် လေမုန်တိုင်းကျသော်လည်း အဆိုပါ ပင်လယ်ကွေ့ကလေးသည် ပြင်းဒဏ်ကို မခံရပေ။ သဘာဝက ဖန်တီးပေးသည့် လုံခြုံသော ဆိပ် မ်းကောင်းကလေးတစ်ခု ဖြစ်လေသည်။ ယင်းပင်လယ်ကွေ့တွင် တ်ဖေး' (Cape B) ခေါ် ရွာကလေးတစ်ရွာတည်ရှိ၏။ အဓိပ္ပာယ်မှာ ငှကွေ့ရာဟု ဆိုလို၏။ ရွာနေကျဉ်းမြောင်းလှ၍ ရွာ၏ မျက်နှာပြင် ည်လည်း ခပ်လျှောလျှောပင်ဖြစ်၏။ ကမ်းနားဘက်တွင် ဆိုင်တန်း ရှိ၍ ကုန်းမြင့်ပိုင်းတွင် ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်းနှင့် အခြား မ်ကြီး အိမ်ကောင်း ၂ အိမ်၊ ၃ အိမ်သာ ရှိ၏။

မေရီဆိုသူ အမျိုးသမီးကလေး၏ နေအိမ်သည် စာသင်ကျော င်း၏ အနီးဆုံးဖြစ်၍ ရွာမြေအမြင့်ဆုံးနေရာတွင် တည်ဆောက်ထား၏။ ရီ၏ဖခင်မှာ ထိုကျောင်းမူလကို စတင်တည်ထောင်ခဲ့သူ ဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကျောင်းစာသင်တန်းမှာ စတုတ္ထတန်း အထိသာရှိ၍ မေရီ ကို
တိုင်လည်း စတုတ္ထတန်းစာမေးပွဲကိုသာ အောင်မြင်ခဲ့၏။ ဖခင်ကြီးရှိစ
က မေရီသည် ထိုကျောင်းတွင် ကျောင်းဆရာမ လုပ်ခဲ့၏။ သို့သော်လွ
ခဲ့သောနှစ်က ဖခင်ကြီး သေဆုံးသွားသောအခါ ကျောင်းဆရာမ အလုပ်
ထွက်၍ ဓာတိုးပန်းထိုးအလုပ်ဖြင့် အသက်မွေးမြူနေထိုင်ခဲ့ပေသည်။ ယ
အချိန်တွင် မေရီမှာ အသက် ၂၆ နှစ်ရှိပေပြီ။ ကျောင်းဆရာမ လုပ်ခဲ့စဉ်
စည်းကမ်းသေဝပ်စွာ နေထိုင်သူ၊ အကျင့်စာရိတ္တကောင်းမှု စသည်
ကြောင့် ကျောင်းသူကျောင်းသားများနှင့်တကွ တစ်ရွာလုံးပင် မေရီအ
ချစ်ခင်လေးစားကြ၏။ မေရီမှာ ခင်မင်ရင်းနှီးသော စိတ်ဓာတ်ရှိ၍ ပေါ
သင်းဆက်ဆံမှုလည်း ကောင်းသောကြောင့် ကိတ်ဗေးရွာကလေးတွ
ပညာတတ်အမျိုးသမီး တစ်ဦးအနေဖြင့် အသိအမှတ်ပြုကြ၏။ မေရီ
မိခင်သည် မေရီ ၁၄ နှစ်အရွယ်က ဆုံးခဲ့၏။ သို့နှင့် သားအဖနှစ်ယော
တို့သည် ထိုအိမ်ကြီးတွင် နေထိုင်ခဲ့ကြရာ မေရီ၏ ဖခင်ကလည်း အိ
ထောင်သစ် မပြုခဲ့ပေ။ သမီးဖြစ်သူကသာ အိမ့်ထောင်မှုတာဝန်ကို စီမံ
ခဲ့လေသည်။

ထိုအချိန်တွင် မေရီ၏ ဖခင်က ကျောင်းအုပ်ဆရာကြီးအဖြ
လုပ်ကိုင်၍ မေရီက လက်ထောက်ဆရာမအဖြစ် လုပ်ခဲ့၏။ ထို့နော
မေရီ၏ ဖခင်မျက်စိ ရောဂါရလာသောအခါ ကျောင်းအုပ်အလုပ်မှထွက်
မေရီက သူ၏နေရာကို ဆက်ခံလုပ်ကိုင်ခဲ့ရလေသည်။

မေရီ အသက် ၂၀ အရွယ်သို့ ရောက်သောအခါတွင် ဖခင်ကြ
က အခြားမြို့မှ ကျောင်းဆရာတစ်ဦးနှင့် လက်ထပ်ရန် စီစဉ်ခဲ့သေး
ထိုကျောင်းဆရာကလေးသည် ကျောင်းပိတ်ရက်တွင် ခေတ္တရောက်လာ
မေရီနှင့် တစ်ရက်မျှသာ တွေ့မြင်ဖူး၏။ ဒီဇင်ဘာလ ကျောင်းပိတ်ရက်တွ
မှ လက်ထပ်ရန် ကတိထားကြပြီးနောက် ကံဆိုးပုံမှာ ကျောင်းမပိတ်မီရ

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ကျောင်းဆရာကလေးသည် တိုက်ဖွိုက်ရောဂါဖြင့် ရုတ်တရက် သေဆုံးသွားရှာလေသည်။

ထိုအချိန်မှစ၍ မေရီသည် ဖခင်ကြီးအသက် ရှိနေသမျှ အိမ်ထောင်မပြုတော့ပြီဟု ဆုံးဖြတ်လိုက်လေသည်။ မေရီသည် ရုပ်ရည်ချော မောရုံမျှမက တည်ကြည်ငြိမ်သက်သော ဣန္ဒြေနှင့်ပြည့်စုံ၍ ရွာရှိ လူငယ်တို့သည် ပိုးပန်းလိုကြသော်လည်း သူ၏ ထည်ဝါခံ့ညားသော ဂုဏ်အရှိန်ကို ကြောက်ရွံ့ကာ မေရီ၏အနီးသို့ မချဉ်းကပ်ဝံ့ကြချေ။ အိမ်မှာ နှစ်ထပ်ပျဉ်ထောင်ခင်း သွပ်မိုးဖြစ်၏။ နေ့လယ်ခင်းတွင် ဓာတ်ပုံပန်းထိုးပညာရပ်များကို လာရောက်သင်ကြားကြသော ကျောင်းသူအချို့ရှိ၏။ အခြားဧည့်သည် ဟူ၍ကား အဝင်အထွက် မရှိချေ။

မေရီ၏ ဖခင်ကြီးသည် လွန်ခဲ့သောနှစ် ခန့်မှန်းချေအားဖြင့် မေလလောက်ဖြစ်သော ယခုအချိန်အခါမျိုးတွင် တိုက်ဖွိုက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။ သို့နှင့် ထိုနေ့တွင် ကောင်းကင်၌ မည်းနက်ညိုမှိုင်းနေသော မိုးသားတိမ်လိပ်များ တက်လာသောအခါ မေရီသည် ကွယ်လွန်လေပြီးသော ဖခင်ကြီးနှင့်တကွ မိခင်တို့ကိုပါ သတိရကာ လွမ်းဆွတ်တသလျက် ဘုရားသခင်ထံ ဆုမွန်များတောင်းမိ၏။ မိုးကလည်းသဲ၊ လေကလည်း ပြင်းထန်ကာ ကောင်းကင်တွင် လျှပ်စစ်လျှပ်ပန်းများ ပွင့်၍ ဂျိုးဂျိုးဂျိမ့် ထစ်ချုန်းသံများကို ကြားရသောအခါ မိမိနှင့်စေ့စပ်ပြီးမှ ကွယ်လွန်သွားရရှာသော ရည်းစားသည် ကျောင်းဆရာလေးကိုလည်း သတိရလာပြန်၏။ သို့နှင့် ဓာတ်ပုံအလုပ်ကို ရပ်လိုက်ပြီးလျှင် တံခါးများအား ပြန်လှတ်လိုက်၍ အိမ်အပေါ်ထပ် ပြတင်းပေါက်တွင် မတ်တတ်ရပ်ကာ လေအဟုန်ဖြင့် လေထဲတွင် ယိမ်းနွဲ့လျက် တသိမ့်သိမ့် တသဲသဲ မြည်၍နေသော သစ်ပင် သစ်ကိုင်းများကို ကြည့်ရင်း ရှေးဟောင်း နေ့ဖြစ်များကို ပြန်ပြောင်း စဉ်းစား၍နေမိရှာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ စိတ်ပြန့်လွင့်ကာ အတွေးနယ်ချဲ့လျက်ရှိစဉ် တောင်ကုန်း တောတန်းကလေးပေါ်ဆီမှ ခွေးကလေး တစ်ကောင်၏ စူးရှစွာဟောင်လိုက်သော အသံတစ်သံကို လေတိုက်ခတ်သံကြားမှ ကြားရတော့၏။ မေရီသည် အသံကြားရာဘက်သို့ မျှော်မှန်းနားစိုက်ကာ ယမန်နှစ်က ဤမေလလောက်တွင် မိမိ၏ ဖခင်ကြီးသည် တောင်ကုန်းကလေးသို့ မရောက်မီ တောကြီးထဲ၌ မိုးသည်းထန်စွာ ရွာစဉ် မိုးမိခဲ့သဖြင့် အဖျားရောဂါစွဲကပ်ကာ သေဆုံးခဲ့ရကြောင်းကို ပြန်၍ စဉ်းစားရင်း လွမ်းဆွတ်တမ်းတမိရှာ၏။ ခွေးဟောင်သံသည် တိုး၍သာလာသည့်ပြင် ထိုခွေးကလေးမျိုးသည်လည်း သူတို့ရွာတွင် မရှိကြောင်း သတိပြုမိသဖြင့် စိတ်ထဲတွင် စနောင့်စနင်းဖြစ်၍ လာမိ၏။ သို့နှင့် တဘက်တစ်ထည်ကို ခေါင်းတွင် လွှမ်းခြုံလျက် မစဲမစဲ ဖြစ်နေသော မိုးထဲတွင် တောင်ကုန်းတောတန်းကလေးပေါ်သို့ တက်ခဲ့လေ၏။ အိမ်နှင့် မဝေးလှသောကြောင့် မကြာမီ ရောက်ရှိသွားပြီးလျှင် ထိုအခါတွင်မှ အသံလာရာသို့ မျှော်ကြည့်လိုက်သောအခါ ကျောက်ဖျာပေါ်တွင် ပက်လက်အိပ်နေသော လူတစ်ယောက်ကို မြင်မိလေသည်။ ခွေးကလေးသည် လဲလျောင်းနေသော သဏ္ဌာန်ကို ကွေ့ကာပတ်ကာ ခြေထောက်ကို ထိုးကာ ပြုလုပ်နေသည်ကို တွေ့မြင်ရလေသည်။

မေရီကိုမြင်သောအခါ ခွေးကလေးသည် မေရီထံ ပတပ်ရပ်ကာ ညည်းညူလျက် တစ်စုံတစ်ရာကို ပြောဘိသကဲ့သို့ မေရီ၏ ဂါဝန်စကို အသာအယာ ကိုက်ဆွဲပြီးနောက် ကျောက်ဖျာရှိရာသို့ ပြေးသွားပြန်၏။ သူ့အား ကူညီရန်ခေါ်သကဲ့သို့ပင် ရှိတော့၏။

မေရီသည် ခွေးကလေးခေါ်ဆောင်ရာသို့ ခပ်သုတ်သုတ် လိုက်ပါသွား၍ လဲနေသူအားကြည့်လိုက်ရာ မိမိ၏ဖခင်ကြီးကိုပင် ပြေး၍ သတိရမိ၏။ လဲနေသူမှာ သူ၏ဖခင်ကြီးနှင့် သက်တူရွယ်မျှလောက်ရှိ၍

www.burmeseclassic.com



ကိုယ်လုံးကိုယ်ပေါက်လည်း တူညီသကဲ့သို့ ရှိနေပြီးလျှင် မျက်နှာပုံပန်းပင် ခပ်ဆင်ဆင်တူလျက် အဝတ်အစားသာလျှင် ကွာခြားတော့၏။ ပထမတွင် ထိုသူမှာ အရက်များ မူးနေသလောဟု ထင်မိ၏။ သို့သော် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်ကို မြင်ရသောအခါ "ဒီလိုလည်း ဟုတ်မယ် မထင်ပါဘူးလေ။ ငါ့အဖေလည်း မိုးကြီးလေကြီးမိပြီး တစ်ခါတည်း ဖျားသာတာပဲ။ အခုလည်း ဒီလူကြီးဟာ အဖျားတက်ပြီး ငန်းဖမ်းနေတာနဲ့ တူပါတယ်" ဟု စဉ်းစားကာ အနားသို့ကပ်၍ လူကြီးလက်ကို ကိုင်တွယ်ခမ်းသပ်ရင်း "အဖေကြီး ... အဖေကြီး" ဟု ခေါ်လိုက်လေသည်။

လက်ဖျားများမှာ ရေခဲအထိ အေးစက်၍နေ၏။ မေရီသည် ခေါင်းအောက်ဖျာပေါ်သို့တက်၍ သူဌေးကြီးအား အသာအယာ ပွေ့ထူလေရာ လက်ဖျားများမှာ အေးစက်လျက်ရှိနေသော်လည်း သူ၏ကိုယ်မှာ မီးကဲ့သို့ ခြစ်ခြစ်တောက်ပူ၍နေတော့၏။ အဝတ်များမှာ အငွေ့တထောင်းထောင်း ထ၍နေ၏။ မေရီသည် ဒူးထောက်လျက် ပေါင်ပေါ်တွင် အဘိုးကြီး၏ ကိုယ်နှင့်ဦးခေါင်းကို ဖေးမပွေ့တင်၍ ထားလေရာ အဘိုးကြီး၏ ကိုယ်မှာ အဆတ်ဆတ်တုန်၍ နေသည်ကို သတိပြုမိ၏။ တစ်မိနစ်ခန့် ကြာသောအခါမှ တုန်လှုပ်ခြင်း အတန်ငယ် ရပ်သွားလေသည်။

ထိုအချိန်၌ မိုးလည်းစဲ၍သွားလေပြီ ခွေးကလေးသည် မေရီနှင့်အဘိုးကြီးအား လှည့်ကာပတ်ကာ ပြေးလွှားညည်းညူလျက်ပင် ရှိနေသေး၏။ ယခင်ကကဲ့သို့ ကျယ်လောင်စွာကား မဟောင်တော့ချေ။ တခဏမျှကြာသောအခါ အဘိုးကြီးသည် မျက်လုံးများကို အတန်ငယ် ဖွင့်ကြည့်၏။ ထိုအခါ မေရီက "အဖေကြီး ဘာဖြစ်တာလဲ။ ဘယ်က လာတာလဲရှင်" ဟု ပြာပြာသလဲ မေးလိုက်သည်တွင်မှ အဘိုးကြီးလည်း မျက်လုံးများမှိုယ်၍လာပြီးလျှင် "လမ်းမယ် မိုးမိလာတယ် သမီးရယ်" ဟု အသံသေးလေးလေးကြီးဖြင့် ဖြေလိုက်ရှာလေသည်။ မေရီသည် သူဌေးကြီး၏

www.burmeseclassic.com



ကိုယ်ကို ခပ်ဖြည်းဖြည်း ထူမ၍ ထိုင်စေပြီးလျှင် မိမိအိမ်မှာ များမ မဝေးလှကြောင်း ပြောပြီးလျှင် ချိုင်းနှစ်ဘက်ကို ကိုင်၍ မတ်တတ်ရပ်စေ ၏။ သူဌေးကြီးသည် အတန်ငယ် စဉ်းစား၍ နေမိသကဲ့သို့ ခပ်တွေတွေ လုပ်နေလေ၏။

မေရီ ။ ။ "ကိုင်း ... လာလာ ... သွားမယ် အဖေကြီး။ ကျွန်မ တို့ အိမ်အနီးကလေးပါ ဟောဒီ အနားတင်ပဲ"

ကြီး ။ ။ "ကလေးမက အဖေကြီးကို သိလို့လား"

"အို ... သိတာ မသိတာ အရေးမကြီးပါဘူး။ ကြည့်ပါဦး အဝတ် တွေကလည်း ရွှဲရွှဲစိုလို့၊ အိမ်ရောက်လို့ အဝတ်လဲပြီး ကော်ဖီပူပူသောက် ပြီးတဲ့အခါမှ ပြောပါ အဖေကြီးရဲ့"

မေရီသည် စိတ်မရှည်ဟန်ဖြင့် –

"ကိုင်းပါ ... အဖေကြီးရဲ့ လာပါ။ ကြာကြာနေရင် သိဝ်ပြ ဖျားလာလိမ့်မယ်" ဟုပြောဆိုရင်း အဘိုးကြီး၏လက်ဝဲဘက် လက်မောင်း ကို သူ၏လည်ပင်းပေါ်၌ တင်စေပြီးလျှင် သူမက အဘိုးကြီး၏ခါးက မယိမ်းယိုင်ရအောင် ခပ်ထိန်းထိန်းဖက်လျက် အိမ်ဘက်ဆီသို့ တွဲခေါ် လေ၏။ လေးငါးလှမ်းမျှ သွားမိသောအခါ သူဌေးကြီးသည် ခြေလှမ်းမျာ အတော်သွက်၍ လာလေသည်။ ခွေးကလေးသည် မေရီ လာခဲ့သောလမ်း ကို ရှေ့ကနေ၍ ပြေးချည်တစ်ခါ နောက်သို့ ပြန်၍ ဆုတ်ချည်တစ်လှည့် ဖြင့် သူ့သခင်အား စောင့်ခေါ်နေသကဲ့သို့ အလုပ်ရှုပ်လျက် ရှိနေတော့၏။

မေရီ၏အိမ်သို့ရောက်သောအခါ ခွေးကလေးသည် တံခါးပေါက် တွင်ရပ်ကာ သူ့သခင်အား ဆီးကြိုခေါ်ငင်သကဲ့သို့ ဟောင်၍နေပြန်၏။

အိမ်ထဲသို့ ရောက်သောအခါ မေရီသည် သူဌေးကြီးအား စား ငယ်တစ်လုံးအနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်စေလျက် အဝတ်အစား ရှေးဦးစွာလဲစေမှ တော်မည်ဟု အောက်မေ့ကာ အိမ်အပေါ်ထပ်သို့ လ

www.burmeseclassic.com

www.burmeseclassic.com



မြန် ဖျတ်လတ်စွာ တက်သွားလေ၏။ သူဌေးကြီးကလည်း ယခုမှ တွေ့ရသော မိန်းကလေးတစ်ယောက်က မိမိအား မည်သည့်အတွက် ဤမျှလောက် ဂရုစိုက်သည်ကို စိတ်ထဲက ချီးကျူးအံ့သြ၍ နေမိ၏။

မေရီသည် အိမ်ပေါ်မှ သုတ်သီးသုတ်ပျာ ဆင်းလာပြီး စားပွဲပေါ်တွင် အထည်အဝတ်များကို စုပုံပေးခဲ့ပြီးနောက် "ကဲ ... အဖေကြီး ဒီအဝတ်တွေ မြန်မြန်လဲ၊ ကျွန်မရေနွေးအိုး မီးထိုးလိုက်ဦးမယ်" ဟု ဆိုကာ အိမ်နောက်ဖေးမီးဖိုချောင်အက်သို့ ပြေးသွားလေ၏။ သူဌေးကြီးသည် အဝတ်အထည်များနှင့်တကွ အိမ်အတွင်းအပြင် ခေတ္တမျှ ကြည့်ရှုအကဲခတ်ရင်း ငိုင်၍ နေမိပြန်၏။ ထိုအချိန်၌ ခွေးကလေးသည် အဘိုးကြီး၏ ဒူးပေါ်သို့ လက်ကလေးကို မြှောက်တင်ကာ အမြီးတနှံ့နှံ့ဖြင့် မြူးထူးပျော်ရွှင်လျက်ရှိလေ၏။ မေရီသည် ခွေးကလေး မြူးသံကြားသည်နှင့် မီးဖိုချောင်မှ ပြန်ထွက်လာခဲ့ရာ သူဌေးကြီး အဝတ်မလဲရသေးသည်ကို မြင်သဖြင့် "အို ... အဖေကြီးကလည်း အဝတ်လဲပါဆိုမှ ခုထက်ထိ မလဲသေးဘူး။ ဘာဖြစ်လို့ တွေတွေကြီး လုပ်နေရတာလဲ တော်တော်ကြာ အအေးမိပြီး ဒုက္ခရောက်လိမ့်မယ်" ဟု ပြောပြောဆိုဆို သူဌေးကြီး၏ ဦးထုပ်အပေါ် အင်္ကျီကြယ်သီးများကို ဖြုတ်ပေးပြီးလျှင် ရှပ်အင်္ကျီကို ကူညီ၍ ချွတ်ပေးလေသည်။ မေရီသည် သွေ့ခြောက်သော မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် အဘိုးကြီး၏ ဦးခေါင်းနှင့် ကိုယ်ကို ပွတ်တိုက်ပေးပြီးလျှင် သူယူလာသော ရှပ်အင်္ကျီကို ခပ်မြန်မြန် ဝတ်ပေး၏။ ရှပ်အင်္ကျီအပေါ်မှ ကုတ်အင်္ကျီကို ဝတ်ပေးပြန်၏။

မေရီ ။ ။ "ကဲ ... ကဲ ... အဖေကြီး ဘောင်းဘီကို မြန်မြန်လဲ ... အို ... ခြေအိတ်နဲ့ ဖိနပ်တောင် မယူရသေးပါလား"

သို့ပြောပြောဆိုဆိုနှင့် မေရီသည် အပေါ်ထပ်သို့ တက်ပြေး၍ ခြေအိပ်နှင့် ဖိနပ်တစ်ရံကို ယူခဲ့ပြီးလျှင် "ကဲ ... ကဲ ... မြန်မြန်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီ ချက်ချင်း ယူခဲ့မယ်" ဟု ပြောဆိုကာ မီးဖိုချောင်ထဲသို့ ခပ်သွက်သွက် ဝင်သွားလေ၏။ သူဌေးကြီးသည် အဝတ်အစားများ အားလုံးလဲပြီးသောအခါ အတော်ပင် ကိုယ်လက် ပေါ့ပါးလာပြီးဖြစ်၍ ခြောက်သွေ့သော ကုလားထိုင်တစ်လုံးသို့ ပြောင်း၍ ထိုင်လေ၏။ ခွေးကလေးသည်လည်း အလွန်ပျော်ရွှင် မြူးထူးသည့်ဟန်ဖြင့် အခန်းထဲတွင် အတန်ကြာလမ်းသလားနေပြီးနောက် မေရီရှိရာ မီးဖိုချောင်တွင်းသို့ ဝင်လိုက်သွားလေ၏။ မေရီသည် ခွေးကလေးအား လူတစ်ယောက်ကဲ့သို့ စကားပြောရင်း ကော်ဖီဖျော်၍နေလေသည်။

သူဌေးကြီးသည် ကော်ဖီသောက်ရင်း မေရီအား တီးခေါက် မေးမြန်းလျက် ရှိလေသည်။

ကြီး ။ ။ "မင်းက အဖေကြီးကို သိဖူးလို့လား"

ရီ ။ ။ "အခုမှ မြင်ဖူးတဲ့လူကို ဘယ်တုန်းက သိနေရမှာလဲ အဖေကြီးရဲ့။ ကိုင်း ... ကိုင်း ... စကားပြောမနေနဲ့ဦး အဖေကြီး။ ဝမ်းထဲမှာ ပူသွားအောင် ကော်ဖီပူပူကလေး ခပ်မြန်မြန် သောက်လိုက်ဦး။ ကျွန်မ အိပ်ရာသွားပြီး ပြင်ချဦးမယ်" —

မေရီသည် အိမ်ပေါ်ထပ်သို့ ပြေးတက်သွားပြီးလျှင် မကြာမီပင် ပြန်၍ ဆင်းလာလေသည်။

ရီ ။ ။ "တစ်ခွက်ထပ်သောက်ဦးလေ ... မုန့်ကော တစ်ကိုက်မှ မကိုက်ပါကလား"

ကြီး ။ ။ "မုန့်မစားပါရစေနဲ့ကွယ်။ ကော်ဖီပဲ သောက်ပါ့မယ်။ နေပါဦး ... ဒီအိမ်မယ် ဘယ်သူတွေနဲ့ နေလဲ"

ရီ ။ ။ "ကျွန်မတစ်ယောက်တည်းရယ်၊ အဖေက မနှစ်က ဆုံးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မင်းတစ်ယောက်တည်းရယ် ဟုတ်လား။ ဒါဖြင့် အဖေကြီးက လူဆိုးသူခိုး ဖြစ်နေရင်ကောကွယ်။ ဘယ်နှယ့်လုပ်မလဲ"

"အမယ်လေး ကော်ဖီသာ မြန်မြန်သောက်စမ်းပါ။ အိပ်ရာထဲမှာ စောင်ခြုံပြီး ကိုယ်ငွေ့ပျံလာအောင် လုပ်ရဦးမယ်။ ဒေါက်တာက ကံကောင်းထောက်မလို့ ဒီနေ့ည ဒီရွာမှာ အိပ်မှာ။ သူက ၇ ရက် တစ်ပတ် တစ်ခါ လာတယ်။ ဒါပေမဲ့ မနက်လာ ညပြန်ပါဗျဲ။ ဒီမှာ အိပ်တာ မဟုတ်ဘူး။ ဒေါက်တာဆီ ကျွန်မ သွားစရာ ရှိသေးတယ်"

"ဒေါက်တာဆီ ဘာကိစ္စလဲကွယ့်။ ငါ မတွေ့ချင်ပါဘူး"

"အို ... အဖေကြီး မသိပါဘူး။ အဖေကြီး အအေးမိနေတယ်။ ကျွန်မအဖေလည်း မနှစ်က ဒီလိုဖြစ်တာပဲ။ နို့ပေမဲ့ ဒေါက်တာကို ၂ ရက်ကျော်ကျော် ရှိမှ တွေ့ရတော့ ရောဂါက လွန်ပြီ။ ဘယ်ရတော့မလဲ"

"ငါတော့ ဒေါက်တာ မခေါ်ချင်ပါဘူးကွယ်။ ဆေးဖိုးဝါးခ လည်း ပေးစရာ မရှိပါဘူး"

"ကဲ ... ကော်ဖီတော်ပြီလား။ လာ ... လာ ... အိပ်ရာကို၊ အဖေကြီး စကားပြောချင်ရင် တစ်ရေးလောက် အိပ်ပြီးမှ ပြောပေါ့"

ပြောပြောဆိုဆိုနှင့်ပင် မေရီသည် သူဌေးကြီးအား ဖွတ်တရွတ် လက်ကို ဆွဲ၍ ခေါ်သဖြင့် လိုက်ပါသွားရလေ၏။ ထို့နောက် သူဌေးကြီးအား အိပ်ရာပေါ်၌ စောင်ခြုံ၍ အိပ်စေပြီးလျှင် မေရီသည် ရွာကုန်းပေါ်က ကမ်းနားလမ်းဘက် ဆရာဝန် အိမ်ရှိရာသို့ ဆင်းလာခဲ့လေ၏။ အခန့်သင့်ပင် 'ဒေါက်တာ ကာနင်ဂမ်' နှင့် တွေ့ရ၍ မိမိနှင့်တစ်ပါတည်း ခေါ်ခဲ့ပြီးလျှင် ချက်ချင်း အိမ်သို့ ခပ်သုတ်သုတ် လာခဲ့ကြ၏။

အိမ်သို့ ရောက်သောအခါ၌ကား သူဌေးကြီးမှာ အပြင်းဖျားနေပြီဖြစ်၍ လူမှန်းပင် မသိတော့ချေ။ ဒေါက်တာ ကာနင်ဂမ်သည် ရှုနာအား တတ်အားသမျှ ပြုစုစောင့်ရှောက်၍ ညဥ့် ၈ နာရီထိုးပြီးမှ ပြန်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ပင် သူ့ခွေး ကြီးမှာ သတိမရသေးချေ။ သို့သော် အဖျားအပူ အရှိန်ကား အတန်ငယ် လျော့၍ လာပေပြီ။

ဒေါက်တာကာနင်ဂမ်၏ ထင်မြင်ပြောဆိုချက်မှာ အဘိုးကြီး သည် အအေးမိ၍ ဖျားနေရုံသာမဟုတ် မဖျားမီကပင် စိတ်မငြိမ်သက်သော ရောဂါရှိကြောင်း၊ ကိုယ်လက်အင်္ဂါများနှင့်တကွ တစ်ကိုယ်လုံးရှိ ကြွက်သားများမှာ အလွန်ပင်ပန်းနွမ်းနယ်လျက် ရှိကြောင်းတို့ဖြစ်၍ အဖျားသက်သာစေကာမူ ထိုင်ထသွားလာလှုပ်ရှားခြင်း ပြုလုပ်ရန် မသင့်ကြောင်း၊ ဤသို့ပြုလုပ်က ခြေကုန်လက်ပန်းဖြစ်ကာ တစ်ခါတည်း လဲကျသွားတတ်ကြောင်း ယင်းအချက်များကို ကျပ်တည်းစွာ လိုက်နာဂရုပြုစေလိုကြောင်းဖြင့် အထပ်ထပ် မှာကြားပြီးနောက် –

ဒေါက်တာ။ "သွေးကတော့ ကောင်းပါတယ်။ မသေပါဘူး စိတ်ချပါ။ ဆရာတော့ ၃ ရက်တစ်ခါလောက်ပဲ လာနိုင်မယ် မေရီ" ဟု ပြောပြီးလျှင် ဆေးများပေးခဲ့၏။ ဒေါက်တာ ကာနင်ဂမ်မှာ ဘရစ်စတိုမြို့တွင် အမြဲနေထိုင်သူဖြစ်၍ တောနယ်ရှိ ရွာစဉ်တစ်လျှောက်သို့ လှည့်လည်ကာ ဆေးဝါးကုသနေသူ ဖြစ်၏။

မေရီသည် အဘိုးကြီး ခုတင်အနီးတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်ကာ စောင့်ရှောက်နေ၏။ အဖျားသည် အတန်ငယ် လျော့သွားသော်လည်း မကြာမီ ပြန်တက်လာပြီးနောက် တစ်ညဉ့်လုံးပင် ကျချည်တက်ချည်ဖြင့် အချိန်ကုန်မှန်းမသိ ကုန်လေတော့၏။ လူနာကား သတိမရသေးချေ။ သူသည် လူနာကို စောင့်ရှောက်ရင်း ကွယ်လွန်သူ သူ၏ဖခင်ကြီး အကြောင်းကို ပြန်ပြောင်း စဉ်းစားလျက် 'ဪ ... အဖေကြီး ... အဖေကြီး၊ တကယ့်ကို ငါ့အဖေနဲ့ တူတာပဲ။ သူတော်ကောင်းကြီး ... များကို အပိုဒုက္ခမပေးချင်ရှာဘူး။ ငါ့မှာလည်း အဖေဆုံးလို့ တစ်ခါတော့ အဖေ သစ်ရပြီဆိုပြီး သူ့ကို ဂရုစိုက်တာ မသိရှာဘူး။ ငါကတော့ သူ့ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ာက်သာအောင်လို့ သူမေးတဲ့ စကားတွေကို ဂရုဏာဒေါသောနဲ့ တိုတို
ာင်းတောင်း ပြောလိုက်မိတယ်။ ဒီဟာတွေ စိတ်များဆိုးသွားသလား။
ပြောတတ်ဘူး။ အင်း ... ဒေါက်တာကတော့ မသေနိုင်ဘူး ပြောသွား
ာ့ သူ့စကားပဲယုံရတော့မှာပဲ။ ဘယ်နှရက်များ ဖျားနေမယ် မသိဘူး။
ဘြိ ... ရေနွေးအိုး အသင့်တည်ထားဦးမှ၊ နိုးမှ သတိရလာရင် ကော်ဖီ
ူကလေး တစ်ခွက်ချော့တိုက်ရအောင်' ဟု စဉ်းစားပြီးနောက် မီးဖို
ောင်ဘက်သို့ဆင်းလာခဲ့လေ၏။ ရေနွေးအိုးတည်ရင်းကပင် မေရီသည်
ူနာကို စိတ်မချနိုင်ဘဲ အပေါ်သို့တက်ချည်တစ်ခါ အောက်သို့ဆင်းချည်
စ်လှည့်ဖြင့် အချိန်ကုန်ခဲ့ပြီးလျှင် မိုးစင်စင် လင်းခဲ့လေတော့၏။

လူနာသည် နံနက် ၈ နာရီ အချိန်တွင် အတန်ငယ် သတိရလာ
ဖြင့် မေရီက ကော်ဖီကို ဖွန်းကလေးဖြင့်တိုက်၏။ သူ့ဖျားကြီးမှာ စိတ်
ိုသူဖြစ်၍ အိပ်ရာမှ ထ၍ထိုင်မည်ပြုရာ မေရီက "မထိုင်ပါနဲ့ဦး အဖေ
ြီးရယ် မောပါ့မယ်။ ကျွန်မ ဖွန်းနဲ့တိုက်မှာပေါ့" ဟု ပြောရှာ၏။ မကြာမီ
ည့်သည်အချို့ လူနာမေးရန် ရောက်လာကြရာ၊ ဒေါက်တာ ကာနင်ဂမ်
 ညွှန်ကြားချက်အရ အခန်းတွင်းသို့ ဝင်ခွင့်မပေးဘဲ အိမ်ရှေ့ခန်း၌
ည့်ခံပြီးလျှင် လူနာ့အကြောင်းကို ပြောရ၏။ အချို့ကိုလည်း အချိန်ကြာ
ြင့်စွာ အသိမခံနိုင်ဘဲ နောက်တစ်ရက် နှစ်ရက်အကြာတွင်မှ လာရောက်
ေမြန်းကြရန် တောင်းပန်၍ လွှတ်ရ၏။ နံနက်ကိုးနာရီတွင် ဆေးတစ်
ာ်တိုက်ပြီးနောက် လူနာသည် အိပ်ပျော်၍သွားရာ။ အိပ်ရင်းပင် အဖျား
ာ်လာ၍ ထိုနေ့ တစ်နေ့လုံး သတိမရဘဲရှိနေတော့၍ မေရီသည် ခြေ
ကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာ၏။ ညဉ့် ၁၀ နာရီတွင် တစ်ဖန် သတိ
န်၍ရလာရာ၊ ဆရာဝန် ပေးခဲ့သော ဆေးနှင့်ကော်ဖီကို ချော့မော့တိုက်ရ
န်၏။ အဖျားသည် တစ်ခါတည်း ကျလာသည်ဟူ၍မရှိဘဲ တက်လိုက်
ျလိုက်နှင့်ပင် ရှိနေလေရာ၊ မေရီသည် လူနာခုတင်အနီးတွင် ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ အိပ်ငိုက်သွားမိ၏။ သို့တစေလည်း မေရီသည် မိမိ၏ အိပ်ခန်းသို့သွား၍ စိတ်ချလက်ချ မအိပ်နိုင်သေးချေ။

၃ ရက်လွန်သောအခါ ဒေါက်တာကာနင်ဂမ် ရောက်လာပြီးလျှင် လူနာအား စမ်းသပ်မေးမြန်း၍ ထိုနေ့တစ်နေ့လုံးလိုပင် မေရီနှင့်အတူ စောင့်ကြပ်ပြုစုလျက် ရှိနေ၏။ လူနာသည် သတိရလိုက်မရလိုက်ဖြစ်ကာ ဒေါက်တာ ပြောသည့်အတိုင်း ခြေကုန်လက်ပန်းကျနေဟန်တူ၏။ သတိရလာသောအခါ လူနာက သူ၏ ခြေလက်တို့ကို မ၍မရကြောင်း ပြောရှာ၏။ သို့ရာတွင် ထို ၃ ရက်အတွင်း၌ သိသိသာသာအဖျားလျော့သွား၏။ ညနေပိုင်းတွင် လူနာသည် ကောင်းစွာ သတိရလာသဖြင့် ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ကြက်စွပ်ပြုတ်ကို တိုက်ရ၏။ ဒေါက်တာ ကာနင်ဂမ်က နောက်တွင် အဖျားတက်တော့မည် မဟုတ်ကြောင်း၊ သို့သော် အကြောများသေနေသဖြင့် လိမ်းဆေးကို အချိန်မှန်လိမ်းပေးပြီးလျှင် ဆေးတိုက်ရန်ကိုလည်း မမေ့ရန်မှာကြားပြီးနောက် ညနေ ၆ နာရီတွင် ပြန်သွားလေ၏။ မည်သို့ပင်ဖြစ်စေ လူနာမှာ ကောင်းစွာသတိရ၍ အဖျားလုံးလုံး ကျသွားပြီဖြစ်သောကြောင့် မေရီသည် အတော်စိတ်အေး၍သွားကာ ထိုအခါမှ ပြုံးနိုင်ရယ်နိုင် ရှိလေတော့၏။ ထိုအခါ လူနာသည် စကားအနည်းငယ် စ၍ ပြောလေသည်။

ကြီး ။ ။ "ငါအိပ်မက်ထဲမယ် အသားညိုညို အရပ်အမောင်းတောင့်တောင့်တင်းတင်း မျက်မှန်တပ်လို့ လူတစ်ယောက် ငါ့ခုတင်နားမှာမြင်ရသလိုလိုပဲ။ ကလေးမ စကားပြောနေတာလည်း မြင်တယ်"

ရီ ။ ။ "ကျွန်မ နာမည် မေရီတဲ့၊ မှတ်ထားနော် အမေကြီး။ အသားညိုညိုဆိုတာက ဒေါက်တာကာနင်ဂမ်ပေါ့။ အဖေကြီးရောက်တဲ့နေ့ကပဲ သူ့ကို ဆင်းခေါ်ပြီး အဖေကြီးကိုပဲ ကုခဲ့ရတယ်လေ။ ဒီကနေ့ညနေ ၆ နာရီမှ ပြန်သွားတယ်။ သူက အဖျားမရှိတော့ဘူးတဲ့။ ဒါပေမဲ့

www.burmeseclassic.com

အကြောတွေ ပင်ပန်းနွမ်းနယ်လွန်းလို့ အဖေကြီး ခြေကုန်လက်ပန်း ကျနေတာပဲတဲ့။ အဖေကြီးဟာ ခရီးပြင်းလာခဲ့ရလို့ အခု ငြိမ်ငြိမ်ကလေး အနားယူပြီး နေရမယ်လို့ ပြောသွားတယ်။ ပြီးတော့ ကြက်သားစွပ်ပြုတ်လည်း များများသောက်ရမယ်တဲ့။ ဒေါက်တာ ပြောသလိုနေဦးနော်။ ထပြီး မသွားနဲ့၊ အားပြတ်ပြီး လဲသွားတတ်တယ်လို့ ပြောခဲ့တယ်"

"မေရီမယ် ဒုက္ခအပိုတစ်ခုရတာပါပဲကွယ်။ မင်းနဲ့ငါနဲ့ မတွေ့ဖူး မမြင်ဖူးဘဲနဲ့ မင်းဘာကြောင့် ဒါလောက် ဒုက္ခအပိုခံချင်ရတာလဲကွယ်။ အဲဒါ ငါသိချင်ပါတယ်"

"အဖေကြီး နေကောင်းတော့ ပြောတာပေါ့။ ဘာအရေးကြီးတာမှတ်လို့။ အဖေကြီး စိတ်အေးအေး ထားပြီး မြန်မြန် ကျန်းမာအောင်သာ ကြိုးစားစမ်းပါ အဖေကြီးရဲ့။ နေဦး ကျွန်မ ရေနွေးအိုးတည်လိုက်ဦးမယ်"

မေရီသည် စကားမဆက်လိုသဖြင့် ရမယ်ရှာပြီးလျှင် မီးဖိုချောင်သို့ ဆင်းသွားလေသည်။

နောက် ၃ ရက်ကြာသောအခါ ဒေါက်တာ ကာနင်ဂမ် ရောက်လာပြန်၏။ ထိုအခါ၌ သူဌေးကြီးမှာ စကားကောင်းစွာ ပြောနိုင်လေပြီ။

ဒေါက်တာ။ ။ "ဘယ်နှယ့်လဲ အဖေကြီး၊ အစားများ ကောင်းကောင်း စားနိုင်ပါပြီလား"

ကြီး ။ ။ "နည်းနည်းကျဉ်းကျဉ်းပါပဲ ဒေါက်တာ။ စွပ်ပြုတ်တော့ များများ သောက်ပါတယ်"

"ကျွန်တော် ယူဆချက်ကို ပြောမယ်နော်၊ မမှန်ရင် ပြောပါ။ အဖေကြီး မိုးမိလို့ ဖျားတာ မိုးမမိခင် အင်မတန် ကိုယ်လက်ပင်ပန်းစေတဲ့ အလုပ်ကို လုပ်ခဲ့ရမယ်။ ဒါမှမဟုတ်ရင် ခရီးပြင်းပြင်း မနားမနေသွားခဲ့ရမယ်။ အဲဒီအခါမှာ အာဟာရကောင်းကောင်းမစားခဲ့ရဘူး။ ပြီးတော့ စိတ်မငြိမ်မသက်တဲ့ ရောဂါရှိခဲ့ရမယ်။ ဟုတ်တယ် ... မဟုတ်လား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... အလုပ်ကြမ်းကြမ်းတော့ မလုပ်ခဲ့ပါဘူး။ ဒါပေမဲ့ ခရီးပြင်းပြင်း မနားမနေ လာခဲ့ပါတယ်။ ဒီကို ရောက်ချင်ဇောနဲ့ လာခဲ့တာပါပဲ။ အစားအသောက် မကောင်းတာလည်း မှန်ပါတယ်"

"ကောင်းပါပြီ အဖေကြီး။ ဒါကြောင့် အခုတော့ ကောင်းကောင်း စားပါတော့။ ကြက်သား၊ ဆိတ်သား စားနိုင်ပါတယ်။ ကြက်ဥလည်း စားပါ။ ပို့(တ်)ဝိုင်ရ နိုင်ရင်လည်း သောက်ပါ။ မကြာခင် ကျန်းမာလာပါ လိမ့်မယ် ခင်ဗျာ။ စိတ်ကိုလည်း တင်းထားပါ ဒါပါပဲ"

"အများကြီး ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ထို့နောက် ဆရာကြီး ပြန်သွားလေသည်။

☺

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ သူဌေးကြီးသည် အခန်းတွင်းတွင် ခပ်ဖြည်းဖြည်း
မ်းလျှောက်နိုင်ပြီဖြစ်၍ အစားအသောက်လည်း အတော်ပင် စား
သောက်နိုင်လေပြီ။ တစ်နေ့ ညဥ့်ဦးယံအချိန်တွင် မေရီက ကော်ဖီလာ၍
းသောအခါ သူဌေးကြီးက မေရီအား —

"ဩော် ... ဒါထက် မေရီကို ကျုပ်တစ်ခု မေးစမ်းပါရစေ။
သေချာချာ စိတ်ရှည်လက်ရှည် ဖြေနော်။ ဒီဟာတွေကို မသိရရင်
ဖေကြီး စိတ်မကောင်းဘူးကွယ့်"

"ဘာမေးမှာလဲ အဖေကြီးရဲ့။ မေးသာမေးပါ စိတ်ရှည်လက်
ည်ကို ဖြေပါ့မယ်"

"နေ့လယ်တုန်းက အောက်ထပ်မယ် ဧည့်သည်တွေနဲ့ မေရီ
ားပြောနေတာ အဖေကြီး ကြားရတယ်။ မင်းအဖေက သူ့သူငယ်ချင်း
စ်ယောက်လာလိမ့်မယ်။ ဆင်းရဲရှာတယ်။ တကယ်လို့ သူအိမ်မှာ မ
ခဲ့ သူ့လိုပဲ ကောင်းကောင်းမွန်မွန် ပြုစုပါလို့ မှာထားခဲ့တယ်
ကြောင်း ဧည့်သည်တွေကို မင်းပြောနေတာ ကျုပ် ကြား
ဘာ့ ကျုပ် မေးချင်တာက အဲဒီ မင်းပြောတာ ဟုတ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖျားပြီး တောင်ကုန်းပေါ်မှာလဲနေတာ မင်းက တမင်ခေါ်လာပြီး အ
အရင်းလို ပြုစုနေတာပဲ။ ကျုပ် စိတ်သဘော ကောင်းတယ် ဆိုးတ
ဆိုတာလည်း မင်းမသိဘူး။ ကျုပ်ဟာ သူခိုးဓားပြ ဖြစ်ချင်ဖြစ်မယ်။
ဆိုး လူယုတ် ဖြစ်ချင်ဖြစ်မယ်။ အဲဒီတော့ မင်းက ဘယ်လိုစိတ်သဘော
ပြုစုတယ်ဆိုတာ အဖေကြီး သိချင်တယ်။ ကျုပ်က ကျေးဇူးကန်းလို့
တာ မဟုတ်ဘူးနော်။ မေရီရဲ့ သဘောကို သိချင်တာပဲ ရှိတယ်။ ကဲ
ပြောစမ်းပါကွယ် သမီး"

"ဒီမယ် အဖေကြီးရဲ့ ကျွန်မ ပြောမယ် နားထောင်။ ဘာဖြစ်
သူစိမ်းပြင်ပြင် လူတစ်ယောက်ကို အရေးပေးပြီး ဒုက္ခခံပြုစုရသလဲဆို
သိချင်တယ် ဟုတ်လား။ ဒီလို အဖေကြီးရဲ့ မနှစ်က အခုလို မေလ
ကျွန်မ အဖေဟာ အခု အဖေကြီးလိုပဲ မိုးတွေမိလာပြီး အပြင်းအ
ဖျားတာနဲ့ နောက်ဆုံး သေရရှာတယ်။ အဲဒီလို မိုးကြီးမျိုး ဒီနှစ်ရွာ
မနှစ်က အဖြစ်အပျက်တွေကို ကျွန်မ သတိရမိတယ်။ ကျောက်ဖျာပေါ်
အဖေကြီးလဲနေတဲ့အခါ ဩော် ... ငါ့အဖေ အရွယ် ငါ့အဖေအဖြစ်
ဖြစ်နေရှာပါကလား။ ကူညီစောင့် ရှောက်မယ့်သူလည်း ရှိမယ် မထင်
ဒီလိုသာနေရင် ဒုက္ခရောက်ရရှာတော့မယ်လို့ တွေးမိပြီး ပြုစုစောင့်ရှော
တာပါပဲ။ ဒီတော့ ဧည့်သည်တွေကို ယုတ္တိယုတ္တာရှိအောင် ဉာဏ်ဆင်
ပြောရတော့တာပေါ့ အဖေကြီးရဲ့။ နို့မဟုတ်ရင် သူတို့က ကဲ့ရဲ့ချင်ကဲ့ရဲ့
မှာပေါ့။ ပြီးတော့ အဖေကြီးဟာ သူခိုးလူဆိုးဖြစ်ရင် ကျွန်မကို အ
ပျက်စီးအောင် လုပ်ရင်လည်း ဘုရားသခင် စီမံတဲ့အတိုင်း ခံရမှာပဲ
ဘာမှ ကျွန်မတော့ အထူးမပြောတတ်ဘူး။ ကိုယ့်ကိုယ်ကို ကျွန်မ
သာ ကြိုးစားပါ အဖေကြီးရယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ
ထဲမှာ မထားပါနဲ့။ ဒီဟာတွေလည်း နောက်ထပ် မ...စေချင်ဘူး။ အ
ကြီး စိတ်ချမ်းသာအောင်သာနေစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ သူဌေးကြီးသည် အိမ်ဝင်းခြံအတွင်း၌ လမ်းလျှောက်နိုင်တော့၏။

မေရီ ။ ။ "အဖေကြီး ကမ်းနားဘက် ဖြည်းဖြည်း လျှောက်ပါဦးလား။ လေကောင်းလေသန့်ရတာပေါ့။ ပင်လယ်ဝဆီကို ကြည့်လိုက်ရင် လှိုင်းမျှော်ခင်းတွေက သာယာပါတယ်။ အိမ်ကို ပြန်အတက်မယ် မမောရအောင် နောက်တစ်နာရီ လောက်ကြာတော့ ကျွန်မ လာပြီး ကြိုမှာပေါ့"

ကြီး ။ ။ "အေး ... အေး ... ငါလည်း ကမ်းနားဘက်ကို သွားချင်နေတယ်။ လူများတဲ့ နေရာတော့ မသွားချင်ဘူး"

"ဒါဖြင့် အောက်နားကလမ်းခွဲမှာ လက်ဝဲဘက် လမ်းကလေးကို လိုက်သွားပေါ့။ အဲဒီမှာ ကျောက်ဆောင်ကျောက်ကမ်းပါးတွေရှိတယ်။ ... အင်မတန် ကောင်းပြီး လူလည်း ပြတ်တိပြတ်တောင်းပဲ"

"အေး ... အေး ... ဒါဖြင့် သွားမယ်။ မေရီ လာပြီး မကြိုပါနဲ့ကွယ်။ အဖေကြီး လာနိုင်ပါတယ်"

"ဟုတ်ကဲ့ ... ရေနွေးအိုး အသင့်လုပ်ထားမယ်နော်။ ပြန်လာတဲ့အခါ ကော်ဖီပူပူလေး သောက်ရအောင်"

သူဌေးကြီးသည် မေရီညွှန်ပြသော လမ်းအတိုင်း ဆင်းသွားလေ၏။ မကြာမီ ကမ်းနားသို့ရောက်သွားရာ ထိုနေရာ၌ကား ကျောက်ဆောင်ကျောက်တုံးကြီးများနှင့် ကျောက်ကမ်းပါးကြီးများ တင်းကျမ်းပြည့်ရှိနေ၏။ လေညှင်းကလေးသည် တဖြူးဖြူး တိုက်ခတ်လျက်ရှိ၏။ ရေစပ်နားသို့ အရောက်သွားရန် ကွေ့ကောက်သော လမ်းကလေး တစ်လမ်းရှိရာ ရေစပ်အနီးတွင် သဲခုံတစ်ခုရှိ၏။ သို့နှင့် သဲခုံပေါ်တွင် လမ်းလျှောက်... သာစိတ် ဖြစ်ပေါ်လာသဖြင့် သူဌေးကြီးသည် လမ်းကလေးကို ... အောက်သို့ တဖြည်းဖြည်း ဆင်းလာ၏။ သဲခုံသို့ရောက်... ...ိနေရာမှာ ကျောက်ကမ်းပါးနှင့်လည်း မဝေးလှသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

လေးပါးကို ကြည့်ရှုလျက်ရှိစဉ် စာရွက်လေး ၃-၄ ရွက်သည် လေထဲတွ
လွင့်ပါလာပြီးနောက် သဲခုံပေါ်သို့ ကျရောက်လာ၏။ သို့ရှိစဉ် ကျော
ကမ်းပါးထိပ်ဆီမှ အရေးတကြီး အော်ဟစ်လိုက်သော အသံတစ်သံ
ကြားရလေသည်။

"အဖေကြီး ... အဖေကြီး ... စာရွက်တွေ ကောက်လိုက်စမ်း
ခင်ဗျာ။ ရေထဲ လွင့်သွားမှာ စိုးလို့ ... အားတော့ နာပါရဲ့ အဲ ... အဲ

ပြောပြောဆိုဆိုနှင့်ပင် လူတစ်ယောက်သည် လမ်းကဆ
အတိုင်း ပြေးဆင်းလာလေသည်။ သူဌေးကြီးသည် စာရွက်များကို ထ
ရွက်စီလိုက်၍ ကောက်လျှက်ရှိလေရာ တစ်ရွက်မှာ ရေစပ်သို့ပင် ရော
သွားလေပြီ။

ထိုသူမှာ လူရွယ်တစ်ယောက်ဖြစ်၍ သူဌေးကြီးအား အားတ
အားနာရှိလှသော မျက်နှာဖြင့် -

"ကျေးဇူးပါပဲ ခင်ဗျာ။ အဖေကြီးက မစွမ်းမသန်နဲ့၊ မလွဲသ
သာ ခိုင်းရတာပါ သိပ်အားနာတာပဲ"

"ဟုတ်တယ်။ ကျုပ်က နာလန်ထစဆိုတော့ မသွက်လက်
ပေါ့ မောင်။ ဒါနဲ့ စာရွက်လိုက်ကောက်ရတာ ကျုပ်အတွက် ကုရိယာ
မှုတယ်။ နောက်တစ်ခါ ထပ်ပြီးတောင် ကောက်ချင်သေးတယ် ...
... ဟဲ"

လူရွယ်။ ။ "ဟာ ... နောက်ထပ်လည်း မခိုင်းပါရစေနဲ့ ခင်
ဒီစာရွက်တွေက ကျွန်တော်ကိုယ်ပိုင်ဆိုရင်တော့ ရေထဲကျပြီး
ဆုံးပေစေ၊ ကိစ္စမရှိပါဘူး။ အခုတော့ သူများဆီက ငှားယူခဲ့ပြီး 
ခင်ဗျ။ စာအုပ်က အဟောင်းပေမယ့် ကျွန်တော်ရော စာအုပ်ရှင်ရော
ယောက်စလုံး လက်မလွှတ်နိုင်တဲ့ စာအုပ်၊ ဒါကြောင့် အားမနာပါး
အဖေကြီးကို အော်ဟစ်ပြီး အကောက်ခိုင်းရတာပါ စိတ်မရှိပါနဲ့နော်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော် တစ်ခုတောင်းပန်ချင်တာက အဖေကြီးကို အခုလို စာရွက်တွေ အရေးတကြီး အကောက်ခိုင်းတယ်လို့များ မေရီကို မပြောလိုက်ပါနဲ့ ခင်ဗျာ။ အခုမှ ကျွန်တော် အမှတ်တမဲ့ ခိုင်းခဲ့မိတာ နှောင်တရနေပါတယ်"

ကြီး ။ ။ "မောင်က မေရီနဲ့ သိလား"

"မသိပါဘူး ခင်ဗျာ။ သူ့ဂုဏ်သတင်းတော့ ကြားဖူးပါတယ်။ ပြီးတော့ အဖေကြီး သူ့အိမ်မှာ နေတယ်ဆိုတာတော့ ကျွန်တော် သိတယ် ခင်ဗျ"

"မင်းက ဒီရွာသား မဟုတ်ဘူးပေါ့"

"ဇာတိတော့ မဟုတ်ပါဘူး ခင်ဗျာ။ ဒါပေမဲ့ ဒီရွာရောက်နေတာ ၄ လလောက် ရှိပါပြီ"

"ဒါနဲ့ မေရီကို မပြောပါနဲ့ဆိုတာက ဘာကို စိုးရိမ်လို့လဲကွယ့်"

"သူ စိတ်ကွက်သွားမှာ ကျွန်တော် အများကြီး စိုးရိမ်လို့ပါ ခင်ဗျာ"

"စီကာပတ်ကုံး စစ်ကြောင်း မေးမြန်းနေတယ်လို့လည်း မအောက်မေ့ပါနဲ့ကွယ်။ မေရီက ဘာကြောင့် စိတ်ကွက်ရမှာလဲ။ သူစိတ်ကွက်ခဲ့လို့ရှိရင် မောင့်မှာ ဘယ်လို ထိခိုက်မှာမို့လဲ"

"ဒီမယ် အဖေကြီးရဲ့ ... မေရီက ဒီရွာကလေးမှာ အတော်အကြည်ညိုခံ ရတဲ့ အမျိုးသမီးတစ်ယောက် ခင်ဗျ။ သူ စိတ်ကွက်သွားရင် ကျွန်တော် ဒီရွာမှာ တာရှည်နေနိုင်မှာ မဟုတ်တော့ဘူး"

"ကျုပ် သိပ်ပြီး နားမရှင်းသေးလို့ ထပ်မေးပါရစေဦး။ စိတ်မရှိပါနဲ့နော်"

"မရှိပါဘူး ခင်ဗျာ။ မေးသာမေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က မေရီနဲ့ ရင်းနှီးဆက်သွယ်ဖို့ အကြံများရှိလို့လား။ ကိုင်းလေ … တည့်တည့်ပဲ ပြောပါစို့ရဲ့။ သူ့ကို မောင်ချစ်ကြိုက်နေလို့လား"

လူငယ်သည် တောင်မြောက်လေးပါးကို လှည့်ကြည့်ပြီးနောက်

"အဖေကြီး တိုးတိုး … တိုးတိုး ဒီလိုပါ ခင်ဗျာ။ မေရီဟာ ကျွန်တော် စိတ်ထဲမှာ ပထမတန်းမိန်းမတစ်ယောက်ခင်ဗျ။ နို့ပေမဲ့ အခုနေ အခါ ကျွန်တော့်မှာ 'ကြိုက်' ဆိုတဲ့ စကားကို သုံးဖို့အခါ မဟုတ်သေးပါဘူး ခင်ဗျာ"

"အင်း … မင်းကတော့ ရှင်းအောင်ပြောတာပဲ။ နို့ပေမဲ့ အဖေကြီး နားမှာ ပိုပြီး ရှုပ်နေတယ်။ အာသာမပြေသေးတော့ ထပ်ပြီး မေးချင်တာပဲ မောင်"

"ကဲကဲ … ကျွန်တော် တစ်ခုပြောမယ်။ အဖေကြီးကိုလည်း အိမ်ပြန်ပို့ရင်း ကျွန်တော်တို့ အတူတူသွားတော့ ကျွန်တော့်အထုပ္ပတ္တိကို အနည်းအကျဉ်း ပြောပြသွားပါ့မယ်။ ဒီတော့ အဖေကြီး နားရှင်းရောပေါ့။ ကိုင်း … ပြန်ကြစို့"

"အေး … အေး … ကောင်းတာပေါ့ကွယ်"

သို့နှင့် သူဌေးကြီးသည် ထိုလူရွယ်နှင့်အတူ ပြန်လာခဲ့ကြလေ၏။

လူရွယ်။ "ဒီလို ခင်ဗျ … ကျွန်တော် နာမည်က 'ရစ်ဇီးရီ' တဲ့။ စကော့တလန်ပြည် အက်ဒင်ဘာမြို့နဲ့ မနီးမဝေး 'ဟီသာမွန်ဗီ' ရွာ ကလေးမှာ နေတယ်။ ကျွန်တော့်အဖေက ယာခင်း လုပ်စားရပါတယ်။ ကျွန်တော့်မှာ စာကောင်းကောင်း မသင်ရဘူး။ သိုးအစောင့်ကျောင်းရ တယ်။ ဒါနဲ့ လူလားမြောက်လာတော့ ဖခင်ကြီးရဲ့ ယာခင်းမှာပဲ ကူညီရ တယ်။ ဆင်းရဲပါတယ် ခင်ဗျာ။ ကျွန်တော်တို့ ရွာအုပ်ကြီးရဲ့သား 'ဝါပိုလ်'

www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ သူငယ်ချင်းပဲ ခင်ဗျ။ တစ်ယောက်နဲ့တစ်ယောက် အလွန် ချစ်ခင်ကြပါတယ်။ ဝါပိုက အကုက်ဒင်ဘာ ကျောင်းတော်ကြီးမှာ စာသင်ခဲ့ရတယ်။ သူက အခုတော့ ဝတ်လုံဖြစ်နေပါပြီ။ တစ်နှစ်က ကျွန်တော့် အဖေဆုံးသွားတော့ သူငယ်ချင်းဝတ်လုံက ကျွန်တော့်ကို သူ့အိမ်ခေါ်ထားပြီး ... သူငယ်ချင်း မင်းအလုပ်ဟာ သိပ်ပင်ပန်းပါတယ်။ ဒီတော့ အနည်းဆုံးအောက်တန်း ရှေ့နေဖြစ်အောင် ဒီဥပဒေစာအုပ်တွေကို ကျက်ပါတဲ့။ မရှင်းမလင်းတာ ရှိရင် ငါပြပေးမယ်လို့ ပြောတာကို ခင်ဗျာ။ ကျွန်တော်က ငါဟာ စာကျက်နိုင်တဲ့ အင်အားမရှိပါဘူးကွယ်၊ ဖြစ်နိုင်မယ် မထင်ပါဘူးလို့ ငြင်းပါသေးတယ်။ ဒီတော့ သူက ထပ်ပြီး ဒီလိုကွယ့် သူငယ်ချင်း ... ဥပဒေဆိုတာ ခက်တယ်ဆိုတာတော့ ဟုတ်သပေါ့။ ဒါပေမဲ့ အချက်အလက်တွေကို တတ်ကျွမ်းတဲ့ ဆရာက ပြပေးရင်တော့ မခက်လှပါဘူး။ ငါ့မှာ စာအုပ်လည်း အပြည့်အစုံရှိပါတယ်။ ရှင်းလင်းအောင်လည်း ငါပြပေးပါ့မယ်လို့ တိုက်တွန်းတာနဲ့ ကျွန်တော်လည်း ကြိုးစားပြီးကျက်တော့ အတော်လေး ခေါက်မိလာတယ် ခင်ဗျ။ သူက ဒီဟာ ဒီဟာတွေကိုကျက်၊ ဒီဟာဒီဟာတွေကို နှုတ်ငုံဆောင်ဆိုပြီး ခဲတံနဲ့ ခြစ်ပေးတယ်။ ဒါနဲ့ မနှစ်ကတည်းကစပြီး ကျွန်တော် ကျက်လာပါတယ်။ လွန်ခဲ့တဲ့ မတ်လက စာမေးပွဲကို ဝင်မလို့ ခဲခဲ့တာပေါ့ ခင်ဗျာ။ ကိုင်းလေ ... အကျဉ်းပဲ ရှန်းပြီး ပြောပါတော့မယ်။ ကျွန်တော်ရဲ့ မိုက်မဲမှုကြောင့် မတ်လက စာမေးပွဲမဝင်ခဲ့ရဘူး။ ဒီတော့ ကျွန်တော်လည်း ယာခင်းထဲပဲပြန်ပြီး လုပ်တော့မယ်လို့ ကြံတော့ ... မင်း စိတ်မပျက်ပါနဲ့ လွန်ခဲ့တာ လွန်ပါစေတဲ့။ မင်းအတွက် ငါစဉ်းစားထားတာ တစ်ခုက ဘရစ်စတိုမြို့ အနောက်ဘက်လမ်းမကြီး အဆုံးနားမှာ ကိတ်ဖေးဆိုတဲ့ ရွာကလေးတစ်ရွာ ရှိတယ်တဲ့။ ဟိုသူ အရှောက်အပေါက် အင်မတန် နည်းပါးပြီး ရွာသူရွာသားတွေလည်း ရိုးရိုးကြီးတွေတဲ့။ အဲဒီရွာမှာသွားပြီး စာကျက်ပေတော့။ ဒီစာမေးပွဲတော့

www.burmeseclassic.com



မဝင်နဲ့ နေပေစေ။ နောက်နှစ်ကျမှ ကျကျနန ဖြေပေါ့ဆိုပြီး စရိတ်အ
အလောက် ပေးလိုက်ရတယ်။ ဒီတော့ စာအုပ်တွေကလည်း သူငေ
ချင်းရဲ့ စာအုပ်၊ စရိတ်လည်း သူကခံ၊ ကျွန်တော် ရှေ့နေမဖြစ်ဖြစ်အောင်
ဒီလောက် စောင့်ရှောက်နေတော့ သူ့ကျေးဇူးဟာ အင်မတန် ကြီးပါ
တယ် ခင်ဗျာ။ ဒါနဲ့ ကျွန်တော်လည်း ငါရှေ့နေမဖြစ်မချင်း သူ စိတ်အေ
မှာ မဟုတ်ဘူး၊ ကိုယ့်အကျိုး သူ့အကျိုး နှစ်မျိုးစလုံးအတွက် ကျွန်တေ
တာဝန်ယူထားရတဲ့လူပါ ခင်ဗျာ။ အဲဒီတော့ 'ကြိုက်' ဆိုတဲ့ စကား
ဘယ်လိုနေသလဲ၊ 'ရှေ့နေကအရင် မိန်းမကနောက်' မဟုတ်လား အ
ကြီး၊ ပြီးတော့ အဖေကြီးရဲ့ မေရီက စိတ်ငြိုငြင်ရင် တစ်ရွာလုံးက ကျ
တော့်ကို ငြိုငြင်ကြမယ်။ မဖြစ်ဘူး ... မဖြစ်ဘူး။ ဟော ... ပြောရင်းဆိုရ
အိမ်နားတောင် ရောက်လာပြီ။ ကဲ ... ကဲ ... အဖေကြီး ကျွန်တော် ပြ
တော့မယ်။ ခွင့်ပြုပါဦး"

"ဟာ ... ဘယ်ပြန်လို့တော်မလဲ။ ကော်ဖီလေးတစ်ခွက်လော
သောက်သွားဦးမှပေါ့။ လာလေကွယ် ... လာပါ"

လစ်ဇီရို ။ ။"မေရီက အခွင့်မပြုဘဲ မလာပါရစေနဲ့ အဖေ
ရယ်"

ကြီး ။ ။ "ဒီလိုလည်း ငြင်းမယ် မထင်ပါဘူးကွယ့်။ 
လေ ... အေးအေး နောက်များတော့ တွေ့ကြသေးတာပေါ့ ဟုတ်လ
... ဂွတ်အီဗနင်း"

မစ္စတာရစ်ဇီရိုသည် ပြန်လှည့်သွားလေရာ သူဌေးကြီးလ
အိမ်ဆီသို့ ခပ်ဖြည်းဖြည်း တက်ခဲ့လေ၏။ မေရီက ဝင်းပေါက်မှ ဆီ
ရင်း - "အဖေကြီးက ဧည့်သည်ကို အပါခေါ်ခဲ့ရောပေါ့"

"ခေါ်ပါတယ်ကွယ်။ သူက မေရီ အခွင့်မပြုရင်လိုက်လာ
မတော်သေးဘူးဆိုပြီး ဇွတ်အတင်းပြန်သွားတယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



မေရီက အိမ်ထဲသို့ဝင်ရင်း –

"ကျွန်မ အကြိုဆင်းခဲ့မယ်လို့ ဟန်ပြင်နေတုန်း အဖေကြီးတို့ ပြန်လာတာ မြင်တာနဲ့ ... အိမ်ကပဲ စောင့်ကြိုနေတယ်။ သူနဲ့ ကမ်းနားမှာ တွေ့လို့လား"

"အေး ... ဟုတ်တယ်။ ကျောက်ကမ်းပါးကြီး အောက်နားက သဲခုံပေါ်မှာ သူကပဲ ကျွန်တော်လိုက်ပို့မယ်ဆိုပြီး နှစ်ယောက်သား စကားတပြောပြောနဲ့ လာခဲ့ကြတာပဲ"

"နောက်တစ်ခါ သူနဲ့တွေ့ရင် အိမ်ကို ခေါ်ခဲ့ပါ အဖေကြီးရဲ့။ အဖေကြီးကို ဂရုစိုက်တဲ့လူ ကျွန်မက ကျေးဇူးတင်ရမှာပေါ့။ သူ့သတင်းကတော့ ကောင်းပါတယ်။ ရှေ့နေစာမေးပွဲ ဝင်ရအောင် စာကျက်နေတယ်။ သူ့သူငယ်ချင်းက ဆောက်ပုံ့လို့တဲ့။ မကြွားမဝါတတ်ပါဘူး။ သူ့အကဲခတ်ရတာက လူရိုးပါ။ ကဲ ... ကဲ ကော်ဖီပူပူကလေး သောက်လိုက်ဦး။ အဖေကြီး အတော် မောသွားပြီ ထင်တယ်"

"အဆင်းတော့ ဟန်ကျလို့ပေါ့ကွယ်။ ရွာကုန်းမြင့်ကလေး ပြန်အတက်မယ်၊ နည်းနည်း ခြေညောင်းတာလောက်ပါပဲ။ မမောတော့ မမောပါဘူး။ ဒီလို သွားပေးမှလည်း ကောင်းတယ်"

"ဟုတ်တာပေါ့ တစ်နေ့ကတောင် ဒေါက်တာနဲ့ တွေ့သေးတယ်။ လမ်းလျှောက်ပေစေလို့ ပြောသွားတယ်"

"အင်း ... မေရီမယ် စရိတ် အကုန်အကျများနေပြီနော်။ ဒါကြောင့် အဖေကြီးက ဘာယ်လိုလုပ်ပြီး ပိုက်ဆံရှာရမလဲလို့ စဉ်းစားနေတယ်"

"အမယ်လေး ... ကြံကြီးစည်ရာ မလုပ်ပါနဲ့။ မေရီ သုံးတာ သုံးမကုန်ပါဘူး။ အော်ဒါတွေ ထပ်ထပ်နေတာပဲ။ အဖေကြီး နေမကောင်း ဖြစ်နေတုန်းက အလုပ်မလုပ်ဘဲ ခဏဆိုင်းထားခဲ့ရတာတွေ အရင်အလုပ်



www.burmeseclassic.com

www.burmeseclassic.com



မပြီးခင် နောက်ထပ် အော်ဒါက ရောက်နေတာပဲ။ အေးအေးကလေးသာ နေစမ်းပါ အဖေကြီးရဲ့ မေရီ ကျွေးနိုင်ပါတယ်"

သူဌေးကြီးသည် နေ့တိုင်းပင် လမ်းလျှောက်ထွက်ရာ ရစ်ဇီရိုနှင့် တွေ့သောအခါ တွေ့ရ၍ မတွေ့ရသောအခါလည်း ရှိ၏။ တွေ့သောအခါ များ၌ ရစ်ဇီရိုက မေရီအိမ်သို့ မလိုက်ရအောင် ဥပါယ်တံမျဉ်ဖြင့် ငြင်း တတ်၏။ တစ်နေ့သော် သူဌေးကြီးသည် ရစ်ဇီရိုနှင့်အတူ ပြန်အလာတွင် လမ်းခွဲအနီး၌ မေရီနှင့် ပက်ပင်းပါတွေ့ဆုံကြလေသည်။ ထိုအခါ မေရီက ခေါ်သဖြင့် ရစ်ဇီရိုသည် လိုက်ပါလာခဲ့ရလေရာ ... ကော်ဖီများ သောက် ပြီးလျှင်ပြီးချင်း တာရှည်စွာမနေဘဲ တစ်စုံတစ်ရာ အကြောင်းပြ၍ ချက် ချင်းလိုပင် ပြန်သွား၏။

တစ်နေ့တွင် မေရီက မစ္စတာရစ်ဇီရိုအား "ရှင်က ကျွန်မတို့ အိမ်မယ် ကြာကြာမနေတာ ဘာအကြောင်းရှိလို့လဲရှင့်။ ကျွန်မကတော့ အဖေကြီးကို ရှင် ဂရုတစိုက် အိမ်လိုက်ပို့နေနေလို့ ရှင့်ကိုကြည်ညိုနေမိ တယ်။ နို့ပေမဲ့လေ ကိုယ်က ဘယ်လိုပဲ သဘောထားထား၊ တစ်ဘက်သား သဘောကို မသိရတော့ အခက်သားကလား" ဟု နောက်ဆုံးတွင် ခပ်ထေ့ ထေ့ ခပ်ငေါ့ငေါ့ ပြောလိုက်လေသည်။

ရစ်ဇီရို ။ ။ "စိတ်မရှိပါနဲ့ မေရီ။ ကျွန်တော် သိရသလောက် မေရီဟာ အမြဲတမ်း အလုပ်နဲ့ လက်နဲ့ မပြတ်ဘူးဆိုတာ သိရပါတယ်။ ဒီတော့ ကျွန်တော် တို့က အလဟဿ အချိန်လာဖြုန်းမယ်ဆိုရင် တော် မယ် မထင်လို့ပါ တခြား အကြောင်း မရှိပါဘူး"

"ကျွန်မ အလုပ်က ဓာထိုးတာပဲရှင့်။ စကားပြောရင်းလည်း အလုပ်ပြီး နိုင်ပါတယ်။ စကားပြောရလို့ မမှားပါဘူး။ ရှင့်မှာတော့ သူများ နဲ့ စကားပြောနေရင် စာကျက်ပျက်တယ်။ ဒါပေမဲ့ ကျန်းမာရေးကို စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်မှုတို့ဆိုတာတွေဟာလည်း အလုပ်ကိစ္စပြီးမြောက်ခြင်းရဲ့ အင်္ဂါ အစိတ်အပိုင်းတွေဆိုတာ သတိပြုမိစေချင်တယ်"

"မေရီ ပြောတာမှန်ပါတယ်။ ဒီအချက်တွေ မပြည့်စုံရင် မဖြစ်ဘူးဆိုတာ ကျွန်တော် ကိုယ်တွေ့ပဲ ခင်ဗျ။ လွန်ခဲ့တဲ့ မတ်လစာမေးပွဲကို မဝင်ခဲ့ရတာဟာလည်း စိတ်ပျော်ရွှင်မှုမရှိလို့ပါဘဲ"

"အလို ... ကြားစမ်းပါရစေချင် စာမေးပွဲ မဝင်နိုင်ရအောင် စိတ်ညစ်ခဲ့ရတာ ကိုယ်ရေးကိုယ်တာ ဖြစ်ရင်တော့ မေးခွင့်မရှိဘူးပေါ့ ... ပြောခွင့်ရှိရင်လည်း ပြောပေါ့ရှင်"

"ကိုယ်ရေးကိုယ်တာတော့ ကိုယ်ရေးကိုယ်တာပါပဲ။ ဒါပေမဲ့လို့ လောကကြီးရဲ့ အဆင်မပြေတာတွေတော့ ပြောရတာပေါ့ခင်ဗျာ။ ကျွန်တော် မရှက်ပါဘူး။ ကိုယ်မိုက်ရင်မိုက်တာပေါ့ ဟုတ်လား။ ဒီလို...ခင်ဗျ မေရီက ကျွန်တော်တို့ စကော့တလန်ပြည်တို့ 'လော့ခ်လမွန်' ရေအိုင်ကြီးတို့ အဲဒါတွေ ရောက်ဖူးသလား"

"ဟင့်အင်း ... မရောက်ဖူးဘူး။ ကျွန်မ ဘာရစ္စတိုမြို့တစ်မြို့ပဲ ရောက်ဖူး တယ်ရှင့်"

"အဲ ... အဲ ...အဲဒီလော့ခ်လမွန် ရေအိုင်ကြီးဟာ သိပ်ပျော်စရာ ကောင်းတယ်။ ကြည်နူးစရာလည်း ကောင်းတယ်။ ရှေ့မျက်နှာမှာ တောင်တန်းတွေက ပတ်လည်ဝိုင်းလို့ ကျောက်ဆောင် ကျောက်တုံးကြီးတွေ၊ အငူလိုလို ကျွန်းကလေးတွေလိုလို ကျောက်ဆောင်ကြီးတွေကြားမှာ သဲခုံ သောင်စပ်ကလေးတွေကလည်း အဆင့်အရင့် အစီအရီပဲ၊ တချို့ပုံသဏ္ဌာန်ကလည်း အတော်ဆန်းပြီး တောင်တန်းတောင်စွယ်တစ်ဘက်မှာ မြား ခြယ်ထားသလိုပဲ။ ရေမျက်နှာပြင်ပေါ်မှာလည်း တောင်စွယ်တွေ ထွက်တွေက ထွက်နေတဲ့ အရိပ်တွေဟာ မှောင်ပိတ်နေရာမှာ မှောင်ပိတ်နေတယ်။ ဒီအထဲ လေပြေလေညှင်းကလေးက တစ်ချက်တစ်ချက် ရိုက်သွင်း

www.burmeseclassic.com



လိုက်တဲ့အခါ ပျင်းရမလိုလို ပျော်ရမလိုလိုနဲ့ အို ... တစ်မျိုးကြီး ဖြစ်သွားတော့တာပါပဲ မေရီရယ်။ ဒီရေအိုင်ကြီးရဲ့ ဂုဏ်ပုဒ်ကို ကုန်စင်အောင် ဖော်ထုတ်ပြီး မချီးကျူးနိုင်ပါဘူး။ အဲဒီရေအိုင်ကြီးကို အပေါ်က စီးပြီး ကြည့်ရသလို တောင်ကုန်းကလေးတစ်ခုရှိတယ်။ အဲဒီတောင်ကုန်းပေါ်မှာ 'လိပ်ခ်ဗျူး' ဆိုတဲ့ ရဲတိုက်ကြီးတစ်ခုရှိတယ် မေရီရဲ့။ ရဲတိုက်ကြီးအတွင်းကိုတော့ မရောက်ဖူးပါဘူး။ အဆောက်အဦက အသွင်ထူးအမြင်ထူးနဲ့ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ တိုက်ကြီးပါပဲ။ လန်ဒန်ရွှေမြို့တော်က ဒေးဗစ်ဟာမ်ဆလီဆိုတဲ့ သူဌေးကြီးရဲ့ တိုက်ကြီးပေါ့"

"အမယ်လေး ရှင်ပြောတာနဲ့ ကျွန်မဖြင့် အခုတောင် သွားကြည့်ချင်လှပြီ"

"အဲဒါ ကျွန်တော်က ဒီရေအိုင်ကြီးနဲ့ ရဲတိုက်ကြီးရဲ့ ဂုဏ်ကို စုံစုံလင်လင်ဖြစ်အောင် မပြောနိုင်သေးဘူး။ ကဲကဲ ... စိတ်ညစ်ခဲ့ရတဲ့ အကြောင်းကို ဆက်ကြဦးစို့။ အဲ ... ဒီရေအိုင်ကြီးနားက ယာခင်းတဲကလေးတစ်ခုမှာ ကျွန်တော်က တည်းခိုပြီး ကျောက်ဆောင်ကြားမယ် ကျွန်တော်က စာပုန်းပြီး ကျက်ကျက်နေတာကို ခင်ဗျ။ မေရီ ခုတင်ကပြောသလိုပေါ့ လူတွေထဲမှာ စာကျက်မရနိုင်လို့ လူပြတ်တဲ့နေရာရှာပြီး ကျက်ရတော့တာပဲ။ ဆိတ်ငြိမ်တဲ့ နေရာဆိုတော့ စာကျက်လို့ ရလွယ်တာပေါ့ ခင်ဗျာ။ ဒါနဲ့ ၉-၁၀ ရက်လောက်ကြာတော့ ကျွန်တော် ပြောတဲ့ ရဲတိုက်ကြီးမယ် လန်ဒန်မြို့သူတွေ ရေကစားလာကြတယ်လို့ ယာခင်းရှင် မိန်းမကြီးက ပြောလို့ သိရတယ်။ ရေအိုင်ကြီးထဲမှာ ရေချိုးကြ၊ သီချင်းအော်ဟစ်ကြ၊ လှေကလေးတွေနဲ့ သွားကြလာကြပေါ့ ခင်ဗျာ။ ဒီတော့ ကျွန်တော် စာကျက်တာ အနှောင့်အယှက်ဖြစ်လာတယ်။ သူတို့က ကျွန်တော့်အနားလာပြီး နှားပူတာတော့ မဟုတ်ဘူးပေါ့ဗျာ။ တစ်ယောက်နဲ့တစ်ယောက် မြင်ကြရတာမှ မဟုတ်တာဘဲ။ ဒါပေမဲ့ သူတို့ရဲ့ အမူအရာတွေ

www.burmeseclassic.com

www.burmeseclassic.com



သီချင်း တကျော်ကျော် အော်ဆိုနေတာတွေကို ကျွန်တော် စာကျက်နေတဲ့ ကျောက်ဆောင်ကြားကနေပြီး မြင်နေရ ကြားနေရတော့ စာကျက်တဲ့ အလုပ်ဟာလည်း ဘယ်ဖြောင့်နိုင်တော့မှာလဲ။ ဒီတော့ ကျွန်တော်လည်း ခင်း ... သူတို့တော့ ပျော်နိုင်ကြပါစေရဲ့ ငါ့မှာတော့ အလကား သက် သက် အလုပ်ပျက်တာပဲလို့ အောက်မေ့မိတယ်။ သူတို့ မမြင်ရတဲ့ကျောက် ဆောင်ကြားထဲဝင်ပြီး စာကျက်နေလို့ သူတို့ကို မမြင်ရပေမယ့် သူတို့ သီချင်းသံက နားထဲမှာ အမြဲကြားရတော့ ခက်တာပေါ့ ခင်ဗျာ။ စာမေးပွဲ ကလည်း နီးလာပြီ။ တစ်လတောင် မလိုတော့ဘူး။ ဒီလန်ဒန်သူတွေ ဘယ်တော့ ပြန်မလဲလို့ စုံစမ်းတော့လည်း မသေချာဘူး ခင်ဗျ။ ဒါနဲ့ ငါတော့ နေရာရွှေ့ဦးမှ ဖြစ်မှာပဲလို့ စဉ်းစားရင်း မနက်စာ စားပြီးတော့ ကျွန်တော် စာကျက်နေကျ ကျောက်ဆောင်ကြားသွားတာပေါ့ ခင်ဗျာ။ ကျွန်တော်လည်း အဲဒီနေရာရောက်ကရော အမယ်လေး အစပထမတော့ နတ်သမီးပဲလို့တောင် ထင်မိတယ်။ သူလိုချောတာလှတာ ယဉ်တာ အမူ အရာမခို့တရို့နိုင်တာ ကျွန်တော်ဖြင့် တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူး တွေ့ဖူးပါဘူး ခင်ဗျာ။ သူက ကျွန်တော့်ကြည့်ပြီး ရှင် ဘာစာတွေ ကျက် နေရတာလဲလို့ မေးတယ်။ အသံကလေးကလည်း အသည်းနှလုံး ခိုက် သွားအောင် သာယာချိုအေးတဲ့ အသံကလေးပါပဲ၊ ဒီတော့"

ကျွန်တော်။ ။ "ဥပဒေတွေ ကျက်နေပါတယ်"

သူငယ်မ။ ။ "ရှင့်စာအုပ် ကြည့်စမ်းပါရစေရှင်"

ကျွန်တော်က ရော့ရော့ဆိုပြီး ရာဇဝတ်ကျင့်ထုံး ဥပဒေစာအုပ် ကို ပေးလိုက်တယ်။ သူက စာအုပ်အလယ်ကို ဖတ်ပြီး တစ်ကြောင်းနှစ် ကြောင်း ဖတ်ပြီးတော့ –

သူငယ်မ။ ။ "ရှင် ဒီစာတွေ ကျက်နေရင် အသည်းနှလုံး ခြောက်သွေ့ကုန်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်။ ။ "ဘာကြောင့်တုံးဗျ"

သူငယ်မ။ ။ "အို ... စာတွေကိုက ကြောက်စရာ လန့်စရာ[illegible]ပဲရှင့်။ နေပါဦး။ ဒီစာကျက်တော့ ဘာဖြစ်မလဲ ဘယ်လိုရာထူးမျိုး ရ[illegible]လဲရှင့်"

ကျွန်တော်။ ။ "အောက်တန်းရှေးနေစာမေးပွဲ ဝင်မလို့ပါ"

သူငယ်မ။ ။ "ဝတ်လုံ မဟုတ်ဘူးပေါ့"

ကျွန်တော်။ ။ "ကျွန်တော် စာကောင်းကောင်း မတတ်[illegible]ဝတ်လုံစာမေးပွဲ မဖြေနိုင်ပါဘူး"

သူငယ်မ။ ။ "ဒီမှာ ကျွန်မ ပြောမယ် ရှင် စေ့စေ့နား[illegible]နော်။ ဒီကောင်မကလေးဟာ နန့်တန့်တန့် ပုံ့တန်တန်လို့လည်း မထင်[illegible]တကယ့် အလုပ်သဘောကို ကျွန်မက ပြောတာ နဖူးစာကို ပြောတာ[illegible]... နားလည်လား"

ကျွန်တော်။ ။ "အင်း ... အင်း"

သူငယ်မ။ ။ "တကယ်ပြောနေတာနော်။ ကျွန်မ ဒီရဲတိုက်[illegible]ရောက်ပြီး နောက်တစ်နေ့ပဲ မြင်တယ်။ ဒါနဲ့ စုံစမ်းကြည့်တဲ့အခါ ရှင်[illegible]စိတ်ကောင်း ရှိတယ်၊ လုံ့လဝီရိယ ရှိတယ် ဆိုတာ သိရတယ်"

ကျွန်တော်။ ။ "အင်း ... အင်း"

သူငယ်မ။ ။ "ကျွန်မစိတ်ထဲမှာ ရှင်နဲ့ ကျွန်မအကြောင်း [illegible]စားကြည့်တယ်။ ဒါနဲ့ အခုအဖြေရလို့ ရှင့်ဆီတိုက်ရိုက်လာပြောတာ[illegible]ရှင့်ကို ကျွန်မက အောက်တန်းရှေ့နေမကဘူး ဝတ်လုံလုပ်ပေးနိုင်[illegible]စာမေးပွဲတွေ ဘာတွေ လုပ်မနေနဲ့၊ ကျွန်မ နက်ဖြန် ရွှေမြို့တော်[illegible]ဘာမှမပူနဲ့ ကျွန်မနဲ့ လိုက်ခဲ့၊ ဒက်ဒီ့ပြောပြီး ချက်ချင်း ကျွန်[illegible] လက်[illegible]မယ်။ ဒက်ဒီက ကျွန်မ သဘောအတိုင်း ရွေးချယ်ဖို့ ခွင့်ပေးထားပြီ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယုံမရှိနဲ့ ဒေးဗစ်ဟမ်ဆလီဆိုတဲ့ မီးလျှံနှာသူဌေးကြီးဟာ ကျွန်မရဲ့ဒက်ဒီ ပါရှင့်"

ကျွန်တော်။ ။ "စာမေးပွဲဝင်ပြီးမှ လိုက်နိုင်မယ်၊ မကြာပါဘူး ဗျာ"

သူငယ်မ။ ။ "ရှင့်စာမေးပွဲက ဘာအရေးလဲရှင့်။ ကျွန်မတို့ ဒက်ဒီက ဒီလူကို ဒီလက်မှတ်ထုတ်ပေးလိုက်ပါဆိုလျှင် ဘယ်အစိုးရမှ ငြင်းဘူးရှင်။ အောက်တန်း မဟုတ်ဘူး။ ဝတ်လုံဖြစ်ရမယ်ရှင့်"

အဲဒီလို ပြောလိုက်တော့ ကျွန်တော်လည်း ငါ လိုက်သွားရ ကောင်းမလား၊ မိန်းမချောကလေးရဲ့ စကားကို ပစ်ပစ်ခါခါ ငြင်းလိုက်ရ ကောင်းမလား။ တကယ်လို့ လိုက်သွားပြန်ရင်လည်း သူငယ်ချင်းရဲ့ မေတ္တာကို ခြေထောက်နဲ့ စုန်ကန်သွားရာရောက်မယ်ဆိုပြီး မစဉ်းစားတတ် နိုင်အောင် ဖြစ်နေတာပါပဲ ခင်ဗျာ။ ဒါနဲ့ ..."

ကျွန်တော်။ ။ "ခင်ဗျားကလည်းဗျာ ... စာမေးပွဲအောင်ရုံ ကလေးမှ မဆိုင်းနိုင်တော့ဘူးလား။ ကိုယ့်လူစွမ်းလူစလည်းပဲ ပြပါရစေ ဦးဗျာ"

သူငယ်မ။ ။ "ဒါတော့ ရှင့်သဘောပါလေ။ ရှင်နဲ့ ကျွန်မတို့ရဲ့ အကြောင်းပေါ့။ လူစီမံသလို မဖြစ်ဘူး။ ဘုရားသခင်အလိုတော်အတိုင်း ဖြစ်ရမယ် ဆိုသလိုပေါ့။ ဒါဖြင့် ကျွန်မ ခပ်ပြတ်ပြတ် ပြောမယ်။ ရှင် မနက်ဖြန် ကျွန်မနဲ့ အတူလိုက်မယ်ဆိုရင် ကျွန်မ လက်ခံမယ်။ ခရီးစဉ် လည်း မပြင်နိုင်ဘူး။ အားလုံး စီမံပြီးပြီ။ နက်ဖြန်မှ မလိုက်ဘူးဆိုရင် လည်း ဒီဘဝ ဒီမျှပေါ့ရှင်။ နက်ဖြန်မနက် ၈ နာရီ ရဲတိုက်ရှေ့မှာ တွေ့ကြ အောင် ... ဒါပါပဲ။ ကိုင်း ... ကျွန်မသွားမယ်"

"အဲဒီလို ပြောပြီး တစ်ခါတည်း ပြေးသွားတာ ကျွန်တော်လည်း ငိုင်တျန်ရစ်ခဲ့တာပါပဲခင်ဗျာ။ အင်း ... လိုက်မှတော်မှာပဲ ဟယ် ...



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးပါဘူး။ ငါသူငယ်ချင်း ကျေးဇူးကန်းရာ ကျတော့မယ်။ ပြီးတော့ မိန်းမကို မှီခိုချင်လို့ မိန်းမခေါ်ရာ လိုက်သွားတယ်ဆိုပြီး အစွမ်းအစတုံးတဲ့ လူတစ်ယောက်ဖြစ်တော့မယ်။ မလိုက်ဘူး ... မလိုက်ဘူး ... ဘယ်နည်းနဲ့မှ ငါမလိုက်ဘူးဆိုပြီး စိတ်ကို ယတိပြတ်တစ်ခါတည်း ဖြတ်လိုက်တော့တာပါပဲ ခင်ဗျာ။ ဒါနဲ့ နေဝင်ချိန်လောက်မှ ယာထဲပြန်ရောက်တော့ ယာခင်းရှင် မိန်းမကြီးက ကျွန်တော့်ကို တစောင့်စောင့် တမျှော်မျှော် ဖြစ်နေတာကို ခင်ဗျာ။ ဒါနဲ့"

ယာရှင်မိန်းမ။ ။ "မင်းကကွယ် ... ဘယ်များသွားနေတာလဲကွယ့်။ ငါ့မယ်ဖြင့် မျှော်လိုက်ရတာ အမောပဲ"

ကျွန်တော်။ ။ "ခင်ဗျားကလည်းဗျာ ... စိတ်ရှုပ်လွန်းလို့ ခင်ဗျားမသိပါဘူး"

မ ။ ။ "မင်းအပူ ငါ သိပါတယ်ကွယ်။ အဲဒါ အကြံဉာဏ်ပေးရအောင် ငါက စောင့်နေတယ်။ ကဲ ... ကဲ ... ကော်ဖီသောက်လိုက်ဦး"

ကျွန်တော်။ ။ "ပြောမှသာ ပြောစမ်းပါဗျာ။ ကော်ဖီ မသောက်ချင်ဘူး"

မ ။ ။ "သောက်ပါဦးကွယ်။ ဒီလိုကွယ့်။ အစက ဇာတ်ကြောင်း ပြန်ပြီးပြောမယ်။ ရဲတိုက်ကြီးကို သူတို့ ရောက်လာကြတော့ ငါက ခါတိုင်းလို ပဲင်းသီးဟင်းရွက်၊ နွားနို့နဲ့ ကြက်ဥတို့ သွင်းရတယ်။ ဒါတွေကို သွင်းရအောင် သွားတော့ သူဌေးကြီးသမီးက ရှင့်ယာခင်းကို ကျွန်မတို့ကြည့်ရအောင် လိုက်ခဲ့မယ်ဆိုပြီး သူငယ်မ ၃-၄ ယောက်နဲ့ အတူလိုက်လာတယ်။ ကျောက်ဆောင်ကြီး အကွေ့နားရောက်တော့ ဇိုးများ ယာခင်းကို အပေါ်က စီးပြီး မြင့်ရတာပေါ့။ အဲဒီအခါ သူဌေးကြီးသမီး လူစီက 'နေဦး ... ဒီနေရာကော ကြည့်ဦးမယ်။ ရှင့်ယာခင်းဟာ မြေပုံဖြန့်ချထားသလို ရှင်းရှင်းနဲ့ သိပ်ပြီး သာယာတာပဲ'ဆိုပြီး မျက်ရိပ်ပြ

www.burmeseclassic.com

www.burmeseclassic.com



ပြီး နှုတ်ပိတ်တယ်။ စကားမပြောကြနဲ့တဲ့။ အဖော်သူငယ်မတွေကလည်း ကျောက်ကမ်းပါးကြီးကို အသာမှီနေကြတယ်။ သူတို့ကျတော့ ယာခင်းကို မမြင်ရသေးဘူးပေါ့။ အတော်ကလေးကြာမှ ကဲ ... ကဲ ... လာကြဆိုလို့ ဆင်းလာကြတယ်။ ဒါနဲ့ တို့များတဲရောက်တော့ လှစီက သူ့အဖော်တွေ ကို တဲထဲမှာ ခဏနေကြဦးဆို ထားခဲ့ပြီး ငါ့ကို လက်ကုတ်ခေါ်သွားတာကို ကွယ့်။ ယာထဲက လယ်ကန်သင်း နားရောက်အောင် ခေါ်လာတယ်။ အဲဒီ နေရာမှာ ထိုင်စရာကောင်းတဲ့ ကျောက်တုံး ခပ်ခပ်ပြားပြားကလေး ရှိတယ် ဟုတ်လား။ ငါအဝတ်ဖွပ်နေကျ ကျောက်တုံးကလေး၊ အဲဒီကျောက်တုံး ပေါ် နှစ်ယောက်သား ထိုင်ပြီးတော့ သူက ဘာပြောသလဲ ထင်သလဲ။ အန်တီတဲမှာ စာကျက်နေတဲ့လူဟာ အန်တီသားလား၊ ဘာတော်သလဲတဲ့။ ကိုလမ်းကွေ့အထက်က ကျွန်မကြည့်လိုက်တော့ ဒီကျောက်တုံးပေါ်မှာ စာကျက်နေတာ မြင်ရတယ်။ အခု သူဘယ်သွားသလဲလို့ မေးတယ်ကွယ့်။ ဒီတော့ ငါက ပြန်ပြီး ပြောရတာပေါ့"

မ ။ ။ "ဩော် ... သူဟာ မစ္စတာရစ်ဇီရိုတဲ့၊ အန်တီသား မဟုတ်ပါဘူး။ သူက အက်ဒင်ဘာမြို့ကပါ။ ဝတ်လုံတော်ရ ဓါပိုလ်ရဲ့ သူငယ်ချင်းလို့ ပြောပါတယ်။ ဒီမှာ အေးအေးလူလူ ဥပဒေလာကျက်နေ ရင်း ကျွန်မဆီမယ် တည်းခိုပြီး စားဖို့နေဖို့အတွက် လခပေးနေပါတယ်"

လှစီ ။ ။ "သူ့မိဘများက ချမ်းသာသလား အဒေါ်ကြီးရဲ့။ ဒါနဲ့ သူက အိမ်ထောင်နဲ့လား"

မ ။ ။ "အိမ်ထောင်မရှိပါဘူး။ သူ့မှာ မိဘမရှိတော့ဘူး။ ဆင်းရဲရှာပါတယ် မိန်းကလေးရယ်။ သူ့သူငယ်ချင်းကစရိတ်ထောက်ပြီး ချနေ စာမေးပွဲသွင်းပေးမယ်လို့ ပြောတာပါပဲ။ စာမေးပွဲလည်း ကြာ တော့ဘူးတဲ့။ မကြာခင် သူ့ သူငယ်ချင်းဆီကို ပြန်မယ်လို့ ပြောတာပဲ"

လှစီ ။ ။ "အန်တီဆီမယ် နေတာ ဘယ်လောက် ကြာပလဲ"



www.burmeseclassic.com

www.burmeseclassic.com



မ ။ ။ "၄-၅ လရှိပါပြီ"

လူစီ ။ ။ "စိတ်သဘောက ဘယ်လိုနေသလဲ အန်တီ"

မ ။ ။ "စိတ်နေသဘောထား တည်ကြည်ရိုးသားပုံရပါတယ်။ ဝီရိယလည်း ကောင်းတာပဲ။ စာနဲ့မျက်နှာနဲ့ မခွာဘူး"

စီ ။ ။ "ကျွန်မ ဒီလို စုံစမ်းတာကို ဘယ်သူ့မှ မပြောနဲ့နော်။ ကျွန်မစကားကို နားထောင်ရင် အန်တီကို ကျွန်မ ကြည့်ရှုမယ်။ အဲဒီလိုပြောပြီး သူဌေးသမီး လူစီ ပြန်သွားတာပဲ။ ဒါနဲ့ နောက်နှစ်ရက်လောက်ကြာတော့ ယာတဲကို သူ ပြန်လာပြန်တယ်။ သူက ဒီအကြောင်းကို မစ္စတာရစ်ဇီရိုကို ပြန်ပြောသေးသလားလို့ မေးတော့ လူစီက မပြောပါနဲ့လို့ ပိတ်ထားလို့ မပြောပါဘူးလို့ ပြန်ပြောရတာပေါ့ကွယ်။ ဒီအခါတုန်းက မင်းက ကျောက်ဆောင်ကြီးတွေအကြားမယ် စာကျက်နေတယ်။ ဒါနဲ့ မင်းစာကျက်နေတဲ့နေရာကို ငါနဲ့သူနဲ့ အတူတူ အသံမပြုဘဲ တိတ်တိတ်ကလေး လိုက်လာပြီး ချောင်းကြည့်ကြသေးတယ်ကွယ့်။ မင်းက စာကိုကုန်းပြီးကျက်နေတော့ ဘယ်သိမလဲ။ ဒီနေ့ နေ့လယ်မယ် သူ့အဖော်သူငယ်မ ၃ ယောက်နဲ့ မင်းစာကျက်တဲ့ နေရာကို လိုက်သွားပြန်တယ်။ ငါ့ကိုတော့ မလိုက်ခဲ့နဲ့လို့ ပြောတာပေါ့ကွယ်။ ဒါနဲ့ နာရီဝက်လောက်ကြာတော့ ပြန်လာပြီး မင်းကို ရွှေမြို့တော်ခေါ်တာ မလိုက်တဲ့အကြောင်းပြောပြီး 'ဒီညတော့ သူ့ကို အန်တီက အကျိုးအကြောင်းအားလုံး ဖွင့်ပြောလိုက်ပါတော့။ ဒါပေမဲ့ သူ့သဘောအတိုင်း ဆုံးဖြတ်ပါစေ' လို့ နောက်ဆုံးမှာသွားရှာတယ်။ ဒါကြောင့် ဒီအကြောင်းတွေ ငါက မင်းကို ပြောချင်လွန်းလို့ စောင့်နေတာပေါ့ သိပလား" လို့ ယာရှင်မိန်းမကြီးက ကျွန်တော့်ကို ပြောတာကိုခင်ဗျ"

"ဒါနဲ့ အဲဒီည ကျွန်တော်ညစာ စားပြီးတဲ့အခါကျတော့ ယာရှင်မိန်းမကြီးက ဓာတ်ပုံတစ်ခုယူလာပြီး ကျွန်တော့်ကိုပြတယ်။ ဓာတ်ပုံက

www.burmeseclassic.com

www.burmeseclassic.com



အသက် ၅၀ လောက်ရှိတဲ့ လူကြီးတစ်ယောက်နဲ့ အသက် ၇ နှစ်၊ ၈ နှစ်ရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ပုံပဲ ခင်ဗျ။ ယာရှင်မိန်းမကြီးက အဲဒါ လူစီငယ်ငယ်တုန်းက ရိုက်တဲ့ပုံပဲ။ ဒီလူကြီးက သူဌေးကြီးပေါ့လို့ ပြောတယ်။ နောက် ကျွန်တော့် နားနားကပ်ပြီး 'မင်းက ဘာဖြစ်လို့ မလိုက်ချင်ရတာလဲ' ငါသတင်းတစ်ခု ကြားတယ်။ အဲဒီသတင်းက သူနဲ့ပါလာတဲ့ အဖော်မိန်းကလေးတွေက ပြောတာနော်။ လူစီသဘောကျတဲ့ ယောကျ်ားနဲ့ လက်ထပ်ပေးမယ်လို့ သူဌေးကြီးက ခွင့်ပြုထားတာတော့ မှန်တယ်တဲ့။ ဒါပေမဲ့ လူစီဟာ သမီးအရင်း မဟုတ်ဘူး ... ကိတ္တိမ သမီးတဲ့။ လူစီဟာ အသက် ၁၈ နှစ်တင်းတင်းပြည့်လို့မှ တခြားကြင်ဘက်မရှာရင် သူဌေး ကြီးက သူကိုယ်တိုင် လက်ထပ်ယူလိမ့်မယ်လို့ အရပ်သတင်း ဖြစ်နေ တယ်ဆိုပဲ။ ဧပြီလမှာ ၁၈ နှစ်ပြည့်တော့မယ်တဲ့။ တစ်လခွဲလောက်ပဲ လိုတယ်တဲ့"

"အဲဒီလို ယာခင်းရှင်မက တိုးတိုးတိတ်တိတ်ပြောလို့ ကျွန်တော် ကြားခဲ့ရတယ် မေရီရဲ့။ ပြီးတော့ ကျွန်တော် မြင်ခဲ့ရတဲ့ ဒေးဗစ်ဟမ်ဆလီ ဆိုတဲ့ သူဌေးကြီးဟာလေ အခု ကျွန်တော်တို့ အဖေကြီးနဲ့ သိပ်တူတာပဲ ခင်ဗျာ။ ပြောလို့ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဟောဒီအဖေကြီးက ပိုပြီးအိုဓာတ်ယ်။ ဓာတ်ပုံထဲက သူဌေးကြီးက နုနယ်ပုံရတယ် ထင်တယ်။ တိုင်း ... အဖေကြီး ... အဖေကြီးနဲ့ သူဌေးကြီးဒေးဗစ်ဟာ ဒေးဗစ်ချည်း ပဲဆိုတော့ နာမည်ကလည်း တူတယ်။ ပုံပန်းသဏ္ဌာန်ကလည်း တူတယ်။ ဒီတော့ အဖေကြီး လန်ဒန်လိုက်သွားပြီး သူဌေးကြီးမှာ ညီအစ်ကိုတော် တယ်လို့ ပြောရင်ကောင်းမှာပဲ"

ကြီး ။ ။ "တူခဲ့ရင်တော့ ပြောစရာပေပေါ့ကွယ်"

မေရီ ။ ။ "ဒါနဲ့ ရှင် စာမေးပွဲ ဖြေခဲ့သေးသလား"



www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဓိရိး။ ။ "ဟ်ာ ... ဘယ်ဖြေနိုင်တော့မလဲ ခင်ဗျာ။ စိတ်ည
ပြီး ၄–၅ ရက်တောင် ဖျားလိုက်သေးတယ်။ ဒါနဲ့ ကျွန်တော်လည်း မရှ
မကြောက် သူငယ်ချင်းကို ပြောင်ဖွင့်ပြောပြီး ငါတော့ ယာခင်းပဲ ပြန်လု
မှတော့မယ်ဆိုတော့။ သူက ယောက်ျားပဲကွယ် ... မဖြစ်မနေ ကြိုးစားပါ
ဆိုပြီး ဒီရွာကလေးကို အတင်း တွန်းပို့လိုက်တာခင်ဗျ။ အင်း ... မော
မင်းကြီးသား ကျေးရူးရှင်ကြီး ဘုရားသခင် စောင်မပါစေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော ညဉ့်ဦးယံတွင် မေရီသည် အဘိုးကြီးနှင့်အတူ ကော်ဖီ သောက်ရင်း စကားစမြည် ပြောလျက် ရှိကြလေသည်။

ကြီး ။ ။ "သမီးရေ၊ အဖေကြီး တစ်ခုပြောမယ်။ စဉ်းစားပြီး နားထောင်။ အဖေကြီးက စိတ်ရင်းကောင်းနဲ့ ပြောတာနော်။ စကားကို သွယ်သွယ်ဝိုက်ဝိုက်နဲ့ မပြောတတ်ဘူး။ တဲ့တိုးပဲ ပြောတတ်တယ်။ သဘောကျလည်း ကျပေါ့ကွယ်။ သဘောမကျရင်လည်း စိတ်မဆိုးနဲ့ ကြားလား"

မေရီ ။ ။ "ဘာကြောင့် စိတ်ဆိုးရမှာလဲ ဖေကြီးရဲ့၊ ကောင်း ရာကောင်းကြောင်း အကြံပေး ဆွေးနွေးကြတာပဲ။ မေရီ စိတ်မဆိုးပါဘူး"

"အေး ... အေး ... ဒီလိုကွယ့် သမီးရဲ့။ ငါ့သမီးမယ် တစ်ကောင် ကြွက်၊ အခုလို ပျိုတုန်းရွယ်တုန်းတော့ တစ်ကိုယ်တည်း နေမယ်ဆိုရင် တော်သေးသပေါ့။ အရေးမကြီးလှဘူး ... တော်သေးသပေါ့။ နို့ပေမဲ့ အဖေကြီးတို့လို ဇရာထောင်းလာတော့ နေရေးထိုင်ရေးအတွက် ခက်တယ် သမီး။ အခု အဖေကြီးမယ် မေရီနဲ့ အခန့်သင့်တွေ့လို့သာပေါ့။ နို့မဟုတ် ရင် ဟိုကျောက်ဖျာပေါ်မယ် အသက်ပျောက်ပြီပဲ။ ဒီတော့ သမီးမယ် အိမ်ထောင်ရှင် ရှိစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ အဖေကြီး ပြောတာ မလွန်ပါဘူး။ ကျွန်မ စဉ်းစားပါတယ်။ နို့ပေမဲ့ မေရီ သဘောကျတဲ့ လူကို မတွေ့သေးလို့ပါ"

"သွယ်သွယ်ဝိုက်ဝိုက် အဖေကြီး မပြောတတ်ဘူးနော်။ မစ္စတာ ရစ်ဇီရီကိုတော့ အဖေကြီးဖြင့် သဘောကျတာပဲ"

"တော်ပါတယ် သဘောကျလောက်ပါတယ်။ ယောကျ်ားတို့ စွမ်းအားနဲ့ ပြည့်စုံတဲ့လူပါပဲ။ ဒါပေမဲ့ သူ့ခမျာ ကြိုးစားချက် မပြည့်စုံရှာ သေးလို့ ပြည့်စုံပါ စေလို့ မေရီ ဆုတောင်းနေပါတယ်"

"အေးအေး ... ငါလည်း ဆုတောင်းပါတယ်ကွယ်။ အောင် လည်း အောင်မြင်မှာပါပဲ"

သူဌေးကြီးသည် နေ့တိုင်းလိုပင် လမ်းလျှောက်ရင်း မစ္စတာ ရစ်ဇီရီနှင့် တွေ့တတ်လေသည်။ သို့နှင့် အိမ်အပြန်တွင် ၎င်းအား မရမက အပါခေါ်ခဲ့ပြီးလျှင် ကော်ဖီသောက်ရင်း စကားစမြည် ပြောဆိုနေတတ်၏။ မေရီကလည်း သွားရဲလာရဲဖြစ်အောင် အားပေးသည့် အမူအရာဖြင့် ရင်း ရင်းနှီးနှီး ဆက်ဆံပြောဆို၏။ တစ်နေ့သော် သူဌေးကြီးသည် ရစ်ဇီရီ စာကျက်နေသော ကျောက်ဆောင်ကြားသို့ လိုက်သွားလေသည်။

ကြိုး ။ ။ "အဖေကြီး တစ်ခုပြောချင်တယ်။ ဂရုစိုက်ပြီး နား ထောင်နော်။ ကိုယ်တိုင်စဉ်းစားလည်း စဉ်းစားပေါ့။ အဖေကြီး ကိစ္စတစ်ခု ရှိလို့ ခေတ္တခဏ ဆိုသလို ခရီးထွက်ဦးမယ်ကွယ့်။ ဒီတော့ မေရီကိုလည်း စိတ်မချဘူး။ သမီးအရင်း မဟုတ်ပေမဲ့ အဖေကြီးကို သမီးအရင်းမကာ ပြုစုခဲ့ပေတယ်။ ဒါကြောင့် သူကလေး စိတ်ချမ်းသာရာကို အဖေကြီး မြင်ချင်တယ်။ သူ့မယ် တစ်ကောင်ကြွက် အို ... မောင်နဲ့ အတူရှိပေါ့။ အဖေကြီး ကိစ္စက ပြန်လာမယ်လို့ စိတ်ကူးပေမဲ့ လူအိုဆိုတော့ ပြန်နိုင်မှ ပြန်နိုင်မယ်။ အင်း ... မပြန်နိုင်ရင်တော့ အဖေ့သမီးတစ်ကောင်ကြွက် ကလေးအတွက် စိတ်ရတက်မအေးဘူးကွယ့်"

www.burmeseclassic.com



"ကိစ္စ အရေးကြီးရင်လည်း သွားပေါ့ အဖေကြီးရဲ့။ ကျွန်တော်လည်း တတ်အားသမျှ စောင့်ရှောက်ပါ့မယ်"

"အေးကွယ် ... သာဓု ... သာဓု၊ အဖေကြီး စိတ်ချလောက်အောင် စောင့်ရှောက်စေချင်ပါတယ်"

"ဘယ်လိုပါလဲ အဖေကြီး၊ အမိန့်ရှိပါဦး"

"ကိုင်း ... တည့်တည့်ပဲ အဖေကြီး သဘောပြောတာ ... မောင်က မေရီနဲ့ သင့်လျော်တဲ့နေ့တစ်နေ့ကျရင် လက်ထပ်ပါမယ်လို့ အဖေကြီးကို ကတိ ပေးစေချင်တယ်"

"အခုမှတော့ မရှက်ပါဘူး အဖေကြီးရယ် ပြောရမှာပဲ။ ကျွန်တော် စာမေးပွဲအောင်ပြီးရင် မေရီကို ဖွင့်ပြောတော့မယ်လို့ စိတ်ထဲမယ် ဗိုင်းဖြတ်ထားပါတယ်"

"ဘုရားသခင် စောင်မပါစေကွယ်။ သာဓု သာဓု စာမေးပွဲက ဘယ်တော့လဲကွယ့်"

"လာမယ့် မတ်လမှာ ခင်ဗျာ"

"ဟာ ... ကြာလှချည်ကလား။ အဖေကြီးကတော့ ဒီလိုပြောချင်တယ်။ အခု တစ်ရက် နှစ်ရက်အတွင်း မေရီကို စကားစပြောပြီး စာမေးပွဲပြီးရင် လက်ထပ်မယ်လို့ ကတိပေးပေါ့"

"အမယ်လေး ... မပြောရဲပါဘူး အဖေကြီးရယ်။ ခြသော် ... ဒါ ထက်နေပါဦး။ ကျွန်တော်တော့ စာမေးပွဲဝင်ဖြစ်မယ် မထင်ပါဘူး။ အရင်လည်း ဒေးဗစ်ရဲ့ သမီးပဲ။ အခုလည်း ဒေးဗစ်ရဲ့ သမီးပဲ"

"ဒါကတော့ကွယ် မေရီက မင်းကို စာမေးပွဲဝင်စေချင်တယ်ဆိုတာ ငါ သိပါတယ်။ ဒီအတွက် မစိုးရိမ်ပါနဲ့။ တကယ်သဘောထားကြီးတဲ့ မိန်းကလေးကွယ့်။ နယ်နယ်ရရမမှတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမှတ်မိပါဘူး ခင်ဗျာ။ နယ်နယ်ရရ မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒါကြောင့် ကျွန်တော်က ပါးစပ်မရဲတာပေါ့ အဖေကြီးရဲ့။ ကဲ ... ကျွန်တော်ကလည်း တည့်တည့်ပဲ ပြောတတ်တယ်"

"ဒါဖြင့် ဒီလိုကွယ်။ အဖေကြီး ခရီးထွက်နေတဲ့အခါ အချိန်ပို တိုင်း မေရီအိမ်ကို မင်းလာပြီး စကားပြောမယ်လို့တော့ ဝန်မခံနိုင်ဘူး လား"

"ဒါကတော့ မေရီ ခွင့်ပြုတဲ့အတိုင်းပေါ့ အဖေကြီးရဲ့"

"ကိုင်း ... ဒါဖြင့် ကနေ့ညနေ ကျုပ်ကစပြီး ပြောမယ်။ လိုက်ခဲ့ပေတော့"

"လက်ထပ်ဖို့ဟာလား ခင်ဗျ"

"ဟာ ... ဒီလို တဲ့တိုးကြီးတော့ ဘယ်ဟုတ်မလဲကွယ်။ ဒါပေ အခြေ တဖြည်းဖြည်း ရောက်အောင်ပေါ့ကွယ့်"

သူဌေးကြီးသည် မေရီနှင့် ရစ်ဇီရိုအား သူခရီးထွက်နေသော အချိန်များတွင် နေ့စဉ်လိုပင် တွေ့ဆုံစကားပြောစေလိုကြောင်း ခရီး ရက်သတ္တတစ်ပတ်ခန့် ကြာရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့၏။ ရစ်ဇီ ရိုကိုလည်း သူသွားပြီးနောက် စကားစ၍ ပြောပြီးလျှင် မေရီကို လက် ထပ်ရန် သတိပေးထားစေလိုကြောင်းဖြင့် တိုးတိုးတိတ်တိတ် ကျိတ်၍ ပြော ကြားခဲ့သေး၏။ နောက်တစ်နေ့တွင် ဘာရစ္စတိုမြို့သို့သွားသော ကူးတို့ သင်္ဘောကလေးနှင့် ခရီးထွက်သွားလေရာ မေရီနှင့် ရစ်ဇီရိုနှစ်ယောက် စလုံး သင်္ဘောဆိပ်သို့ လိုက်ပို့ကြ၏။

☺

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် ဘာရစ္စတိုမြို့သို့ရောက်သောအခါ ရှေ့နေ တစ်ဦးထံ သွားရောက်လေ၏။ မိမိကိစ္စကို ရှေ့နေနှင့် အတန်ကြာ ဆွေးနွေးကြပြီးနောက်–

ကြီး ။ ။ "အမိန့်တော်ရ မင်းဆီ ကျွန်တော် လာခဲ့တာကတော့ စာချုပ်တစ်ခု လုပ်ဖို့အတွက်ပါပဲ"

နေ ။ ။ "အမိန့်ရှိပါ ခင်ဗျာ။ တတ်အားသမျှ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

ကြီး ။ ။ "ဒီလိုပါ ခင်ဗျာ။ ကျွန်တော့် ပစ္စည်းတွေကို အရှေ့သဘောနဲ့ ပေးခဲ့ချင်ပါတယ်။ အဲဒီအတွက် စာချုပ်တစ်ခု လုပ်ဖို့ပါပဲ။ ဥပဒေနဲ့လည်း ကိုက်ညီအောင်ပေါ့ဗျာ"

"ဘကြီးပစ္စည်းတွေက စာရင်းများ လုပ်ယူခဲ့သေးသလား ပြောတော့ လူနာမည်ဆိုရင်လည်း အမည်၊ အလုပ်၊ နေရပ် ဆိုပါတော့ ခင်ဗျာ"

"ဟုတ်ကဲ့ လုပ်ယူခဲ့ပါတယ်"

သူဌေးကြီးသည် သူ့အကြမ်းရေးဆွဲလာခဲ့သည့် စာချုပ်ကို ရှေ့နေအား ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## စာချုပ်အကြမ်း

ကိတ်ပေးရှာနေ ဒေးဗစ်ဟာမ်ဆာလီက အောက်ဖော်ပြပါအတိုင်း သူပိုင်ဆိုင်သော ပစ္စည်းများကို [illegible] အမွေထိန်းသိမ်းထားသူက ခွဲဝေပေးနိုင်ရန် ကျွန်ုပ် ဒေးဗစ်ဟာမ်ဆာလီ ညွှန်ကြားလိုက်သည်။

အထက်ပါ ယင်းပစ္စည်းများသည် ကျွန်ုပ် တစ်ဦးတည်း ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း။

အောက်ပါအတိုင်း ခွဲဝေရမည်ဖြစ်ကြောင်း

၁။ ။ ပစ္စည်းများကို ၁၀ ပုံ ခွဲပါ။

၂။ ။ တစ်ပုံသော ပစ္စည်းကို ၂ ပုံပြုပါ။

(က) အထက်ပါ ၂ အရ တစ်ပုံကို စာသင်ကျောင်း

(ခ) တစ်ပုံကို စာကြည့်တိုက်အတွက် လှူပါ။

၃။ ။ တစ်ပုံကို ၆ ပုံခွဲပါ။

ယင်း ၆ ပုံကို အောက်ပါအတိုင်း ဝေပေးပါ။

(က) အန်ကယ်ရီဂျာ (ရှီမင်ကင့်)

(ခ) အန်တီကိတ် (၎င်း)

(ဂ) တွမ် (၎င်း)

(ဃ) တွမ်၏ အပေါင်းပါများ (၎င်း)

(င) 'ဂျိန်း' နွားနို့ကန်ထရိုက်မိန်းကလေး (မိုင်လ်ပင့်)

(စ) ဒေါက်တာ အာနီး (၎င်း)

၄။ ။ ကျန်ရှိသော ၈ ပုံကို ကိတ်ပေးရှာ ဆရာမ မေရီကို ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



၅။ ။ မေရီသည် မစ္စတာ ရစ်ဗီရိုနှင့် လက်ထပ်၍ အမွေ
ထိန်းက ကြည့်ရှုစီမံပါ။
အထက်ပါ ကိစ္စများကို တိကျစွာ ဆောင်ရွက်ပါ။

/

ဒေးဗစ်ဟမ်ဆလီ
ကိုတ်ဝေးရှာ။

အထက်ပါ အကြမ်းဖျင်း ရေးသားထားသော အမွေခွဲဝေ စာ
တမ်းစာရွက်ကို ရှေ့နေအား ပေးသောအခါ ရှေ့နေက –

နေ ။ ။ "ဘကြီးဟာ ပစ္စည်းအမျိုးအမည် အရေအတွက်နဲ့
အကျနန ထည့်မှ ကောင်းမှာပေါ့ ဘကြီးရဲ့"

ကြီး ။ ။ "လိုမယ် မထင်ပါဘူး အမိန့်တော်ရမင်း။ ကျွန်
တော့်ပစ္စည်းထိန်းထားတဲ့လူက သဘောကို သိပြီးမို့ ရှင်းပြီးသားပါ။ ကဲ
– ဉာဏ်ပူဇော်ခ ဘယ်လောက် ပေးရမလဲ ခင်ဗျာ ... အမိန့်ရှိပါ"

"တံဆိပ်ခေါင်းဖိုးက ရွှေဒင်္ဂါး ၁၀ ပြား။
ဉာဏ်ပူဇော်ခ ရွှေဒင်္ဂါး ၅၀ ပြား။
စာချုပ်ရေးခ ရွှေဒင်္ဂါး ၁ ပြား။
စုစုပေါင်း ရွှေဒင်္ဂါး ၆၁ ပြားကျပါတယ်"

"ချက်ပေးလို့ မဖြစ်ဖူးလား အမိန့်တော်ရမင်း"

"ဘယ်ဘဏ်တိုက်လဲ ခင်ဗျ"

"အင်္ဂလန် ဘဏ်တိုက်ပါ"

"ဖြစ်ပါတယ် ခင်ဗျ။ ကောင်းပါတယ် ... ရေးပါ ... ဒီမှာ
...တ်ခွဲရှိပါတယ်"

သူဌေးကြီးသည် ရွှေဒင်္ဂါး ၈၀ အတွက် 'ချက်' လက်မှတ် တစ်
...င် ရေးပြီးလျှင် ရှေ့နေလက်သို့ ပေးလိုက်လေသည်။

www.burmeseclassic.com



ကြီး ။ ။ "တံဆိပ်ခေါင်းကို အရင် ဝယ်ရမှာပေါ့နော်။ ရော့ ရော့ ချက်ပိုတဲ့ ရွှေဒင်္ဂါး ၁၉ ပြားတော့ ကျွန်တော့်ကို ပြန်ပေးပေါ့"

ရှေ့နေသည် သူ၏စာရေးအား ခေါ်ပြီးလျှင် 'ချက်' ကို ပေး၍ တံဆိပ်ခေါင်းဝယ်ရန် လွှတ်လိုက်လေ၏။

မကြာမီ စာရေးပြန်ရောက်လာပြီးနောက် ချက်ချင်းလိုပင် အဖိုးတန် စာချုပ်စာရွက်ပေါ်၌ စာချုပ်ရေးဆွဲခြင်း ကိစ္စ၊ လက်မှတ်ထိုးခြင်းကိစ္စ အရပ်ရပ် ပြီးစီးလေသည်။ ထို့နောက် သူဌေးကြီးသည် ရှေ့နေထံမှ မိမိကိုယ်ပိုင်တံဆိပ် ရိုက်နှိပ်ရန် ချိပ်တောင့်တစ်တောင့် တောင်းယူခဲ့ပြီးလျှင် တည်းခိုသော ဟိုတယ်သို့ ပြန်ခဲ့လေသည်။

ထိုနေ့တွင် ကူးတို့သင်္ဘော မမီသဖြင့် သူဌေးကြီးသည် သင်္ဘောဆိပ်ဟိုတယ်တွင် တစ်ညတည်းခို နေထိုင်ခဲ့ပြီးနောက် နောက်တစ်နေ့တွင် ကိတ်ဖေးရွာသို့ ပြန်ခဲ့လေသည်။ အသွားအပြန် ၄ ရက်မျှကြာ၏။ မေရီနှင့် ရစ်ဇီရိုတို့သည် ၃ ရက်မြောက်သောနေ့ (ယမန်နေ့)ကပင် သင်္ဘောဆိပ်သို့ လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရ၏။

ရောက်သောအခါ အဘိုးကြီးမှာ မျက်နှာလန်းဆန်းလျက် စိတ်ရွှင်ပြုံး ပေါ်နေ၏။ စားသောက်ဖွယ် အချို့လည်း ဝယ်လာသဖြင့် မေရီနှင့် ရစ်ဇီရိုတို့သည် အဘိုးကြီးအား တစ်ယောက်တစ်ဘက် ညှပ်ကာ စိတ်တက်ကြွ ရွှင်လန်းစွာ စကားပြောရင်း အိမ်ဆီသို့ တဖြည်းဖြည်း တက်ခဲ့ကြလေ၏။

မေရီသည် ရေနွေးအိုး အသင့်တည်ထားခဲ့သောကြောင့် အိမ်သို့ရောက်လျှင် ရောက်ချင်း ကော်ဖီနှင့် မုန့်များကို ပြင်ဆင်ပြီးလျှင် အိမ်ရှေ့ခန်း၌ ၃ ဦးသား စားသောက်ကြကာ ရယ်ရယ်မောမော စကားပြောဆိုလျက် ရှိကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ရစ်ဇီရို ။ ။ "အဖေကြီးက ၇ ရက်ဆိုပေမဲ့လို့ မေရီကဖြင့် ၃ ရက်ကပဲ ကြိုရအောင်ဆိုပြီး နားပူနေတယ် အဖေကြီးရဲ့။ ကျွန်တော်ကတော့ ၆ ရက် မြောက်တဲ့နေ့မှာ ကြိုမလို့ပဲ"

မေရီ ။ ။ "ကျွန်မ တွေးရတဲ့မလွဲပါဘူး။ ဘုရစ္စတိုကိုစ္စဟာ နေ့ချင်း ပြီးပါစေလို့ ကျွန်မ ဆုတောင်းနေတယ်။ အဲဒီကိစ္စပြီးလို့ ပြန်ခဲ့ပြီဟုတ်လား။ ၇ ရက်ဆိုတာ လူကြီးများက ပိုပိုမိုမို ပြောတဲ့စကားပေါ့ရှင်"

ရို ။ ။ "ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

ကြီး ။ ။ "ကဲ ... သမီးတို့သားတို့ အဖေကြီး ပြောမယ် နားထောင်။ မင်းတို့ကို အဖေကြီးက ခင်မင်သလို အဖေကြီးပြန်ပြီး ခင်မင်ကြယ်ဆိုရင် အဖေကြီးစကားကို မပယ်ကြနဲ့ပေါ့။ မင်းတို့နှစ်ယောက်ဟာ သင့်လျော်မယ့် နေ့ရက်ကို ရွေးပြီး လက်ထပ်စေချင်တယ်ကွယ်"

နှစ်ဦးစလုံး အံ့အားသင့်ကာ ငေး၍နေကြလေ၏။

ကြီး ။ ။ "အဖေကြီးစိတ်ထဲက သိတယ်ကွယ့်။ မင်းတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ခင်မင်နေကြတာ။ ဒါပေမဲ့ ယုံးစောင့်လွန်း အားကြီးတယ်။ ဒီတော့ အဖေကြီးပဲ ကြားထဲက ဆက်သွယ်ပေးပါရစေ။ ကဲ ... ကဲ အဖေကြီးကို ကတိပေးကြပါ"

မေရီနှင့် ရစ်ဇီရို နှစ်ယောက်စလုံးကပင် "ဘုရားသခင် အလိုတော်အတိုင်း ပြည့်ပါစေ" ဟု ရေရွတ်လိုက်ကြလေသည်။

ကြီး ။ ။ "အဖေကြီး ဒီကနေ့တော့ အပျော်ဆုံးပဲဟေ့။ ဒါပေမဲ့ အိပ်ရာထဲမယ် ခဏလှဲနေချင်သေးတယ်။ ကဲ ... ကဲ ... မင်းတို့စကားပြောရစ်ကြဦး။ ရစ်ဇီရိုလည်း မပြန်နဲ့ဦးနော်။ ဒီမှာ ညစာ စားပေါ့ကွယ်"

"ဟုတ်တယ်ရှင့်။ စားပြီးမှ ပြန်ရမယ်နော် ဒါပဲ"

ရို ။ ။ "ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

သူဌေးကြီးသည် ကော်ဖီတစ်ခွက်သောက်ပြီးနောက် အိပ်ရာပေါ်တွင် လျောင်းရင်း စဉ်းစားလျက်ရှိလေရာ မေရီနှင့် ရစ်ဇီရိုတို့ကလည်း အောက်ထပ်တွင် ပျော်ရွှင်စွာ စားရင်း သောက်ရင်းဖြင့် အဘိုးကြီးအကြောင်းကို ဖောက်သယ်ချကာ စကားလက်ဆုံကျလျက် ရှိကြလေ၏။ ညဉ့် ၁၀ နာရီခန့်တွင်မှ ရစ်ဇီရို ပြန်သွားရာ၊ မေရီသည် အဘိုးကြီးအိပ်နေပြီအထင်နှင့် မိမိအခန်းတွင်းသို့ဝင်၍ အိပ်လေ၏။ သူဌေးကြီးသည် မေရီ အိပ်ပျော်လောက်သောအချိန်တွင် အိပ်ရာမှထ၍ မီးထွန်းပြီးနောက် အောက်ပါစာတစ်စောင်ကို ရေးသားလေသည်။

ကိုတ်ဗေးရွာ

နေ့စွဲ ..............................

ဆာဂျွန်,

သူငယ်ချင်းရေ ... ငါတော့ ခုမှ စိတ်အေးရတော့တယ်။ ဒီစာနဲ့အတူ ပူးတွဲပြီး ပေးလိုက်တဲ့ စာချုပ်အတိုင်း ငါ့ပစ္စည်းတွေကို ခွဲဝေပေးလိုက်ပါ။

---

www.burmeseclassic.com

www.burmeseclassic.com

ဘာဘာမေတ္တာ ၈ ၁၂၃

အထူးဂရုစိုက်စေချင်တာကတော့ 'မေရီ' ပါပဲ။ သူက တော သူ အရိုးကလေး၊ မသိနားမလည်ရှာဘူး။ စိတ်ရင်းကောင်းတာပဲ ရှိတယ်။ အစစအရာရာ ငါ့သမီးအရင်းလို သူ့ကို စောင့်ရှောက်လိုက်ပါ။ မစ္စတာ ရစ်ဖီရှိကိုလည်း ဝတ်ရုံဖြစ်အောင် မင်းကြည့်ပြီးစီမံပါ။ သူ့ကို မေရီနဲ့ လက်ထပ်ပေးလိုက်ပါ။

စိတ်ချပါရစေ ....

သွားပြီ သူငယ်ချင်းရေ ...

ဒေဗစ်ဟာမ်ဆလီ

သူဌေးကြီးသည် အထက်ပါစာကို ရေးပြီးလျှင် ယူခဲ့သော စာချပ်နှင့် အတူပူးတွဲ၍ စာရွက်များကို သေသပ်စွာ ခေါက်လေ၏။ ထို့နောက် ဆီစိမ်စက္ကူဖြင့် ၂ ထပ် ၃ ထပ် ကျစ်လျစ်စွာ ရစ်ပတ်ပြီးလျှင် အသင့်ပါခဲ့သော သံဖြူဘူး ကလေးတစ်လုံးတွင် ထည့်ပြီးနောက် ဘူးကလေးပေါ်တွင် အောက်ပါအတိုင်း ရေးသားလေသည်။

ဆာဂျွန်ဗင်တစ်စ်

တရားဥာနေ ရှေ့နေချုပ်ကြီး

၁၅၃၊ ဒေါင်းနင်းလမ်း၊

လန်ဒန်။

သူဌေးကြီးသည် သံဖြူဘူးကို သေချာစွာ ချိပ်တံဆိပ်နှိပ်လေ၏။ ထိုအချိန်မှာ သန်းခေါင်ကျော် ၁ ချက်ထိုးခါနီးဖြစ်၏။ ထို့နောက် သူဌေးကြီးသည် မေရီ၏ အခန်းသို့သွားပြီးလျှင် အခန်းတံခါးကို ခေါက်၍ မေရီအား နှိုးလေရာ၊ မေရီလည်း အိပ်ရာမှ ကပျာကသီ ထပြီးလျှင် အဘိုးကြီး အခန်းသို့ လိုက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီး ။ ။ "သမီးရေ… ညကြီးသန်းခေါင် အိပ်ရာက နိုးတယ် လို့ စိတ်မရှိနဲ့ကွယ်နော်။ အဖေကြီး စိတ်ကူးရတဲ့ ကိစ္စကလေးကို သတိ ကောင်းကောင်းရနေတဲ့အခါ ဆောင်ရွက်ရတယ်ကွယ့်။ တခြားကိစ္စတော့ မဟုတ်ဘူး။ အဖေကြီးတို့အရွယ်ဟာ နေ့သေမလား။ ညသေမလား မသိရ ဘူး။ ဒီတော့ မသေခင် အရေးကြီးတဲ့ ကိစ္စကို လုပ်ခဲ့ရတယ် သမီးရဲ့။ သမီးအတွက်တော့ တာဝန်လေးလှမယ် မထင်ပါဘူး။ ရော့ … ရော့ – ဒီဘူးကလေး ကောင်းကောင်း သိမ်းထား၊ ဘယ်သူ့မှ မပြနဲ့၊ ကုန်ကုန် ပြောလိုက်မယ်။ မင်းနဲ့ လက်ထပ်မယ့် ရစ်ဖီရီတောင် မပြနဲ့။ သူလူဆိုး တော့ မဟုတ်ဘူးဆိုတာ အဖေကြီး သိပါတယ်။ နို့ပေမဲ့ အဖေကြီးစကား ကို တသွေမတိမ်းလိုက်နာစေချင်လို့ ပြောနေတာ ဟုတ်လား။ အဖေကြီး တကယ်လို့ သေသွားရင်လည်း အဲဒီလိပ်စာမှာပါတဲ့အတိုင်း ဆာဂျွန်ထံ မေရီကိုယ်တိုင်သွားပေးပါ။ သူများလက်ထဲကို ဘယ်နည်းနဲ့မှ မထည့်လေ နဲ့။ ဆာဂျွန်ရဲ့ စာရေးကြီးတွေ၊ ဝတ်လုံတွေ ရှိပေမဲ့လို့ သူတို့ကို မပေးနဲ့၊ လိပ်စာထဲမှာပါတဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ပါရစေလို့ပြော၊ ကြားလား။ ဘာမှ မကြောက်နဲ့။ သွားခဲ့ရင် ဘရစ္စတိုက မီးရထား လန်ဒန်ရောက်တဲ့အခါ မြင်းရထားကို ဆာဂျွန် တရားရှာနချုပ် ရှေ့နေတော်ကြီး ဒေါင်းနင်းလမ်း လို့ ပြောပြီးသာ အမောင်းခိုင်း၊ သံဖြူဘူးကိုတော့ ဘယ်သူ့မှမပြနဲ့ ဘယ် နည်းနဲ့မှ ဘယ်သူ့ကိုမှ မပြလေနဲ့နော်။ ဆာဂျွန်ရဲ့ လိပ်စာကို စက္ကူတစ် ရွက်သပ်သပ်ရေးပြီး အဆင်သင့်ဆောင်ထား၊ ဆာဂျွန်ဟာ အဖေကြီးနဲ့ ငယ်သူငယ်ချင်းကွယ့်၊ မကြောက်ပါနဲ့။ အဖေကြီးရဲ့စာကို ခမျာ မေ့ကြည့် မျှော်နေရှာရှာမယ်"

မေရီက အံ့အားသင့်လျက် –

"ဟင် … အဖေကြီးမှ မသေသေးဘဲနဲ့ ဘာဖြစ်လို့ ဒီလောက် သေသေချာချာ မှာနေရသလဲ။ ပေးဆိုပေးမှာပေါ့။ မေရီ မကြောက်တတ်

www.burmeseclassic.com



ပါဘူး။ အဖေကြီးရဲ့ကိစ္စဆိုရင် ဘယ်လိုပဲခိုင်းခိုင်း မေရီသွားမှာပေါ့။ ဘာမဆို အသင့်ဆောင်ရွက်မယ့် သမီးပါ"

ကြီး ။ ။ "အေး ... အေး ... ကောင်းပါလေ့ကွယ်။ ဒါထက် ရော့ ... ရော့ အဖေကြီး စုဆောင်းထားတဲ့ကလေး ငါ့သမီး လိုလိုမယ်မယ် သုံးရအောင်ပေါ့"

သူဌေးကြီးသည် မေရီအား ရွှေဒင်္ဂါး ၁၇ ပြားကို ထုတ်၍ ပေးလေသည်။

ရီ ။ ။ "ကျွန်မ သိမ်းထားပါ့မယ်။ အဖေကြီး အသုံးလိုရင်လည်း ပြောပေါ့။ ကျွန်မမှာ အသင့်အတင့် ရှိပါသေးတယ်"

ကြီး ။ ။ "အေး ... အေး ... အဖေကြီး မလိုပါဘူးကွယ်။ ကဲ ... ကဲ ... သမီး သွားအိပ်ပေတော့။ အဖေကြီးလည်း အိပ်တော့မယ်"

မေရီသည် ရွှေဒင်္ဂါးများနှင့် သံဖြူဘူးကို ယူ၍ သူ၏အခန်းသို့ ပြန်ခဲ့ပြီးလျှင် အိပ်လေ၏။

*

နံနက်လင်းသောအခါ မေရီသည် ကော်ဖီဖျော်ပြီးနောက် အဘိုးကြီး အိပ်ခန်းသို့ ယူလာခဲ့၏။ ထိုအခါ အဘိုးကြီးမှာ အိပ်ရာမှ မထသေးသဖြင့် အိပ်ပျော်နေသည်ဟုပင် ထင်မိ၏။ သို့နှင့် ကော်ဖီခွက်ကို စားပွဲပေါ်၌ တင်ပြီးလျှင် အဘိုးကြီး အနီးသို့ ကပ်၍ကြည့်သောအခါ စိတ်ထဲတွင် အတန်ငယ် သံသယ မကင်းရှိသည်နှင့် ကိုယ်ကို လှုပ်၍ နှိုးသောအခါမှ အဘိုးကြီးမှာ အသက်မရှိတော့ကြောင်း သိရလေတော့၏။

မေရီသည် ရှိက်ကြီးတငင် ငိုကြွေးပြီးနောက်၊ ငိုကြွေးရင်း ဆွေတာ ရစ်ဇ်ဗီရို တည်းခိုသော အိမ်သို့ပြေး၍ အကျိုးအကြောင်း ပြောရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မေရီနှင့် မစ္စတာ ရစ်ဇီရိုတို့သည် အဘိုးကြီး ဒေးဗစ်၏ အသုဘာကိစ္စကို စီမံခန့်ခွဲရလေရာ တစ်ရွာလုံးလိုပင် ကူညီစောင့်ရှောက် ကာ လိုက်ပါပို့ ဆောင်ကြကုန်၏။

ကိစ္စပြီးစီး၍ ရက်သတ္တပတ်ခန့်ကြာသောအခါ မေရီက မစ္စတာ ရစ်ဇီရို အား -

"အဖေကြီးက သူမသေခင် သံဖြူဘူးကလေးတစ်ဘူး ပေးထားခဲ့ တယ်။ အဲဒီဟာကို ကျွန်မကိုယ်တိုင် ကျွန်မလက်နဲ့ ဆာဂျွန်ဆိုတဲ့ ပုဂ္ဂိုလ် ကြီးကို သွားပေးပါမယ်လို့ ကျွန်မက ကတိပြုလိုက်ရတယ်။ ဒီတော့ သူ့ ကိစ္စကို တာရှည်အောင် ထားလို့ မတော်ဘူး ထင်တယ်။ ဒါကြောင့် ကျွန်မ သွားတဲ့အခါ ရှင့်က ကျွန်မအိမ် ခဏပြောင်းပြီး နေစေချင်တယ် မစ္စတာ ရစ်ဇီရို"

ရစ်ဇီရို ။ ။ "ပြောင်းဖို့က ဝန်မလေးပါဘူး။ ဒါထက် ဆာဂျွန် ရာ ဘယ်မှာနေသလဲ"

"လန်ဒန်ရွှေမြို့တော်မှာပေါ့ရှင်"

"ဒီလိုဆို မင်းသွားတတ်ပါ့မလား မေရီ"

"အို ... လိပ်စာအတိုင်းသွားရုံပေါ့ ... မခက်ပါဘူး။ ဟောဒီမယ် ဖတ်ကြည့်လေ။ ထင်ရှားတဲ့ ပုဂ္ဂိုလ်ဆိုတော့ လွယ်ပါတယ်"

"အင်း ... ဒီလိပ်စာက အဖေကြီး ပြောခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ ... ကျွန်မက ဘယ်သိမလဲ။ အဲဒီပုဂ္ဂိုလ်ဟာ သူ့သူငယ်ချင်း ... မကြောက်နဲ့တဲ့။ သူ့ကိုယ်တိုင်တွေ့မှ ပေးရမယ် ဘယ်သူ့မှ မပြနဲ့လို့ မှာသွားရှာတယ်"

"အင်း ... သနားစရာကွယ် ... အဖေကြီး။ သွားပေါ့ ... သွားပေ သေတဲ့ လူက မှာခဲ့တဲ့ ကိစ္စဆိုတာ ဆိုင်းထားလို့ မတော်ဘူး"

နောက်တစ်နေ့၌ မေရီသည် ခရီးထွက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်သို့ရောက်၍ မေရီသည် လိပ်စာတွင်ပါသည့်အတိုင်း သွားရောက်ရာ အခန့်သင့်ပင် ဆာဂျွန်နှင့် တွေ့ရလေသည်။ ဆာဂျွန်သည် မေရီ ပေးအပ်သည့် ဘူးကလေးကို မဖွင့်သေးဘဲ အပြန်ပြန်အလှန်လှန် လှည့်ပတ်ကြည့်ရှုကာ အကဲခတ်လျက် ရှိနေလေသည်။

ဆာဂျွန်။ ။ "သူငယ်မ နာမည်က ဘယ်လို ခေါ်သလဲကွယ့်"

မေရီ ။ ။ "မေရီပါတဲ့ရှင်"

"အင်း ... အင်း၊ နေရပ်က ..."

မေရီက စကားမဆုံးမီ ကြားဖြတ်၍ –

"ကိတ်ဗေးရွာလို့ ခေါ်ပါတယ်ရှင့်။ ဘရစ္စတိုမြို့ကြီးရဲ့ အနောက် ဘက် ပင်လယ်ကမ်းရိုးတန်းပေါ်မှာပါ"

"ဩော် ... အင်း ... အင်း ... ဒီဘူးကလေးကို ဘယ်သူ့ဆီက ရခဲ့သလဲ"

ဩော် ... ကျွန်မအိမ်မှာ လာနေတဲ့ အဖေကြီး ဒေးဗစ်ဆီကပါ ရှင်။ ဆွေမျိုးတော့ မတော်စပ်ပါဘူး။ ဒါပေမဲ့ အကြောင်းဆုံပြီး တွေ့ရကာ လည်းက ကျွန်မ အဖေအရင်းဟာလည်းပဲ မိုးကြီးပြီး မကျွန်းမမာဖြစ်ရာ က အအေးမိတဲ့ ရောဂါနဲ့ ဆုံးသွားဖူးတော့ အခုအဖေကြီးဒေးဗစ်ကို ဒီလိုပဲ ရေထဲမှာ ရွှဲရွှဲစို အအေးမိပြီး သတိလစ်ငန်းဖမ်းနေတာ တွေ့ရပါတယ် ရှင်။ ဒီတော့ ကျွန်မလည်း ကိုယ့်အဖေအရင်းဖြစ်တဲ့လူ ဒီလိုဒီပုံဖြစ်နေရာ က ဆုံးသွားတာကို သတိရပြီး အဖေကြီးကို ဆေးဝါးကုသ၊ တတ်အား သ၍ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ အဲဒီလို ကျွန်မမှာ အဖေစားရပြီလို့ ဝမ်းသာနေတုန်း မြန်းဆို အစက သေမယ်လည်း မထင်ပါဘူးရှင်။ ကျန်း ကျန်းမာမာ သန်သန်စွမ်းစွမ်းကြီးပါပဲ။ နောက် တစ်ညတော့ သန်းခေါင် ကျော် အိပ်မောကျနေတဲ့အချိန်လောက်မယ် ကျွန်မအိပ်နေတဲ့ အခန်း ခေါင်း လာခေါက်ခေါ်ပြီး ဒီဘူးကလေးကို အပေါ်မှာပါလာတဲ့ လိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကျွန်မကိုယ်တိုင် ကိုယ်ထိလက်ရောက် သွားပေးရမယ်လို့ မှာခဲ့ပါတယ်ရှင်။ ကျွန်မ အခန်းက ပြန်ခါနီး မေရီ လိုလိုမယ်မယ် သုံးချင်သုံးဖို့ အဖေကြီး စုဆောင်းထားသမျှကလေး ယူထားဆိုပြီး ရွှေဒင်္ဂါး ၁၇ ပြားတောင် ကျွန်မကို ပေးခဲ့ပါသေးတယ်။ ဒါနဲ့ နောက်တစ်နေ့မနက် သူအိပ်ရာနိုးချိန် ကျွန်မက ကော်ဖီသွားပို့တော့ ပထမ ကျွန်မက အိပ်ပျော်နေတယ်ပဲ ထင်မိတယ်။ ဒါနဲ့ နောက်ခဏကြာလို့ မနိုးသေးတော့ စိတ်ထဲမှာ နည်းနည်းရန့်မကောင်းသလို ဖြစ်လာပြီး ကိုယ်ကို လှုပ်နှိုးကြည့်တော့မှ အသက်မရှိတော့တာ တွေ့ရတာပါပဲရှင်။ ကျွန်မမှာတော့ အဖေ အရင်း မရှိလို့ အဖေစားရလာတဲ့အခါကျမှ အခုလို ပက်ခနဲ ဖြစ်သွားရတာ ဝမ်းနည်းလို့ မဆုံးပါဘူး"

မေရီသည် သူဌေးကြီး ပထမအိမ်သို့ ရောက်လာစဉ်က ဝတ်သော ဝတ်စုံပါသည့် အထုပ်ကို ဆာဂျွန်အား ပေးအပ်လေသည်။

မေရီ ။ ။ "ဟောဒီ အဝတ်ဟာ အဖေကြီး ကျွန်မ အိမ်ရောက်တဲ့နေ့က သူဝတ်လာတဲ့ ဝတ်စုံပါပဲရှင်။ ကျွန်မအိမ် သူ ရောက်လာတော့ ကျွန်မ ဖေဖေရဲ့ အဝတ်တွေကို ကျွန်မက ဆင်ထားပါတယ်။ အဲဒီ အထုပ်ထဲမယ် သူအမြဲတမ်း ဆောင်ထားတဲ့စာအုပ်ကလေးလည်း ပါပါတယ်။ ကျွန်မတော့ တစ်ခါမှ ဖွင့်မကြည့်မိပါဘူး"

ဆာဂျွန်။ ။ "အေးကွယ် ... ဒါဖြင့် အဝတ်ထုပ် အရင်ကြည့်ကြဦးစို့"

သို့ပြောဆိုပြီးနောက် အဝတ်ထုပ်ကို ဖြည်၍ ကြည့်ရာ စာအုပ် ၂ အုပ်ကို တွေ့ရ၏။ တစ်အုပ်မှာ သမ္မာကျမ်းစာအုပ်ကလေးဖြစ်၍ အခြားတစ်အုပ်မှာ သူဌေးကြီး၏ 'ချက်' စာအုပ် ဖြစ်နေသည်ကို တွေ့ရတော့၏။ 'ချက်' စာအုပ်ကို လှန်လှော်ကြည့်ရှုသည်တွင် လွန်ခဲ့သော ရက်အတွ


www.burmeseclassic.com

www.burmeseclassic.com



၂ ပတ်ခန့်က သုံးစွဲခဲ့သော နောက်ဆုံး ချက်လက်မှတ် လက်ခံဖြတ်ပိုင်းတွင် ရွှေဒင်္ဂါး ၈၀ ထုတ်ယူကြောင်း တွေ့ရှိရလေသည်။

ဆာဂျွန်သည် ချက်လက်မှတ် စာအုပ်ကို အသေအချာ ကြည့်ရှုစစ်ဆေးလျက် ရှိလေ၏။

"ဒီမယ်ကွယ်။ ဒီစာအုပ်ကလေးကို မင်းဖွင့်ပြီး မကြည့်မိဘူးလား"

မမရီ ။ ။ "သေသေချာတော့ မကြည့်မိပါဘူးရှင် ... ကျွန်မအိမ်ကို အဖေကြီး ရောက်လာစက တစ်ကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုနေတော့ ဒီစာအုပ်ကလေး နှစ်အုပ်လည်း စိုနေတာပေါ့ရှင်။ ဒီတော့ ကျွန်မက ရေတွေ ခြောက်သွားအောင် စက္ကူလည်း မစုတ်ရအောင် စာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် လှန်လှောပြီး သွေ့ဖို့ မနည်းလုပ်ယူရတယ်ရှင့်။ ဒါပေမဲ့ အသားတွေ ဘာတွေတော့ ဖတ်မကြည့်မိပါဘူး။ သမ္မာကျမ်းစာအုပ်ကိုတော့ မှတ်မိပါတယ်။ ဘုန်းတော်ကြီးတွေ အသုံးပြုတဲ့ စာအုပ်ကိုရှင့်"

"ဒီမယ် ... ဟောဟော လက်ခံအတိုကလေးပဲ ရှိတော့တယ်။ သူနဲ့ ဆက်လျက် ရှေ့ပိုင်းဟာတော့ မရှိတော့ဘူးကွယ့်"

"ရေတွေစိုလို့ ခြောက်အောင်လုပ်တုန်းကရော့ ဒီလိုတစ်ပိုင်းပြတ်နေတာ မတွေ့ခဲ့ရပါကလားရှင်"

"ဒါဖြင့် ဒေးဗစ် ဆုံးပြီးတဲ့အခါကျတော့ မင်းဒီစာအုပ်ကို ဖွင့်ကြည့်မိဘူးပေါ့"

"ဟင့်အင်း ... မကြည့်မိပါဘူး။ နေပါဦး ပျောက်သွားတဲ့ ဖြတ်ပိုင်းဟာက တန်ဖိုးများရှိပါသလားရှင်"

"ပျောက်သွားတဲ့ ဖြတ်ပိုင်းဆိုတာကတော့ မစ္စတာ ဒေးဗစ်သုံးပြုတာနဲ့တူပါတယ်။ ပျောက်သွားတယ်လို့တော့ မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေပြီးတဲ့ အခါလည်း ဒီစာအုပ်ကို ဖွင့်မကြည့်မိပါဘူး ရှင်။ အရင့် အရင်ကလည်း မကြည့်မိပါဘူး"

"ဒါဟာ 'ချက်' စာအုပ်လို့ ခေါ်တယ်ကွယ့်။ ဒီချက်လက်မှတ် စာရွက် တွေနဲ့ ဘဏ်တိုက်မှာ ငွေထုတ်ယူနိုင်တယ်"

"ကိုယ့်ငွေတွေ မဟုတ်ဘဲနဲ့ ဥပမာ ကျွန်မတို့ကကော ဒီစာရွက် နဲ့ ထုတ်ယူနိုင်ပါသလား"

"ထုတ်ယူတဲ့ နည်းနိသျှကို သေသေချာချာသိရင် ကိုယ့်ငွေ မဟုတ်ပေမဲ့ ကိုယ့်ငွေလို ထုတ်ယူနိုင်ပါတယ်"

"ဩော် ... ဟုတ်လား။ အဲဒီနည်းနိသျှဆိုတာက ဘယ်မှာ သွား ပြီး သင်ရသလဲရှင့်။ ဒါပေမဲ့ ကျွန်မတို့ကတော့ သူများပစ္စည်းကို ကိုယ် ဟာ မဟုတ်ဘဲနဲ့ မယူရက်ပါဘူးရှင်"

ဆာဂျွန်က ပြုံးလျက် –

"ဒီနည်းနိသျှတွေ သိထားတဲ့လူကတော့ သူငယ်မတို့ကို သင် ပေးမှာ မဟုတ်ဘူးကွယ့်။ ကဲ ... ကဲ ... ဒီချက်စာအုပ်အကြောင်းတော့ ထားပါတော့။ဒီဘူးကလေးကို ဖွင့်ကြည့်ကြရအောင်"

• ဆာဂျွန်သည် ဘူးကလေးကို ဘယ်ပြန်ညာပြန် ကြည့်ရှုလျက် ရှိ၏။ ကမ္ဘည်းလိပ်စာနှင့် လက်ရေးကိုပါ သေချာစေ့စပ်စွာ ကြည့်ရှု၏။ ထို့နောက် သံသယကင်းရှင်းသွားသောအခါမှ ဘူးကလေးကို ဖွင့်လေ သည်။ စာအိတ်နှင့် ထည့်ထားသော စာရွက် ၂ ရွက်အခေါက်လိုက် တွေ့ လာရာ တစ်ရွက်မှာ အကြောင်းကြားစာဖြစ်တော့၏။ ယင်းသေတမ်းစာ ဘရစ္စတိုမြို့ရှိ ရှေ့နေတစ်ဦးက ဥပဒေစည်းမျဉ်းအရ ရေးဆွဲထားကြောင်း ကိုလည်း တွေ့ရ၏။ အကြောင်းကြားစာကို ဖတ်ကြည့်ရာ အကျဉ်းအား ဖြင့် အောက်ပါတိုင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာဘာမေတ္တာ ဂ. ၁၃၁

သို့

ချစ်မိတ်ဆွေ ဆာဂျွန် –

ဤစာကို မိတ်ဆွေကြီး တွေ့မြင်ဖတ်ရှုရသောအချိန်၌ ကျွန်ုပ်မှာ ချမ်းမြေ့ကျေနပ်လှသော စိတ်ဖြင့် ကောင်းကင်ဘုံသို့ သွားရောက်နေပါသည်။ ကျွန်ုပ်၏ ပစ္စည်းများကို လက်ခံရယူကြမည့်သူများမှာ သေတမ်းစာတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။

သူတို့သည် ပိုက်ဆံငွေကြေး မျက်နှာကိုမထောက်၊ ဂုဏ်ကြီးသူတို့၏ဂုဏ်ပကာသနများကိုလည်း မငဲ့ကွက်၊ သူတို့၏မူလ ပင်ကိုယ်စိတ်ထားဖြင့် ဒုက္ခရောက်သူများအား တတ်အားသရွေ့ ကူညီစောင့်ရှောက်တတ်သည့် မွန်မြတ်သောစိတ်ထား စိတ်စေတနာ သဒ္ဓါတရားရှိကြသူများ ဖြစ်ပါသည်။

ကျွန်ုပ်နှင့် အရင်းနှီးဆုံး(မွေးစားသမီး) နှစ်ယောက်မှာ လူစီနှင့် မေရီတို့ဖြစ်၍ ဤစာတွင် အထူးရေးသားဖော်ပြထားပါသည်။

သေတမ်းစာ၌မူ ပစ္စည်းတန်ဖိုးကို မဖော်ပြဘဲ သာမန်မျှသာ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

လူစီအတွက်မှာ လန်ဒန်မြို့တော်၌ ရှိသော အဆောက်အဦအားလုံး၊ တောင်အမေရိကတိုက် သင်္ဘောဆိပ်မြို့ကြီးများနှင့် အမြဲတမ်း ဆက်သွယ်ကူးသန်းနေသော ပင်လယ်ကူးသင်္ဘောကြီး ၁၂ စင်း၊ ၎င်းသင်္ဘောများနှင့် ပတ်သက်သော စီမံခန့်ခွဲရန်ဌာနများ၊ ကုန်လှောင်တိုက်များ၊ သင်္ဘောကျင်းများ အားလုံးကို ပေးရန်။

မေရီအတွက်မှာ

(မေရီသည် မစ္စတာရစ်ဒီရှီနှင့် လက်ထပ်သောအခါမှ) ကျန်ရှိသော ပင်လယ်ကူးသင်္ဘောငယ် ၃၂ စင်း၊ လန်ဒန်မြို့နှင့် ဥရောပ အရပ်ရပ် ဆိပ်ကမ်းမြို့ကြီးများတွင် ရှိခဲ့သော ကျွန်ုပ်ပိုင် စီမံခန့်ခွဲရာ

www.burmeseclassic.com



ဌာနများ၊ ထုန်လျှောင်တိုက်များ၊ သင်္ဘောကျင်းများ အစရှိသည်တို့ကို လေ့အခြစ်ရန်၊ ထင်းတို့အပြင် သေတမ်းစာတွင် ရေးထားသော ကျွန်ုပ် ပိုင်အစုရှယ်ယာ ပစ္စည်း ၅/၁၀ ပုံကို ပေးရန်။

ထိုသမီးနှစ်ယောက်ကို မိတ်ဆွေကြီးက ကျွန်ုပ်အား စောင့် ရှောက်ခဲ့သည့်အတိုင်း ဆက်လက်စောင့်ရှောက်သွားရန် များစွာတိုက် တွန်းတောင်းပန်အပ်ပါသည်။

ဒေဗစ်ဟမ်ဆလီ

၁၃.၁၀.၁၉၀၇ ခု

ဆာဂျွန်သည် စာရွက် နှစ်ရွက်စလုံးကို ဖတ်ပြီးသောအခါ ဤမျှ လောက် ကြီးကျယ်များပြားလှစွာသောပစ္စည်းဥစ္စာများကို အမွေရကြောင်း ဤဆင်းရဲသော ကျေးတောသူမကလေး မေရီအား ရုတ်တရက် ဖွင့် ပြောလိုက်ခဲ့သော် သင့်လျော်မည်မထင်၊ စိတ်အလွန်အမင်း လှုပ်ရှားမှု ကြောင့် ရူးသွပ်၍ပင် သွားတတ်သည်။ တဖြည်းဖြည်း တစ်စတစ်စ သိ စေရသော်မှ ကောင်းမည်ဟု သဘောပေါက်မိ၏။

ဆာဂျွန်။ ။ "ဒီမယ် သူငယ်မ ... မစ္စတာဒေးဗစ်ရဲ့ ပစ္စည်းတချို့ ဟာ အန်ကယ့်ဆီမှာ ရှိတယ်ကွယ့်။ အဲဒီပစ္စည်းတွေကို မေရီကို ပေးဖို့ ဒီစာတွေထဲမှာ ရေးထားတယ်"

မေရီ ။ ။ "အမယ်လေးရှင် ကြံကြံဖန်ဖန်။ ဒီအဖေကြီး ဒေး ဗစ်ဟာ သူ့ မသေခင် ညသန်းခေါင်သန်းလွဲမှာ ဒီဘူးကလေး ဆာဂျွန် လက်ထဲသွားပေးရမယ်လို့ ကျွန်မက ကောင်းပါပြီလို့ ကတိပေးလိုက် တယ် အန်ကယ်ရဲ့။ လက်စသတ်တော့ ဒီပစ္စည်းကလေးတွေကြောင့်ပဲ။ သူ့မယ် တခြားအမွေစား အမွေခံကော မရှိဘူးလား။ ရှိရင်လည်း သူတို့ ကိုပဲ ပေးလိုက်ပါ အန်ကယ်ရယ်။ ကျွန်မကတော့ ကိုယ့်ဝမ်းကိုယ် ကျောင်းနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆာဂျွန်။ ။ ဒီမယ် အန်ကယ် ပြောမယ်။ သေသွားတဲ့ သူရဲ့ ဆန္ဒကို ပြည့်ဝအောင်ဆောင်ရွက်ဖို့ ကျန်ရစ်ခဲ့တဲ့လူတွေမှာ ဝတ္တရား ရှိတယ်ကွယ့်။ ဒီတော့ သူမှာခဲ့တဲ့အတိုင်း အပေးအယူလုပ်ကြမှ တော်မယ်။ သူ့မှာ တခြား မွေးစားသမီးတစ်ယောက်တော့ရှိရဲ့။ သူ့ကိုလည်း ပစ္စည်း တချို့ ပေးရဦးမှာပဲ"

"တစ်ခုရှိသေးတယ်ကွယ့် ... မေရီတို့ အနီးအနားမယ် မစ္စတာ ရစ်ဇီရိုဆိုတဲ့ လူတစ်ယောက်ရှိသလား"

"ဒီအဖေကြီး ဒေးဗစ်ဟာ ဘာတွေများ လျှောက်ပြီး ရေးထားပါ လိမ့်။ ခုတော့ ပြောရတော့မှာပေါ့ရှင်။ အဲဒီ မစ္စတာရစ်ဇီရိုဆိုတာ တခြား သူ မဟုတ်ဘူး။ ကျွန်မနဲ့ စေ့စပ်ထားတဲ့လူ အန်ကယ်ရဲ့ ... ရှိပါတယ် ရှိပါတယ်"

"ဒါဖြင့် သူ့ကို အန်ကယ်ဆီခေါ်ခဲ့ပေတော့။ သူနဲ့ မေရီနဲ့ နှစ်ယောက်စလုံး လက်ထပ်ပေးပြီးမှ ပစ္စည်းတွေကို အပ်ပြီး အန်ကယ်ကပြန်ဆောင့်ရှောက်သွားရဦးမယ်"

"ဟင် ... သူ့ကို ဒီလိုပြောပြီးခေါ်လို့ရမှာ မဟုတ်ဘူးရှင့်။ သူက လူတစ်မျိုးပဲ။ ရွှေ့နေစာမေးပွဲအောင်ပြီးမှ ကျွန်မနဲ့ လက်ထပ်မယ်လို့ စိတ်နှလုံး ဒုန်းဒုန်းချထားတဲ့လူ"

"ဒီမယ် အန်ကယ် ပြောမယ်။ သေသေချာချာ နားထောင်။ အန်ကယ်ဟာ အင်္ဂလန်နိုင်ငံမှာ ရွှေ့နေချုပ်ကြီးကွယ့် ... ရွှေ့နေစာမေးပွဲကို အန်ကယ် သဘောအတိုင်း လုပ်နိုင်တယ်။ စစ်ချင်ရင် တစ်ယောက်တည်းတောင် ခေါ်ပြီး စစ်နိုင်တယ်။ အဲဒီလို စစ်ပြီး အန်ကယ်က ကျေနပ်ရင် လွတ်တော်ရှေ့နေတို့ ဒေါက်တာဘွဲ့တို့တောင် ပေးနိုင်တယ်။ မင်းတို့ ခရိုင်နယ်တွေမှာတော့ ဒီစာမေးပွဲမျိုး တစ်နှစ်မှတစ်ခါ စစ်တယ်မဟုတ်လား။ ကိုင်း ... ဒီတော့ သူ့ကို ရအောင်သာ ခေါ်ခဲ့၊ ချက်ချင်း အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



က စစ်ပြီး သင့်တော်ရင် လွှတ်တော်ရှေ့နေ၊ ဒါမှ မဟုတ်ရင်လည်း မြို့နယ်ရုံးတွေမှာ လုပ်နိုင်ဖို့အတွက် ပထမတန်းရှေ့နေခန့်ပေးနိုင်တယ်"

"ချက်ချင်း စာမေးပွဲဝင်ရမယ်ဆိုရင်တော့ လိုက်ချင်လိုက်မယ် ထင်တယ်။ ဒါထက် အန်ကယ်က စောင့်ရှောက်ပေးရအောင် ပစ္စည်းက ဘယ်လောက်များလို့လဲ အန်ကယ်"

"အေး ... အေး ... အတော်တော့ များတာပေါ့ကွယ်။ ကဲလေ ... မစ္စတာ ရစ်ဇီရိုကိုသာ ပါအောင်ခေါ်ခဲ့"

"ကောင်းပါပြီ အန်ကယ်"

"ကိုင်း ... ဒါဖြင့် ည ၈ နာရီရထားနဲ့ ဘာရစ္စတိုကို ပြန်ပေတော့။ မနက်လင်းရင် ရောက်သွားလိမ့်မယ်"

"ဟုတ်ကဲ့"

☺

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

BURMESE CLASSIC

နောက်တစ်နေ့ နေဝင်ရီတရောအချိန်တွင် မေရီသည် ကူးတို့သင်္ဘောကလေးဖြင့် ကိုတ်ဖေးရွာသို့ ရောက်လေ၏။ အိမ်သို့ရောက်သောအခါ မစ္စတာရစ်ဇီရှိအား အခန့်သင့်ပင် တွေ့ရလေသည်။

မစ္စတာ ရစ်ဇီရှိက ဝမ်းသာအယ်လဲ ဆီးကြိုနှုတ်ဆက်ပြီးနောက်

"ဘယ်နှယ့်လဲ မေရီ။ ရှေ့နေချုပ်ကြီးနဲ့ တွေ့ခဲ့ရသလား"

"တွေ့ခဲ့ပါတယ်။ ဟို ... ဘူးကလေးဟာ တခြား ဘာမှ မဟုတ်ဘူး။ သေတမ်းစာရှင့်"

"ဩော် ... ဟုတ်လား ... ဘာတွေများ ရေးထားသလဲ"

"အဖေကြီး ဒေးဗစ်မှာ မွေးစားသမီးတစ်ယောက် ရှိသေးတယ်ဆိုပဲ။ အဲဒီမွေးစားသမီးနဲ့ ကျွန်မတို့ကို ပစ္စည်းတွေ ဝေခြမ်းပေးဖို့ ရေးထားတယ်။ ကျွန်မတို့ ရဖို့က များတယ်ဆိုပဲ"

"သူ့ပစ္စည်းက ဘယ်လောက်များရှိလို့လဲကွယ်။ နို့ ... ရခဲ့ပြီလား"

"ဟင့်အင်း ... အဖေကြီး ဒေးဗစ်ရဲ့ စာထဲမှာပါတဲ့အတိုင်း မေရီနဲ့ မစ္စတာ ရစ်ဇီရှိလက်ထပ်ပြီးမှ ဒီပစ္စည်းတွေကို ပေးအပ်ရမယ်လို့ ပါတယ်ဆိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေရီ အသိသားပဲကွယ်။ စာမေးပွဲအောင်မှ လက်ထပ်မယ်လို့ ကတိပြုထားကြတာပဲ။ တခြားမွေးစားသမီးဆိုတာ ကေနွှဲလုပ်စီဖြစ်မှာပါပဲ။ ဒီဒေးဗစ်ရဲ့ သမီးတွေကြောင့် ကျုပ်တော့ စာမေးပွဲဝင်ရမှာ မဟုတ်ပါဘူး ... ဒုက္ခ ... ဒုက္ခ"

"ရှင်က ရှေ့လောတကြီးနဲ့ မပြောပါနဲ့ဦး။ ကျွန်မက ဆာဗျွန်ကို ရှင့်အကြောင်း ပြောပြပါမယ်။ စာမေးပွဲအောင်မှ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတဲ့အကြောင်းပေါ့။ ဒါကြောင့် ခွေါ်လို့ရမယ် မဟုတ်ဘူးလို့ ပြောပါတယ်"

"နို့ ... သူက ဘာပြောသလဲ"

BURMESE CLASSIC

"သူက ဒီလိုပြောတယ်။ သူဟာ အင်္ဂလန်မှာ အကြီးဆုံး ရှေ့နေချုပ်ကြီးတဲ့။ သူ့မှာ ဥပဒေနဲ့ ပတ်သက်လို့ အခွင့်အာဏာ အများကြီး ရှိတယ်တဲ့။ အချိန်မရွေး ဥပဒေစာမေးပွဲကို လုပ်ပေးနိုင်တယ်။ သူကျေနပ်ရင် လွတ်တော်ရှေ့နေအထိ ဖြစ်အောင်တတ်နိုင်တယ်။ ဒေါက်တာဘွဲ့တောင် ပေးနိုင်တယ်။ အဲဒီလို အခွင့်အရေးတွေ သူ့မှာရှိတယ်။ ဒါကြောင့် မစ္စတာရစ်ဇီရိုကို ခေါ်ခဲ့၊ ချတ်ချင်း စစ်ဆေးပြီး သင့်လျော်ခဲ့ရင် သင့်လျော်သလို ခန့်ပေးမယ်လို့ ပြောလိုက်တယ်"

"စာမေးပွဲမဝင်ဘဲနဲ့ ကျုပ်ရှေ့နေ 'အချောင်' မဖြစ်ချင်ပါဘူး မေရီ။ ကိုယ့်လုံ့လ ဝီရိယ ကိုယ့်ဉာဏ်စွမ်းဉာဏ်စနဲ့မှ ဖြစ်ချင်ပါတယ်။ မလိုက်ဘူး ... မလိုက်ဘူး။ ကျုပ် မလိုက်ဘူး"

မေရီသည် မစ္စတာရစ်ဇီရိုအား တစ်ချက်မျှ မျက်စောင်းထိုး၍ ကြည့်လိုက်ပြီးလျှင် အောက်ထပ်သို့ ဆင်းသွားလေ၏။ မစ္စတာရစ်ဇီကား ခန်းမကြီးထဲတွင် စိတ်လိုက်မာန်ပါ ခေါက်တုန့်ခေါက်ပြန် လျှောက်၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေရီသည် နေအိမ်မှ ထွက်ခဲ့ပြီးနောက် ပင်လယ်ကမ်းနားရှိ ကျောက်အင်္ဂူစွန်းကြီး ရှိရာသို့ သွားလေ၏။ ယင်းကျောက်အင်္ဂူစွန်းကြီး ထိပ်နေရာမှာ မစ္စတာရစ်ဇီရိုနှင့် သစ္စာပန္နက်စိုက်နက်ခဲ့သောနေရာဖြစ်၏။

မေရီသည် ထွေရာလေးပါး ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားပြီးနောက် နောက်ဆုံးတွင် စိတ်သောကဏ်၏ဒဏ်ကို မခံနိုင်ရာတော့ သဖြင့် ဤကြောက်မက်ဖွယ်ကောင်းသော ကိစ္စကြီးကို ပြုတော့အံ့ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

"ဩော် ... မေရီ ... မေရီ၊ ငါဟာ အချစ်ရေးကိစ္စမှာ ဘယ်တော့ တမှ အဆင်မပြေခဲ့ပါကလား။ ဒက်ဒီ ရှိတုန်းကလည်း မစ္စတာဘော စတ်(စ်) နဲ့ စေ့စပ်ပြီး လက်ထပ်ရက်ချိန်းနီးခါမှ ခများ ရုတ်တရက် ဆုံးသွားရှာတယ်။ အခုလည်း ကြည့်ပါလား။ မစ္စတာရစ်ဇီရိုနဲ့ ယောက် သဘောတူ ကြည်ကြည်ဖြူဖြူ စေ့စပ်ပြန်တော့ ဒီလူကလူလိမ် မျိုး၊ သူ့စာ မေးပွဲလောက်ပဲ သူ ဂရုစိုက်တယ်။ ဒီကလူကို နည်းနည်း တလေးမှ ဂရုမစိုက်ဘူး။ မေရီ သဘောကို မလိုက်လျောဘူး။ အမယ်လေး ရှေ့နေစာမေးပွဲများ အောင်လာရင် ဒီထက်ကဲဦးမယ်။ ဒီတော့ ကိုယ့်ကို ဂရုမစိုက်တဲ့လူ၊ မခင်မင်တဲ့လူနဲ့ နေရရင် ဒီလောကမှာ တာအရသာရှိဦး မှာလဲ။ သေတာက တော်ဦးမယ်။ အဖဘုရားသခင် သမီးတော်ကို စောင့် ရှောက်မူပါ။ ဘုရား ... ဘုရား"

ထိုအချိန်အတွင်း၌ မစ္စတာရစ်ဇီရိုသည် မေရီ အနီးရှိ ကျောက် တုံးကြီးအကွယ်သို့ ရောက်လာပြီးလျှင် မေရီ၏ အမူအရာကိုမြင်သည်နှင့် ကိုယ်ရှိန်သတ်ကာ မေရီ၏အကဲကိုခတ်၍ နေလေသည်။

မေရီ ။ ။ "အို ... အဖဘုရားသခင် သမီးတော်၏ ဝိညာဉ်ကို ကောင်းမွန်စွာ လက်ခံပါတော့။ သမီးတော်၏ အပြစ်များကို ခွင့်လွှတ် တော်မူပါလော့ ... အာမင်"

www.burmeseclassic.com

www.burmeseclassic.com



မေရီသည် ဒူးထောက်လျက် ရှိရာမှထ၍ ကျောက်စွန်းကမ်းပါး ပြတ်ကြီးရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားလျက်ရှိလေရာ၊ မစ္စတာရစ်ဇ်ရီသည် တစ်ဟုန်ထိုး ပြေး၍ မေရီအား ပွေ့ဖက်လိုက်လေသည်။ မေရီကား ရှန်းကန်လျက်ပင်ရှိနေသေး၏။

ရီ ။ ။ "အမယ် ... အမယ် ... ဘယ်လိုလုပ်တာလဲ မေရီ။ မင်း ဘယ်လိုလုပ်တာလဲ ဟင်"

ရီ ။ ။ "ဖယ်ပါ ... ခုမှလာပြီး ချော့မနေပါနဲ့။ အခုလို နေရလို့ လူဖြစ်ကျိုးနပ်ဦးမှာလား"

"အို ... မေရီကလည်းကွယ်၊ ကျုပ်တောင်းပန်ပါတယ်။ ဝန်ချပါ့ မယ် ... မေရီသဘောအတိုင်း လိုက်နာပါ့မယ်။ ဘယ်တော့မှ မငြင်း ပြကြပါဘူး"

မေရီက အတန်ငယ် ပြုံးလာလျက် –

"တကယ်လား မောင်"

"အို ... တကယ်ပါ အချစ်ရဲ့"

"ဒါဖြင့် ဖခမည်းတော်ဆီမှာ သစ္စာဆိုပါ။ လူကိုလည်း လွှတ်ပါ ဦး တကတည်း"

"မလွှတ်ဘူး ... မလွှတ်ဘူး။ သစ္စာဆိုပါ့မယ်။ ဟောဒီလို မေရီကို ပွေ့ထားပြီး သစ္စာဆိုမယ်နော်။ အို ... အဖဘုရားသခင် သားတော်သည် ဤသို့ သစ္စာဆိုပါ၏။ နာယူတော်မူပါလော့ ... သားတော်သည် ဘယ်သောအခါမှ အချစ်ဆုံးမေရီ၏ဆန္ဒကို မပယ်ဖျက်တော့ပါ။ မေရီ၏ အချစ် အလိုရှိရာ လိုက်နာပါတော့မည် အဖဘုရားသခင် အာမင်း ..."

"အာမင်း"

ဒဂုန်ရွှေမျှား

www.burmeseclassic.com